မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃) အမှတ် (၆၁)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၀၃ ရက်

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ စနေနေ့။

မိဘပြည်သူများသို့ ရေဒီယိုအစီအစဉ်များမှတစ်ဆင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ခွန်းပြောကြားမည်

နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့်သဇင်အသံလွှင့်ဌာနတို့မှ ဒီဇင်ဘာ ၁ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် နံနက် ၇ နာရီ၊ နံနက် ၁၀ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင်လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်း တက္ကသိုလ်နှစ်ခုမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ များ ချီးမြှင့် တိုင်းပြည်တည်ဆောက်ရာတွင် ခွန်အားတစ်ရပ်အဖြစ် ခံယူဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၂၉

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံ Mae Fah Luang တက္ကသိုလ်မှ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Honorary Doctoral Degree of Philosophy in Public Administration) နှင့် Naresuan တက္ကသိုလ်မှ ပြည်သူ့ရေးရာနိုင်ငံရေးသိပ္ပံဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Honorary Doctorate in Political Science) ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့အပ်နှင်းမည့် တက္ကသိုလ်နှစ်ခုတို့မှ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌများ၊ အဓိပတိများ၊ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ဧည့်သည်တော်များ၊ မြန်မာနိုင်ငံရှိတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောတက္ကသိုလ်နှင့်မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပါမောက္ခများ၊ ကျောင်းသားကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Mae Fah Luang တက္ကသိုလ်အဓိပတိ ဒေါက်တာ ဗန်ချိုင်စိရိချန်နက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဆမ်ပေါင်ချိုစီက ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီးနှင့် Mae Fah Luang တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ အဓိပတိနှင့်အဖွဲ့တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ Naresuan တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ Naresuan တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ပါမောက္ခ ကရစေချန်နဝန်စေက ဂုဏ်ပြုအမှာစကားပြောကြားပြီး နိုင်ငံတော်သမ္မတအား တက္ကသိုလ်အဓိပတိ ပါမောက္ခ ဒေါက်တာစုကျင် ကျင်နဟရွန်က ပြည်သူ့ရေးရာ နိုင်ငံရေးသိပ္ပံဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းသည်။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံ Mae Fah Luang တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဆမ်ပေါင်ချိုစီက ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းစဉ်။ (သတင်းစဉ်)

Cessna Grand Caravan Ex လေယာဉ်ငယ်များ စတင်ပျံသန်းပြေးဆွဲမည်

မင်းထက်အောင် (မန်းကိုယ်ပွား)

မန္တလေးမြို့ ချမ်းမြသာစည် လေဆိပ်ကို ဗဟိုပြု၍ အထက်မြန်မာပြည် မြို့ကြီးများသို့ မြန်မာ့လေကြောင်းလုပ်ငန်းမှ Cessna Grand Caravan Ex လေယာဉ်ငယ်များဖြင့် ခရီးစဉ်များ ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀ စုနှစ်တစ်စုကျော်ကြာ အသုံးပြုခြင်းမရှိခဲ့သည့် ချမ်းမြသာစည် လေယာဉ်ကွင်းမှ အထက်မြန်မာပြည် လေယာဉ်ဆင်းသက်နိုင်သည့် မြို့ကြီးများသို့ ပျံသန်းပြေးဆွဲပေးမည် ဖြစ်ပြီး လေယာဉ်တစ်စင်းလျှင် ခရီးသည် ၁၂ ဦးအထိ တင်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ခရီးစဉ်များကို ဆီးဂိမ်းပြိုင်ပွဲကြီး မတိုင်မီ စတင်ပြေးဆွဲမည်ဖြစ်ကြောင်း အထက်မြန်မာပြည် မြန်မာ့လေကြောင်း လုပ်ငန်းများမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"သွားလာရေးခက်ခဲပြီး လေယာဉ်ဆိုက်ရောက်မှုနည်းတဲ့ မြို့များရှိ ခရီးသည်တွေ အချိန်တိုအတွင်း လွယ်ကူစွာ သွားလာရေးအတွက် စီစဉ်ပေး

စာမျက်နှာ ၈ ကော်လံ ၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လာလော့ညေ့်သည်၊ ရှုလော့ညေ့်သည်

မကြာမီ ကျွန်ုပ်တို့မြန်မာနိုင်ငံက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)ကြီးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပတော့မည်ဖြစ်ပါသည်။ အတိအကျဆိုရလျှင် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်တိုင်အောင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်(ငွေဆောင်ကမ်းခြေ) မြို့ကြီးလေးမြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ ဤပြိုင်ပွဲကြီးသို့ တီမောလက်စ်တေနိုင်ငံအပါအဝင် အာဆီယံ ၁၀ နိုင်ငံမှ နိုင်ငံခေါင်းဆောင်များ၊ အားကစားတာဝန်ရှိသူများ၊ နည်းပြအုပ်ချုပ်သူများနှင့် အားကစားသမားများ လာရောက်ကြမည်ဖြစ်ပါသည်။

နိုင်ငံတကာမှ ခရီးသွားများကလည်း အများအပြားလာရောက်ကြမည်ဖြစ်ပါသည်။ အထူးသဖြင့် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ခရီးသွားဧည့်သည်များ၊ အီးယူနှင့် အမေရိကန်တို့မှ ခရီးသွားဧည့်သည်များ အများအပြားလာရောက်လည်ပတ်ကြလိမ့်မည်ဟု ခန့်မှန်းထားပါသည်။ ထူးခြားသည်မှာ ဤအားကစားပြိုင်ပွဲကြီးသည် မြန်မာပြည်၏ ဆောင်းရာသီကာလဖြစ်၍ ခရီးသွားရာသီနှင့်လည်းတိုက်ဆိုင်နေပါသည်။ နိုဝင်ဘာလမှစ၍ ဖေဖော်ဝါရီလအထိ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားများ အများအပြားလာရောက်လေ့ရှိပါသည်။

ပြည်ပခရီးသွားဧည့်သည်များအနေဖြင့် ဆီးဂိမ်းအားကစားပြိုင်ပွဲများကို ပျော်ပျော်ရွှင်ရွှင်လာရောက်ကြည့်ရှုရင်း မြန်မာနိုင်ငံ၏ အထင်ကရနေရာများသို့လည်း သွားရောက်လည်ပတ်နိုင်ကြမည်ဖြစ်သည်။ မြို့တော် နေပြည်တော်၏ သဘာဝအလှအပနေရာများ၊ ရန်ကုန်မြို့၏ စီးပွားရေးအချက်အချာနေရာများ၊ မန္တလေးမြို့၏ ယဉ်ကျေးမှုအမွေအနှစ်နေရာများနှင့် ပုသိမ်(ငွေဆောင်)ရှိ အပန်းဖြေစခန်းများသို့ သွားရောက်နိုင်ကြမည်ဖြစ်ပါသည်။ အားကစားပြိုင်ပွဲများ ကြည့်ရှုရင်း အပန်းလည်းဖြေ ဗဟုသုတများစွာရရှိနိုင်မည် အခွင့်အလမ်းဖြစ်ပါသည်။

ပို့ဆောင်ရေးပန်ဆောင်မှုအဖြစ် အဆိုပါမြို့ကြီးလေးမြို့သို့ သွားရောက်နိုင်မည့် မီးရထား၊ မော်တော်ကားနှင့် လေယာဉ်တို့ကို အဆင်ပြေအောင် ပြည်စုံစွာ ဆောင်ရွက်ထားပါသည်။ အထူးသဖြင့် နေပြည်တော်မှ ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့အထူးဘတ်စ်ကားလိုင်းများ စီစဉ်ထားပါသည်။ လေကြောင်းခရီးစဉ်များကိုလည်း သင့်တင့်မျှတသောနှုန်းထားများဖြင့် စီစဉ်ထားပါသည်။ ဟိုတယ်နှင့် အပန်းဖြေနေရာများ အကောင်းဆုံးပန်ဆောင်မှုများဖြင့် ပြင်ဆင်ထားသည်။ သို့ရာတွင် ဤပြိုင်ပွဲကြီးသည် နိုင်ငံ၏ ဂုဏ်ဒြပ်ကို ထင်ဟပ်စေမည်ဖြစ်ပါ၍ ပြည်တွင်းစီးပွားရေးသမားများအနေဖြင့် ကိုယ်ကျိုးစီးပွားအတွက် အလွန်အကျွံအမြတ်မထုတ်မိစေရန် အရေးကြီးပါသည်။ အထူးသဖြင့် ဟိုတယ်အခန်းခကဲ့သို့သောဝန်ဆောင်မှုကဏ္ဍများ ဈေးနှုန်းမြင့်မားနေမည်ဆိုလျှင် ခရီးသွားများ နောက်တစ်ကြိမ်လာရန်မဖြစ်နိုင်ပါ။ ကောင်းမွန်သော ဝန်ဆောင်မှု၊ သင့်တင့်သောဈေးနှုန်းများဖြင့်သာ ခရီးသွားဧည့်သည်များကို အရှည်သဖြင့် ဆွဲဆောင်နိုင်ရပါမည်။ သို့မှသာ မီးခိုးမထွက်သောစီးပွားရေးသည် အရှည်သဖြင့် တိုးတက်မည်ဖြစ်ပါသည်။ မကြာသေးမီက တရုတ်ခရီးသွားများ ထိုင်းနိုင်ငံသို့အများဆုံးလာရောက်ရခြင်းမှာ ဝန်ဆောင်ခများ သက်သာပြီး သွားလာရေးအလွန်အဆင်ပြေခြင်းများကြောင့်ဖြစ်သည်ဟု တရုတ်ခရီးသွားဘုတ်အဖွဲ့က ဆိုပါသည်။ ဤအချက်သည် ကျွန်ုပ်တို့ခရီးသွားလုပ်ငန်းရှင်များ သင်ခန်းစာယူရမည့်အချက်ဖြစ်ပါသည်။ အစစအရာရာ သက်သာသောနှုန်းထားနှင့်အကောင်းဆုံးသောဝန်ဆောင်မှုများဖြင့် ဆွဲဆောင်နိုင်ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကမ္ဘာတစ်ဝန်းမှ ခရီးသွားများအား ဆီးဂိမ်းပွဲတော်ကြီးနှင့်အတူ မြန်မာတို့၏အထင်ကရနေရာများသို့ လာရောက်ကြည့်ရှုရန် "လာလော့ ညေ့်သည်..၊ ရှုလော့ ညေ့်သည်.." ဟူသောသီချင်းစာသားအတိုင်း စိတ်ကောင်းစေတနာဖြင့် ဖိတ်ခေါ်အပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နိုင်ငံတကာမှ ချေးငွေနှင့် ထောက်ပံ့ရေးအကူအညီများ ရယူအကောင်အထည်ဖော်ရာတွင် လက်ငင်းရရှိနိုင်မည့်လုပ်ငန်းများကို ထိထိရောက်ရောက်အကောင်အထည်ဖော်

နေပြည်တော် နိုဝင်ဘာ ၂၉

World Bank ကမ္ဘာ့ဘဏ်မှ လုပ်ငန်းအဖွဲ့ခေါင်းဆောင် Task Team Leader Mr. Paavo Eliste နှင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက် နနက် ၇ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ World Bank ဘဏ်၏အလွန်သက်သာသော ချေးငွေစီမံကိန်းအကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် IADP စီမံကိန်း (Irrigated Agriculture Development Project)ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍အကြိုရေးဆွဲထားသည့်စီမံကိန်းများကို ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်နှင့် တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို World Bank အပါအဝင် ADB အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများက သက်သာသော ချေးငွေအကူအညီများ၊ ထောက်ပံ့ရေးအကူအညီများ ရယူအကောင်အထည်ဖော်ရာတွင် လက်ငင်းရရှိနိုင်မည့်လုပ်ငန်းများကို ထိထိရောက်ရောက်အသုံးပြုအကောင်အထည်ဖော်သွားရန်နှင့် နိုင်ငံ၏စားရေရိက္ခာဖူလုံရေးအတွက် ထိရောက်စွာအကျိုးပြုနိုင်သည့် ဆည်ရေသောက်စနစ်ခိုင်မာပြီးဖြစ်သော လယ်မြေများကို စက်မှုလယ်ယာမြေစနစ်သို့ ကူးပြောင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ခြင်းနှင့် တစ်ပြိုင်တည်းဒေသနေတောင်သူလယ်သမားများ၏ ဝင်ငွေနှင့်လူနေမှုဘဝကို အလျင်အမြန်တိုးတက်အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍကို နှစ်စဉ်နှင့် ကာလတိုငါးနှစ်စီမံကိန်းနှင့် ကိုက်ညီအကျုံးဝင်သည့် ဆည်ရေသောက်စနစ်ခိုင်မာပြီးဖြစ်သော ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းရှိ ဆည်ရေသောက်စနစ် လယ်မြေများကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် World Bank မှ သက်သာသောချေးငွေအကူအညီဖြင့်ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း။

လုပ်ကွက်ငယ် အခြေခံတောင်သူလယ်သမားအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် မျိုးစေ့ထုတ်စက်မှုလုပ်ငန်း(Seed Industry)များ ပေါ်ပေါက်လာရေး၊ မျိုးစေ့သန့်စင်စက်ကြီးများ (Seed Processing Plant) လိုအပ်ချက်များအပါအဝင် တောင်သူလယ်သမားများအတွက် အကြံပြုထွန်ယက်စိုက်ပျိုးခြင်း၊ (Pre harvest). ဆိုင်ရာနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာ(Post harvest) ဆိုင်ရာစက်ကိရိယာပစ္စည်းများကို ပဲခူးအရှေ့ခြမ်းနှင့်စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးတို့ရှိ ဆည်ရေသောက်စနစ်လယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးတွင် World Bank ၏ Project နှင့် အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စများ၊ မြန်မာနိုင်ငံ၏ ဆည်ရေသောက်လယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် World Bank အနေဖြင့် အလွန်သက်သာသော ချေးငွေအစီအစဉ်အားဖြင့် ဆိုင်း၄ ၁၀ နှစ်အပါအဝင်နှစ် ၄၀ ချေးငွေအစီအစဉ်ဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ အား ပထမအဆင့် အကူအညီပေးရန် ဆောင်ရွက်ထားမှုများနှင့် World Bank အနေဖြင့် ကဏ္ဍအလိုက် ထိထိရောက်ရောက်စီမံကိန်းရေးဆွဲကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ခေတ်အဆက်ဆက်ဘဏ္ဍာငွေကြွေးကျန်များစာရင်းရှင်းလင်းနိုင်ရေး တတိယအကြိမ်မြောက်ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ခေတ်အဆက်ဆက်ဘဏ္ဍာငွေကြွေးကျန်စာရင်းများ ရှင်းလင်းကောက်ခံနိုင်ရေးနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာန၏ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်မှ သဘာဝ ဘေးအန္တရာယ်များအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ကောက်ခံရန် ကျန်ရှိသောလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေကြွေးကျန်ဆုံးရှုံးမှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဖိဖိစီးစီးကြပ်မတ်ညွှန်ကြားချက်များနှင့် ကိုက်ညီစွာ အထူးအလေးထားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ဌာနတစ်ခုချင်းစီအလိုက် ကြွေးကျန်ကောက်ခံရရှိရေး ညှိနှိုင်းဆောင်ရွက်နေမှုနှင့် ခေတ်အဆက်ဆက်ကြွေးကျန်ကိစ္စရပ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ တိတိကျကျခိုင်မာစွာ လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးသည်။

ယင်းနောက် ဌာနအကြီးအကဲများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာ ပြုပြင်စရာ

နောက်ဆက်တွဲ အန္တရာယ် မဖြစ်ပေါ်စေရေး ကူညီဆောင်ရွက်ပေး

ပဲခူးမြို့တွင် ယာဉ်မတော်တဆမှုများ နေ့စဉ်လိုလိုဖြစ်ပွားလျက်ရှိရာ ၎င်းယာဉ်တိုက်မှုဖြစ်ပွားသောနေရာများတွင် ထိခိုက်ဒဏ်ရာရ သေဆုံးသူများကိုသာရှင်းလင်းဖယ်ရှားပြီး အခင်းဖြစ်နေရာမှ မှန်ကွဲ၊ မှန်စနှင့် အခြားအစိတ်အပိုင်းများကို ဖယ်ရှားခြင်းမပြုသဖြင့် ၎င်းနေရာသို့ အခြားသောယာဉ်များဖြတ်သန်းရာတွင် နောက်ဆက်တွဲယာဉ်အန္တရာယ်များ ဖြစ်ပေါ်နိုင်သည်။

တာဝန်ရှိသူများက အခင်းဖြစ်နေရာများရှိ မှန်ကွဲ၊ မှန်စနှင့် အခြားအစိတ်အပိုင်းများကိုပါ လမ်းပေါ်မှ ဖယ်ရှားပေးသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

သန့်စင်

လူကုန်ကူးမှု အန္တရာယ် တစ်မျိုးသားလုံးဝိုင်းဝန်းကာကွယ်

ပြည်တွင်းသတင်း

ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာလာခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရရှိ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအောင်မြင်ရေး အကြံဉာဏ်နှင့် အကူအညီများရရှိလို

နေပြည်တော် နိုဝင်ဘာ ၂၉

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့်အဖွဲ့သည် ဂျပန်နိုင်ငံ House of Representative ဥက္ကဋ္ဌ Hon. Mr. Bunmei IBUKI ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့မှ နိုဝင်ဘာ ၂၇ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့်ထွက်ခွာလာရာ ဂျပန်နိုင်ငံ တိုကျိုမြို့သို့ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင်ရောက်ရှိကြပြီး မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ House of Representative သို့ရောက်ရှိကာ ဂျပန်နိုင်ငံ လွှတ်တော်အတွင်းနှင့် လွှတ်တော်ကျင်းပနေပုံများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် ဂျပန်နိုင်ငံ လွှတ်တော် House of Representative ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ဂျပန်နိုင်ငံလွှတ်တော် အထူးဧည့်သည်တော်များခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယကက ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာလာခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ရရှိရုံသာမကဘဲ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင်လည်းကောင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်မှုများတွင်လည်းကောင်း ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အဆွေတော်တို့၏ အကြံဉာဏ်နှင့်အကူအညီများလည်း ရရှိလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် အာဆီယံဒေသသည် ဂျပန်နိုင်ငံ၏ အလွန်အရေးပါသော မိတ်ဆွေနိုင်ငံနှင့် ဒေသဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ပြည်သူလူထု၏ လူမှုစီးပွားဘဝ မြင့်တင်ရေးအတွက် ဆောင်ရွက်မှုများသည် အလွန်အရေးကြီးပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းတိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်သွားပါက လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ပြီး အတွေ့အကြုံနှင့် အမြင်ချင်းဖလှယ်မှုများမှတစ်ဆင့် မိမိနိုင်ငံနှင့် မကွာဟသော လူမှုပတ်ဝန်းကျင်တို့ရရှိမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် MIRAIKAN သို့ရောက်ရှိပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့်အဖွဲ့အား Happon-en ၌ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းနှင့် Nippon Foundation တို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ အဆိုပါညစာစားပွဲသို့ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Taro ASO၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Watanabe ဦးဆောင်သော အသင်းဝင်များ၊ Nippon Foundation မှ Mr.Sasakawa ဦးဆောင်သောအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ Nippon Foundation မှ Mr.Sasakawa၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းတို့က နှုတ်ခွန်းဆက်စကားများပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့် ဂျပန်နိုင်ငံ House of Representative ဥက္ကဋ္ဌ Hon. Mr. Bunmei IBUKI တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

✻ ကျောဖုံးမှ

ပြိုင်ပွဲအတွေ့အကြုံကောင်းများရရန်နှင့် ဆုတံဆိပ်များရရှိရေးအတွက် လေ့ကျင့်ယှဉ်ပြိုင် စေလွှတ်လျက်ရှိသည်။

ဝါဝင်တက်ရောက်

ထိုအတူ အားကစားနှင့်ပတ်သက်၍ သတင်းရယူနည်း၊ ဓာတ်ပုံရိုက်ကူးနည်းများကို မီဒီယာသမားများအား ပြည်ပနိုင်ငံများသို့ ဆီးဂိမ်းပြိုင်ပွဲအတွက် အတွေ့အကြုံများရရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်အစိုးရ အကူအညီနှင့် NHK သတင်းဌာန၏ ပံ့ပိုးမှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်း၊ ဓာတ်ပုံပိုင်းဆိုင်ရာဝန်ထမ်းများ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လေ့လာရေးသင်တန်း တက်ရောက်ခွင့်ရရှိသည်။ ထိုထဲတွင် စာရေးသူလည်း ပါဝင်တက်ရောက်ခွင့်ရရှိခဲ့သည်။

အဆိုပါ လေ့လာရေးသင်တန်းသည် မကြာမီရက်ပိုင်းအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ရုပ်သံထုတ်လွှင့်မှု၊ သတင်းရေးသားမှု၊ သတင်းပိုင်းဆိုင်ရာများ၊ ကင်မရာအယူအဆ၊ ကင်မရာထားရမည့်နေရာများ၊ အစီအစဉ်တင်ဆက်မှုများ၊ Live (တိုက်ရိုက်) ထုတ်လွှင့်မှုသတင်း၊ ရုပ်သံတည်းဖြတ်မှု စသည့်အတွေ့အကြုံ ရရှိရေးအတွက် နိုဝင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် NHK သတင်းဌာနမှ ပညာရှင်များက သင်ကြားပို့ချပေးခဲ့သည်။

နိုဝင်ဘာ ၂၃ ရက်တွင် မြန်မာမီဒီယာအဖွဲ့အား ဂျေလိဂ်ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုကို လေ့လာနိုင်ရန် ပို့ဆောင်ပေး၍ တိုကျိုမြို့မှ အိုဆာကာမြို့သို့ ကျည်ဆန်ရထားဖြင့် သုံးနာရီကျော်ကြာ ခရီးနှင်ခဲ့ရသည်။ အဆိုပါဘောလုံးပြိုင်ပွဲသည် ဂျပန်နိုင်ငံတွင် အမြင့်ဆုံးသော ပြည်တွင်း ဂျေလိဂ်ပြိုင်ပွဲဖြစ်သည်။ လေ့လာခွင့်ရသည့် ပြိုင်ပွဲမှာ အိုဆာကာနှင့် ဟီရိုရှီးမားအသင်းတို့၏ ဆီးဂိမ်းပွဲစဉ်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် NHK အပါအဝင် ဂျပန်နိုင်ငံရှိ အခြားမီဒီယာများလည်း တိုက်ရိုက်ထုတ်လွှင့်ရန် စီစဉ်ထားသည်ကို လေ့လာခွင့်ရရှိခဲ့ပေသည်။ "ဂျပန်ဂျေလိဂ်ပြိုင်ပွဲသည် ဂျပန်ပြည်သူများ အထူးစိတ်ဝင်စားကြောင်း၊ အဆိုပါဂျေလိဂ်ပြိုင်ပွဲ စတင်သည်မှာ နှစ်ပေါင်း ၂၀ ရှိပြီဖြစ်ကြောင်း၊ ပြည်တွင်းပွဲများ၊ ကျောင်းပြိုင်ပွဲများ ကျင်းပပေးမှုကြောင့် ဂျပန်နိုင်ငံ ဘောလုံးအသင်းသည် ကမ္ဘာနှင့်ရင်ပေါင်တန်းပြီး ယှဉ်ပြိုင်လျက်ရှိကြောင်း၊ ဂျပန်အမျိုးသမီးအသင်းဆိုလျှင် ကမ္ဘာ့ဖလားပင်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း မြန်မာနေရှင်နယ်လိဂ် စတင်ခဲ့သောကြောင့် ဘောလုံးအားကစား တိုးတက်လာမည်ဖြစ်ကြောင်း၊ မကြာမီကျင်းပမည့် ဆီးဂိမ်းတွင်လည်း အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မီဒီယာသမားများအနေဖြင့် အားကစားသတင်းများကို တိုက်ရိုက်ထုတ်လွှင့်ရေးသားရန် အတတ်ပညာများ ကျွမ်းကျင်ရမည်ဖြစ်ကြောင်း စသည်ဖြင့် NHK သတင်းဌာနမှ အားကစားသတင်းထုတ်လွှင့်မှုတာဝန်ခံ Mr. Toshiyuki Sato က ပြောကြားသည်။

ဝိုင်းဝန်းပံ့ပိုးပေး

မြန်မာတို့၏ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို နိုင်ငံတကာမှ စိတ်ဝင်တစားစောင့်ကြည့်နေသကဲ့သို့ ပံ့ပိုးမှုများလည်း ပြုလုပ်ပေးလျက်ရှိသည်။ ယခုကဲ့သို့ ပြည်ပနိုင်ငံများသို့ မီဒီယာ အတွေ့အကြုံကောင်းများ ရရှိရန် နိုင်ငံတော်က စေလွှတ်ပေးလျက်ရှိရာ ပြည်ပမှရရှိလာသည့် အတွေ့အကြုံကောင်းများကို ဤအားကစားပွဲတော်ကြီးတွင် မီဒီယာသမားများကလည်း ကောင်းမွန်စွာ လက်တွေ့အသုံးချကြရမည်ဖြစ်သည်။ မြန်မာ့အားကစားအောင်နိုင်ရေးအတွက် အားကစားသမားများနည်းတူ မီဒီယာသမားများကလည်း ဝိုင်းဝန်းပံ့ပိုးပေးစေလိုကြောင်း ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား UNHCR ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၉

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အရှေ့တောင်အာရှဌာနေကိုယ်စားလှယ် Mr.James Lynch သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးကွမ်ဂေါင်အောင်ခမ်းပါ ၁၇ ဦးတို့က လျှောက်ထားသည့် ကချင်ဒီမိုကရက်တစ်ပါတီတည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

up to 30% discount on selected items

PRECIOUS
GEMS & JEWELLERY
6th Anniversary Sales

၃၀.၁၁.၂၀၁၃ နှင့် ၁.၁၂.၂၀၁၃ (၂)ရက်ထဲသာ

စိန်အသန့် ကိုသာ အသုံးပြု၍ Thai မန်းထိမ်ပညာရှင်များဖြင့် ပြုလုပ်ထားသော စက်ပန်းထိမ်၊ လက်ဝတ်ရတနာများအား
စိန်ချိန်၊ စိန်အရည်အသွေး၊ ရွှေချိန်၊ ရွှေအရည်အသွေးများကို အာမခံဖြင့် အထူးရောင်းချပေးနေပါသည်။
ဤဆိုင်မှ ဝယ်ယူထားသော ပစ္စည်းများကို ပြန်လည်ရောင်းချခြင်း၊ လဲလှယ်ခြင်းများအား အာမခံဖြင့် ဆောင်ရွက်ပေးနေပါသည်။
၃၀.၁၁.၂၀၁၃ နှင့် ၁.၁၂.၂၀၁၃ ရက်များတွင် ဝယ်ယူအားပေးသော မိတ်ဆွေများအား အထူးဈေးနှုန်း (Discount) များဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

အမှတ် (၂၉)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းလမ်းဆုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၁ ၅၄၆၆၄၅၊ ၀၉ ၇၃၀၁၃၀၆၀

နိုင်ငံတကာသတင်း

အရှေ့တရုတ်ပင်လယ်ရှိ လေကြောင်းကာကွယ်ရေးဇုန်သို့ တရုတ်က စစ်လေယာဉ်များ စေလွှတ်ထားပြီ

ဝေကျင်း နိုဝင်ဘာ ၂၉

တရုတ်နိုင်ငံ အရှေ့တရုတ်ပင်လယ်ရှိ ၎င်း၏ အသစ်ကြေညာထားသော လေကြောင်းကာကွယ်ရေးဇုန်သို့ စစ်လေယာဉ်များ စေလွှတ်လိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင် မီဒီယာသတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သော သီတင်းပတ်က ကြေညာခဲ့သည့် အဆိုပါကာကွယ်ရေးဇုန်သည် တရုတ်၊ ဂျပန်၊ ထိုင်ဝမ် (တရုတ်တိုင်ပေ) နှင့် တောင်ကိုရီးယားနိုင်ငံတို့၏ ပိုင်နက်နယ်မြေအငြင်းပွားရာ ဒေသကို လွှမ်းခြုံထားသည်။

အဆိုပါ ကာကွယ်ရေးဇုန်သို့ ဖြတ်သန်းသော လေယာဉ်အားလုံးသည် ပျံသန်းရေးအစီအစဉ်များ ဖိုင်မှတ်တမ်းပြုလုပ်ရမည်ဖြစ်ပြီး ယင်းတို့ကိုယ်တိုင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံအတည်ပြုခြင်း သို့မဟုတ် အရေးပေါ် အစီအမံများကို ရပ်ဆိုင်းခြင်းခံရမည်ဖြစ်ကြောင်း တရုတ်တို့က ပြောကြားသည်။ သို့ရာတွင် ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် စစ်လေယာဉ်များ ၎င်းဒေသ၌ ရှိနေခဲ့ကြသည်။ ယင်းအခြေအနေကြောင့် စစ်ရေးတင်းမာမှုများ ဖြစ်လာနိုင်၍ စိုးရိမ်ပူပန်နေကြသည်။

အဆိုပါ လေကြောင်းကာကွယ်ရေးဇုန်အတွင်း ကင်းလှည့်လုပ်ငန်းဆောင်ရွက်ရန် ဂျက်တိုက်လေယာဉ်အချို့နှင့် သတိပေးလေယာဉ်တစ်စင်း စေလွှတ်တပ်ဖြန့်ချထားပြီဖြစ်ကြောင်း လေတပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးချန်ကျင်ကေးက ပြောကြားသည်ကို ဆင်ဟွာက ကိုးကားဖော်ပြသည်။

တရုတ်လေတပ်အနေဖြင့် အမျိုးသား လုံခြုံရေးကို တာကွယ်ရန် လေကြောင်း သတိပေးမှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ပြီးအစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

(ဘီဘီစီ)

ဗန်ကောက်၌ခြောက်ရက်မြောက်နေ့အဖြစ် ဆန္ဒပြ

စစ်ဌာနချုပ်အတွင်း ဆန္ဒပြသူများဂိတ်တံခါးဖွင့် စစ်ရောက်

ဗန်ကောက် နိုဝင်ဘာ ၂၉

ထိုင်းအစိုးရကိုဆန့်ကျင်ဆန္ဒပြမှုသည် နိုဝင်ဘာ ၂၉ ရက်က ခြောက်ရက်မြောက်နေ့အဖြစ် ဆက်လက်ဆန္ဒပြသကဲ့သို့ ဆန္ဒပြ သူများက စစ်ဌာနချုပ်ဆီသို့ ဦးတည်ချီတက်ဆန္ဒပြခဲ့ကြသည်။

အစိုးရဆင်းပေးရန် ကြိုးပမ်းမှုအစိတ်အပိုင်းအဖြစ် ဆန္ဒပြသူများက အာဏာရပါတီရုံးချုပ်ရှေ့၌ ပိုမိုစုရုံးလာသည်။ နိုဝင်ဘာ ၂၈ ရက်တွင် ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်က ပါလီမန်အတွင်းအယုံအကြည်မရှိအဆို အနိုင်ရပြီးနောက် လမ်းထွက် ဆန္ဒပြမှုများ အဆုံးသတ်ရန် ဆန္ဒပြသူများအား တိုက်တွန်းလိုက်သည်။ သို့ရာတွင် ဆန္ဒပြခေါင်းဆောင် ဆူသက်သောင်ဆူဘန်က ဝန်ကြီးချုပ်ရင်လတ်၏မေတ္တာရပ်ခံချက်ကို ငြင်းဆိုလိုက်သည်။

“ကျွန်တော်တို့က သူတို့ကို ဘယ်အလုပ်မဆို ဝင်ရောက်ခွင့်ပေးမှာ မဟုတ်ပါဘူး” ဟု အဆိုပါအတိုက်အခံအမတ်ဟောင်းက နိုဝင်ဘာ ၂၈ ရက်နှောင်းပိုင်း မိန့်ခွန်းပြောကြားရာတွင် ပြောကြားသည်။

ဗန်ကောက်စစ်ဌာနချုပ်၌ ဆန္ဒပြသူများက ဂိတ်တံခါးကိုတွန်းဖွင့်ပြီး ဝင်ရောက်သွားကြပြီဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် အေအက်ဖ်ပီသတင်းအေဂျင်စီကဖော်ပြသည်။ ထိုအချိန်၌ စစ်ဘက်အကြီးအကဲ ရုံး၌မရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ “ကျွန်တော်တို့အနေနဲ့ စစ်ဘက်ရဲ့ရပ်တည်ချက်ကို သိချင်ပါတယ်” ဟု ဆန္ဒပြသူတစ်ဦး၏ ပြောကြားချက်ကို ရိုက်တာက ဖော်ပြသည်။

(ဘီဘီစီ)

အီရန်နျူကလီးယား စက်ရုံအနီး ငလျင်လှုပ်၍ ရှစ်ဦးသေဆုံး

တီဟီရန် နိုဝင်ဘာ ၂၉

အီရန်နိုင်ငံ ဆိုလ် နျူကလီးယားစက်ရုံအနီးကမ်းရိုးတန်း၌ ရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု နိုဝင်ဘာ ၂၈ ရက်က လှုပ်သွားခဲ့ရာ ရှစ်ဦးသေဆုံးပြီး ၁၉၀ ဒဏ်ရာရရှိသွားကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်က ပြည်တွင်းမီဒီယာသို့ ပြောကြားခဲ့သည်။

အဆိုပါငလျင်ကြောင့် နေအိမ် ၂၅၀ ခန့်နှင့် စီးပွားရေးအလုပ်အကိုင်များ ပျက်စီးဆုံးရှုံးမှု ရှိခဲ့သည်ဟု သိရသည်။ အီရန်နိုင်ငံသည် မြေငလျင်ကြောပေါ်၌ တည်ရှိနေခြင်းဖြစ်ပြီး ပြီးခဲ့သည့် ဧပြီလက အီရန်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် အိမ်နီးချင်းပါကစ္စတန်၌ အင်အား ၇ ဒသမ ၈ ရှိ ငလျင်လှုပ်ခဲ့ဖူးရာ လူဦးရေ ၄၀ သေဆုံးခဲ့ရသည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာက တောင်ပိုင်း ဘန်မြို့၌ အားပြင်းငလျင်လှုပ်ခဲ့ရာ လူဦးရေ ၂၆၀၀၀ သေဆုံးခဲ့ရသည်။

(စီအင်န်အေ)

ဆီးရီးယားဓာတုလက်နက်များ ဖျက်ဆီးရန် ပင်လယ်ထဲသို့ ပို့မည်

ဝါရှင်တန် နိုဝင်ဘာ ၂၉

ဆီးရီးယားဓာတုလက်နက်များဖျက်ဆီးရေးအစီအစဉ်အဖြစ် အမေရိကန်နိုင်ငံရေတပ်အကူစစ်သင်္ဘောကို သုံးမည်ဖြစ်ပြီး ၎င်းကိုပင်လယ်ထဲ၌ ပို့မည်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် နိုဝင်ဘာ ၂၈ ရက်က ရေးသားထားသည်။

အဆိုပါစီမံကိန်းတွင် ရွှေ့ပြောင်းနိုင်သော ဖျက်ဆီးရေးစက်ရုံတစ်ခုကို ယာဉ်ပေါ်၌ နေရာချထားပြီး အန္တရာယ်ကင်း စိတ်ချရသော အနေအထားထိရောက်အောင် ဓာတုပစ္စည်းများ အားပျော့စေရန် ရေကို အသုံးပြုမည်ဖြစ်သည်။

ဓာတုလက်နက်ပိတ်ပင်တားဆီးရေးအဖွဲ့ (OPCW)သည် ဆီးရီးယားဓာတုလက်နက်ပစ္စည်းများကို ဖယ်ရှားရှင်းလင်းရန်ရက်ကို ဒီဇင်ဘာ ၃၁ ရက်ကို သတ်မှတ်ထားပြီး ဖြစ်သည်။

ဓာတုလက်နက်များ ဖျက်ဆီးရေးသည် ကမ္ဘာပေါ်တွင် လုံခြုံရေးဆိုင်ရာ အရေးကြီးဆုံးပြဿနာတစ်ခုအဖြစ် နိုင်ငံတကာအဖွဲ့အစည်းက သဘောတူထားသော်လည်း ဓာတုလက်နက်များ လက်ခံဖျက်ဆီးရမည်ဟု သတင်းပြေးနေသော အယ်လ်ဘေးနီးယားနှင့် အခြားနိုင်ငံများက လက်မခံနိုင်ဟု အပြင်းအထန် ငြင်းဆိုကြသည်။

လုပ်ငန်းစဉ်အတွင်း စစ်သင်္ဘောပေါ်၌ ညစ်ညမ်းရေ လီတာ ၇ ဒသမ ၇ သန်း ထွက်ရှိမည်ဟု တွက်ချက်ထားပြီး ၎င်းရေဆိုးများကို ကွန်တိန်နာအလုံး ၄၀၀၀ ထဲတွင် ထည့်ထားမည်ဟု OPCW အဖွဲ့က ဆိုသည်။ **(ဘီဘီစီ)**

• • • • • • • • • • • • • • • • •

ဘရစ္စဘိန်း၌ လက်နက် ၃၀၀ ကျော် သိမ်းဆည်းရမိ ခဲယမ်းမီးကျောက် လေးတန်ကိုပါ တွေ့ရှိ

ဘရစ္စတိန်း(ဩစတြေးလျ) နိုဝင်ဘာ ၂၉

ဩစတြေးလျအရှေ့တောင်ပိုင်း ကွင်းစလန်းပြည်နယ် မွန်းဖို့ဒ်မြို့နေအိမ်တစ်အိမ်၌ သေနတ်အလက် ၃၀၀ ကျော်နှင့် ခဲယမ်းမီးကျောက် လေးတန်တွေ့ရှိပြီးနောက် လူသုံးဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကွင်းစလန်းရဲတပ်ဖွဲ့က မွန်ဂိုမြို့အနီး မွန်းဖို့ဒ်၌ ဝင်ရောက်စီးနင်းရှာဖွေရာ လက်နက် ၃၂၈လက်နှင့် ခဲယမ်း မီးကျောက် လေးတန်ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ယင်းလက်နက်များတွင် ရိုင်ဖယ်သေနတ်များလည်း ပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ယင်းကဲ့သို့ လက်နက်များသိမ်းဆည်းရမိခဲ့ခြင်းသည် ဩစတြေးလျနိုင်ငံ၌ အများဆုံးဖြစ်ကြောင်း ထောက်လှမ်းရေးရဲအရာရှိ ဂျွန်ဝက်ကာက ပြောသည်။ လက်နက် ၁၀ လက်ထက် တရားမဝင်လက်ဝယ်ထားရှိမှုနှင့်အတူ အသက် ၄၂ နှစ်၊ ၄၆ နှစ်နှင့် ၆၉ နှစ်ရှိ အမျိုးသားသုံးဦးကို ဖမ်းဆီးလိုက်ကြောင်း ၎င်းက ရဲတပ်ဖွဲ့ကို ပြောသည်။ ၎င်းတို့ကို ဒီဇင်ဘာ ၁၈ ရက်တွင် ကြားနာစစ်ဆေးမည်ဟု မျှော်လင့်ရသည်။ **(ဆင်ဟွာ)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဝန်ထမ်းရေးရာဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Personal Computer	၆ လုံး
(ခ)	UPS (1.25 KVA)	၁၀ လုံး
(ဂ)	Laser Printer	၂ လုံး
(ဃ)	Colour Printer	၃ လုံး
(င)	Scanner	၄ လုံး
(စ)	Duplication Machine	၁ လုံး
(ဆ)	ဖယောင်းဖောက် Printer	၂ လုံး
(ဇ)	သံဗီရို	၂၁ လုံး
(ဈ)	Cabinet	၇ လုံး
(ည)	Computer Table	၁၅ လုံး
(ဋ)	Computer Chair	၁၂ လုံး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ဝန်ထမ်းရေးရာဦးစီးဌာနတွင် ၂-၁၂-၂၀၁၃ရက်မှ ၉-၁၂-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ဝန်ထမ်းရေးရာဦးစီးဌာန၌ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ ၉ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီမှ ၁၁း၃၀နာရီအထိ လက်ခံမည်ဖြစ်ပြီး ၁၃း၃၀နာရီတွင် အိတ်ဖွင့်တင်ဒါဖောက် ကြေညာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဝန်ထမ်းရေးရာဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၄၀၈၁၇၂၊ ၀၆၇-၄၀၈၁၇၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဝန်ထမ်းရေးရာဦးစီးဌာန
ပြည်ထောင်စုရာထူးဝန်အဖွဲ့
(နေပြည်တော်)

ဂျပန်ရှိ အမေရိကန်စစ်စခန်းအနီး ရော့ကက်ဒုံးကျည်များဖြင့်ပစ်ခတ်မှုဖြစ်ပွား

တိုကျို နိုဝင်ဘာ ၂၉

ဂျပန်နိုင်ငံတိုကျိုမြို့တော်အနီး အမေရိကန်စစ်အခြေစိုက်စခန်းအပြင်ဘက်၌ လက်လုပ်ရော့ကက်ဒုံးကျည်နှစ်လုံးဖြင့် ပစ်ခတ်ခံရကြောင်း ပရက်စ်တီဗွီသတင်းတွင်ဖော်ပြသည်။

အဆိုပါ ပစ်ခတ်မှုသည် နိုဝင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီခွဲခန့်ကဖြစ်ပွားခဲ့ကြောင်း တိုကျိုရဲအဖွဲ့ကပြောသည်။ ရဲအဖွဲ့က ယိုကိုဟားမားစစ်အခြေစိုက်စခန်းအနီး၌ စတီးလ်ပိုက်နှစ်ခု၊ ဝိုင်ယာကြိုး နှစ်ခုနှင့် ဘက်ထရီများတွေ့ရှိခဲ့ကြောင်း ရဲအဖွဲ့ကပြောသည်။

ယင်းပေါက်ကွဲ ပစ္စည်းများသည် စစ်အခြေစိုက်စခန်းအနီးကို ရော့ကက်များဖြင့် ပစ်ခတ်ခံရစဉ်လွင့်စဉ်လာသော ပစ္စည်းများဖြစ်ကြောင်း ဒေသမီဒီယာကသတင်းဖော်ပြသည်။ ယင်းပစ်ခတ်ခံရမှုကြောင့် ထိခိုက်သေကျေပျက်စီးမှုများချက်ချင်း မသိရသေးဟုဆိုသည်။

ယင်းပစ်ခတ်မှုဖြစ်ပွားပြီးနောက် လာဘိုရက်တော်လှန်ရေးအဖွဲ့တအမည်ရသည် လက်ဝဲအုပ်စုတစ်စုမှထိပ်တန်းတာဝန်ရှိသူတစ်ဦးအား ရဲအဖွဲ့ကစစ်ဆေးမေးမြန်းလျက်ရှိသည်ဟု ဆိုသည်။

ဂျပန်နိုင်ငံ၌ လက်ရှိ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀ နီးပါးနှင့်၎င်းတို့၏ မိသားစုများ ကာကွယ်ရေးစာချုပ်အရ နေထိုင်လျက်ရှိသည်။

ပရက်စ်တီဗွီ

□ မောင်နွေသစ်-စုစည်းသည်

ပညာသင်ခွင့်ဆုံးရှုံး၊ အလုပ်စေခိုင်းခံနေကြရ

ဒမတ်စကတ် နိုဝင်ဘာ ၂၉

ဆီးရီးယားနိုင်ငံအပြင်ဘက်ရှိ ဒုက္ခသည်စခန်းများ၌ ရောက်ရှိနေသော ကျောင်းနေအရွယ်ကလေးများသည် ပညာသင်ကြားခွင့် အခွင့်အလမ်းများ ဆုံးရှုံးမှုတိုးပြင့်လာပြီး လုပ်ခနည်းနည်းဖြင့် နာရီပေါင်း များစွာ အတင်းအကျပ်အလုပ်ခိုင်းစေခံနေကြရကြောင်း ကုလသမဂ္ဂစစ်တမ်းတစ်ရပ်တွင် ဖော်ပြသည်။ လက်ဘနွန်နှင့် ဂျော်ဒန်နိုင်ငံတို့၌ ကလေး ၃၀၀၀၀၀ ထက်မနည်း ၂၀၁၃ ခုနှစ်အကုန်အထိ ပညာသင်ကြားခွင့်ဆုံးရှုံးနေကြရကြောင်း ယူအင်န်အိတ်ချ်စီအာရ်ကပြောသည်။ ယင်းတို့အနက်မှ ကလေးအများစုသည် ကျောင်းသို့ မသွားရဘဲ အလုပ်သို့သွားနေကြရသည်ဟု ဆိုသည်။ ဆီးရီးယားဒုက္ခသည် ၂ ဒသမ ၂ သန်း၏ ထက်ပက်ကျော်မှာ ကလေးများဖြစ်ကြကြောင်း ကုလသမဂ္ဂက ပြောသည်။ ယူအင်န်အိတ်ချ်စီအာရ်က ဂျော်ဒန်နှင့်လက်ဘနွန်တို့၌ နေထိုင်လျက်ရှိသော ဆီးရီးယားကလေးများနှင့် မိသားစုများအား ၂၀၁၃ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ တွေ့ဆုံမေးမြန်းခဲ့ကြသည်။ ဆီးရီးယားဒုက္ခသည် မိသားစု ၇၀၀၀၀ မှာ ဖခင်များမရှိဘဲ နေကြရသည်ဟုဆိုသည်။ **(ဘီဘီစီ)**

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၁၃				**နိုဝင်ဘာ ၃၀**
အက်စ်တွန်ဗီလာ	-	ဆန်းဒါးလန်း	ည ၉:၃၀	(ယခင်နှစ် ၆-၁)
ကာဒစ်ဖ်	-	အာဆင်နယ်	ည ၉:၃၀	(-)
အဲဗာတန်	-	စတုတ်	ည ၉:၃၀	(ယခင်နှစ် ၁-၀)
နော့ဝစ်ချ်	-	ပဲလေ့စ်	ည ၉:၃၀	(-)
ဝက်စ်ဟမ်း	-	ဖူလ်ဟမ်	ည ၉:၃၀	(ယခင်နှစ် ၃-၀)
နယူးကာဆယ်	-	ဝက်စ်ဘရွန်း	ည ၁၂:၀၀	(ယခင်နှစ် ၂-၁)
ဂျာမန်ဘွန်ဒက်စ်လိဂါ ပွဲစဉ်-၁၄				**နိုဝင်ဘာ ၃၀**
ဘိုင်ယန်မြူးနစ်	-	ဘရန်းရှ်ဗစ်	ည ၉:၀၀	(-)
လေဗာကူဆင်	-	နူရင်ဘတ်	ည ၉:၀၀	(ယခင်နှစ် ၁-၀)
ဟော့ဖန်ဟိမ်း	-	ဝါဒါဘရီမင်	ည ၉:၀၀	(ယခင်နှစ် ၁-၄)
မိန့်ဇ်	-	ဒေါ့မွန်	ည ၉:၀၀	(ယခင်နှစ် ၁-၂)
ဟာသာဘာလင်	-	အော့စ်ဘတ်	ည ၉:၀၀	(-)
ရှော်လ်ကေး	-	စတုဂတ်	ည ၁၂:၀၀	(ယခင်နှစ် ၁-၂)
အီတလီစီးရီးအေ ပွဲစဉ်-၁၄				**နိုဝင်ဘာ ၃၀/ဒီဇင်ဘာ ၁**
ပါးမား	-	ဘိုလော့ဂ်နာ	ည ၁၁:၃၀	(ယခင်နှစ် ၀-၂)
ဂျီနိုအာ	-	တိုရီနို	နံနက် ၂:၁၅	(ယခင်နှစ် ၁-၁)
စပိန်လာလီဂါ ပွဲစဉ်-၁၅				**နိုဝင်ဘာ ၃၀/ဒီဇင်ဘာ ၁**
အယ်လ်ချီ	-	အက်သလက်တီကို	ည ၉:၃၀	(-)
ဆဲလ်တာဗီဂို	-	အယ်လ်မာရီးယား	ည ၁၁:၃၀	(-)
ရီးရဲမက်ဒရစ်	-	ဗယ်လာဒိုလစ်	နံနက် ၁:၃၀	(ယခင်နှစ် ၄-၃)
အက်စ်ပန်ညို	-	ဆိုစီဒက်	နံနက် ၃:၃၀	(ယခင်နှစ် ၂-၂)
ပြင်သစ်လီဂူး ပွဲစဉ်-၁၅				**နိုဝင်ဘာ ၃၀/ဒီဇင်ဘာ ၁**
မိုနာကို	-	ရန်းနက်စ်	ည ၁၀:၃၀	(-)
ဂူအင်ဂမ့်	-	နန့်တက်စ်	နံနက် ၁:၃၀	(-)
လော်ရီယန့်	-	နိုက်စ်	နံနက် ၁:၃၀	(ယခင်နှစ် ၁-၁)
စိန့်အက်တီယန်	-	ရိမ်း	နံနက် ၁:၃၀	(ယခင်နှစ် ၀-၀)
တူးလော့စ်	-	ဆိုးချော့စ်	နံနက် ၁:၃၀	(ယခင်နှစ် ၂-၀)
ဗလင်စီနက်	-	ထိုင်လီ	နံနက် ၁:၃၀	(ယခင်နှစ် ၁-၃)

အမှတ်ပြည့်ယူမယ့် ရီးရဲမက်ဒရစ်

လာလီဂါပွဲစဉ် (၁၅) ကို နိုဝင်ဘာ ၃၀ရက်နဲ့ ဒီဇင်ဘာ ၁ ရက်မှာ ယှဉ်ပြိုင်ကစားမှာမို့ ဒီပွဲစဉ်မှာ တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာတို့အတွက် ပွဲကျပ်အဖြစ်ကြုံတွေ့ရမှာဖြစ်သလို ရီးရဲမက်ဒရစ်က အိမ်ကွင်းမှာ အမှတ်ပြည့်ရဖို့ အခြေအနေရှိပါတယ်။ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ အာရုံစိုက်နေတဲ့ စီရော်နယ်ဒိုရဲ့ ဂိုးသွင်းဟန်တွေကိုလည်း မြင်တွေ့ရနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဘီလ်ဘာအိုနှင့် ဘာစီလိုနာ

တိုက်စစ်မှူးမက်ဆီရောဂိုးသမား ဗီဒက်ပါ မပါဝင်နိုင်တဲ့ ဒီပွဲအတွက်တော့ ဘာစ်လိုနာတို့အခက်တွေ့စရာဖြစ်နေပါတယ်။ ဘာစီလိုနာဟာပွဲ တိုင်းအနိုင်ယူရေးဦးတည်နေပေမယ့် ကစားသမားမစုံလင်တာကြောင့် အနိုင်ရရေးဟာ ရင်ပူစရာဖြစ်နေပါတယ်။ ဘီလ်ဘာအိုကွင်းမှာ ဘာစီလိုနာတို့အသာစီးရအောင် ကြိုးစားနိုင်ခဲ့သလို သရေပွဲဖြစ်အောင်ရုန်းကန်ရတဲ့ အစဉ်အလာရှိတာမို့ ဘီလ်ဘာအိုတို့အမှတ်ရနိုင်တဲ့ပွဲဖြစ်ပါတယ်။

ရီးရဲမက်ဒရစ်နှင့် ဗယ်လာဒိုလစ်

ဒဏ်ရာရရှိနေတဲ့ စ်ရော်နယ်ဒို ပါဝင်ဖို့ မသေချာပေမယ့် အမှတ်ပြည့်ရယူရေးအရေးကြီးနေတာမို့ ဒီပွဲကို အိမ်ကွင်းမှာ ရီးရဲမက်ဒရစ်တို့ အနိုင်ကစားပါလိမ့်မယ်။ ဗယ်လာဒိုလစ်နဲ့ ဆုံတိုင်း ရီးရဲမက်ဒရစ်တို့ ဖိအားပေးကစားနိုင်တာမို့ ဘာနေဗျူးမှာ အိမ်ရှင်တို့ပဲ သုံးမှတ်ရယူဖို့ ရှိနေပါတယ်။

အယ်လ်ချီနှင့် အက်သလက်တီကို

တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာကို ဖိအားပေးနေတဲ့ အက်သလက်တီကိုဟာ ဒီပွဲမှာအဝေးကွင်းဆိုပေမယ့် အယ်လ်ချီကို တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ အိမ်ကွင်းမှာ ခံစစ်လုံအောင် ကစားတတ်တဲ့ အယ်လ်ချီတို့ကတော့ အက်သလက်တီကိုရဲ့ တိုက်စစ်ကို ဟန့်တားရင်း အမြင့်ဆုံး မျှော်လင့်ချက်က တစ်မှတ်လောက်ပဲဖြစ်နိုင်ပါတယ်။

ဗီလာရီးရဲနှင့် မာလာဂါ

ခြေရည်တူဆုံတွေ့တဲ့ ပွဲမို့အကြိတ်အနယ်ရှိမှာသေချာပါတယ်။ နှစ်သင်းစလုံးအမှတ်ပြည့်ရယူနိုင်ရေးခြေကန်တုတ်ကြမှာမို့ ဒီပွဲဟာပွဲကောင်းတစ်ပွဲပါပဲ။ ဒါပေမယ့် အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ဆောင်ကြဉ်းတတ်တဲ့ ဗီလာရီးရဲကို အပေးကွင်း ခြေပျက်တတ်တဲ့မာလာဂါတို့ ပွဲအပြီးမှာ အပျော်အပြုံးတွေ မရနိုင်ပါဘူး။

══ မိုးမြင့်လင်းလက်

ဆွမ်ဆီးအုပ်စုတက်ရန် တစ်မှတ်လို

ဆွမ်ဆီးနှင့်ဗလင်စီယာတို့ ယူရိုပါလိဂ်အုပ်စုပွဲတွင် ဆွမ်ဆီးက တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသဖြင့် ရှုံးထွက်အဆင့်တက်ရန် စောင့်ရဦးမည်ဖြစ်သည်။

ဆွမ်ဆီးတို့ ယင်းရှုံးပွဲကြောင့် ရှုံးထွက်အဆင့်တက်ရန် တစ်မှတ်လိုအပ်နေသည်။

ဒီဇင်ဘာ ၁၂ ရက်တွင် စိန့်ဂါးလန်းသို့ သွားရောက်ကစားစဉ် တစ်မှတ်ရယူရန်လိုအပ်နေသည်။ ဆွမ်ဆီးအသင်း ဆွစ်ဇာလန်၌ စိန့်ဂါးလန်းကို ရှုံးသည်တိုင်အောင် ရှုံးထွက်အဆင့်တက်ရန် အခွင့်အလမ်းရှိသည်။ နောက်ဆုံးအုပ်စုပွဲတွင် ကူဘန်က ဗလင်စီယာကို အနိုင်မကစားနိုင်လျှင် ဆွမ်ဆီးတို့အုပ်စုမှ ဒုတိယဖြင့် တက်ရောက်နိုင်သည်။

● ကောင်းမြတ်သူ-စုစည်းသည်

ဖရန့်ဖတ်နှင့် လိုင်ယွန်အုပ်စုတက်ပြီ

စပိန်လာလီဂါကလပ်များဖြစ်သည် ဆီဗီလာနှင့်ရီးရဲဘက်တစ်တို့သည် ၃၂ သင်းပြိုင်ပွဲသို့ တက်ရောက်ရန် တစ်မှတ်လိုအပ်နေသေးသည်။

ဆီဗီလာက အုပ်စု (H) တွင် အက်စ်တိုရေးကလပ်ကို တစ်ဖက်တစ်ဂိုးစီသရေကျပြီး ဖရိုင်းဘတ်နှင့် နောက်ဆုံးပွဲတွင် သရေကစားနိုင်ပါက အုပ်စုမှတက်မည်ဖြစ်သည်။လိုင်ယွန်က ရီးရဲဘက်တစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အုပ်စု (I)မှ ရှုံးထွက်အဆင့်တက်လာသည်။ ဖရန့်ဖတ်က ဘော်ဒိုးကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင် ပြီး အုပ်စု (F) မှ ရှုံးထွက်အဆင့် တက်လာသည်။

ဂျာမန်ကလပ် ဖရန့်ဖတ်သည် ပွဲပြီးရန် ၅ မိနစ်အလိုတွင် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။ ဂျာမန်ကလပ်ဖရန့်ဖတ်သည် ယင်းပွဲအနိုင်ရလိုက်သဖြင့် ဒုတိယနေရာမှ တဲလအဗစ်တက် လေးမှတ်အသာရပြီး ၃၂ သင်းပြိုင်ပွဲသို့ တက်လာသည်။

စပါးနှင့်အန်ဇီ ၃၂သင်းအဆင့်တက်

အုပ်စု (K) ယူရိုပါလိဂ်အုပ်စုပြိုင်ပွဲတွင် စပါးက နော်ဝေကလပ်ထရွန်ဆိုကို နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး အန်ဇီက ရရစ်ကို ဂိုးမရှိသရေကစားကာ စပါးနှင့် အန်ဇီတို့ ၃၂သင်းအဆင့် ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

စပါးအတွက် အဖွင့်ဂိုးကို ထရွန်ဆိုအသင်းမှ ကော့ဆေးဗစ်က ကိုယ့်ဂိုး ကိုယ်ပြန်သွင်းမိ၍ ရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၇၅ မိနစ်တွင် ဒန်ဘလီက စပါးအတွက် ဆစ်ဂတ်ဆင်၏ ဖြတ်တင်ဘောမှတစ်ဆင့်သွင်းယူခဲ့သည်။

GUSTO INSTITUTE
School of Computing & Software Engineering

ကွန်ပျူတာ နည်းပညာဖြင့် အောင်မြင်သော အနာဂါတ်ကို တည်ဆောက်လိုသူများအတွက်

edexcel
Approved Centre No. 93683

HND Diploma in Computing (UK)

B.Sc. (Hons) Computing (UK)

UK ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်းဖြစ်သည့် Edexcel နှင့် IT/Computing ဘာသာရပ်ကို အထူးပြု သင်ကြားပေးနေသော Gusto Institute တို့ ပူးပေါင်း၍ သင်ကြားပို့ချမည်ဖြစ်ပါသည်။

ENROLL NOW! FOR December INTAKE

289A, Pyay Road, Sanchaung Township, Yangon. Ph: 09 - 4500 56104, 09 - 86 28806, 01-503715

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး

ဟိန်းမင်းနိုင်(ကသာ)

တစ်ချိန်က ပန်းမြိုင်လယ်မှဥယျာဉ်မှူးအဖြစ် တင်စားလောက်သည့် မန်လည်ဆရာတော်ကြီး သီတင်းသုံးခဲ့ရာ အင်းတော်မြို့နယ် မန်လည်ရွာသို့ အလည်ရောက်ပြီး ဘုရားဖူး၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဖူးမြော်ခဲ့ရ၊ လေ့လာခဲ့ရသည်။ ပြောမဆုံးပေါင် တောသုံးတောင်စကားအတိုင်း ဗုဒ္ဓသာသနာ့ဝင်သူတော်ကောင်းတို့ တစ်ခါတစ်ခေါက်တော့ အလည်အရောက်လာစေချင်ပါသည်။

မန်လည်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ

မြန်မာစာပေသမိုင်းကို လေ့လာလျှင် ကုန်းဘောင်ခေတ်ဒုတိယပိုင်းသည် စကားပြေအရေးအသား အထွန်းကားဆုံးခေတ်ဖြစ်ပါသည်။ ပျို့၊ ကဗျာ၊ လင်္ကာဘက်တွင်လည်း အင်းပခေတ်စာပေအဆင့်ကိုမီသော စာဆိုရှင်များ ပေါ်ထွက်ခဲ့သည့်ကာလဖြစ်ပါသည်။ ပျို့ လင်္ကာ ကဗျာရေးသားမှု ထူးချွန်သူများအနက် မန်လည်ဆရာတော်မှာ တင်ရှားလှသည်။ ဆရာတော်ရေးသားသီကုံးခဲ့သည့် "မဟာသုတကာရီမဃဒေဝလင်္ကာသစ်" သည် လောကီလောကုတ္တရာနှစ်ဖြာသော ဗဟုသုတတို့ကို ပေးစွမ်းနိုင်သဖြင့် မြန်မာစာပေနယ်ပယ်တွင် တင်ရှားကျော်ကြား၍ မှီငြမ်းပြုကိုးကားရသော ကျမ်းစာတစ်စောင်အဖြစ် ယနေ့တိုင်ရပ်တည်လျက်ရှိပါသည်။

မန်လည်ဆရာတော်ဟု ထင်ပေါ်ကျော်ကြားမည့်"မောင်မာ"ကို သက္ကရာဇ် ၁၂၀၃ ခုနှစ် တန်ခူးလဆန်း ၁၂ ရက် အင်္ဂါနေ့ ညဉ့် သုံးချက်တီးကျော် ပိသာခါနက္ခတ်မွန်းတည့်ချိန်တွင် မြန်မာပြည်အတက်ပိုင်း သနာပရန္တတိုင်း မန်လည်မြို့၌ (ဖ) မြို့စာရေးကြီး ဦးတင်ညိုနှင့် (မိ) ဒေါ်ဖြေတို့မှ ဖွားမြင်ခဲ့ပါသည်။

ရုပ်လက္ခဏာ မောက်မာသန်စွမ်း ဘေးဘမ်းမရှိ ဖွားမြင်ခြင်းကြောင့် "မောင်မာ"ဟူသော အနွတ္တအမည်ကို ပေးခဲ့ခြင်းဖြစ်ပါသည်။ သုံးနှစ်သားအရွယ်တွင် ဖခင်ကွယ်လွန်ပြီး ၁၂ နှစ်သားအရွယ်၌ ပန်းသိမြို့တောင်ပေါ်ကျောင်းဆရာတော် ဦးပန်းအေး(ပန်းသိစော်ဘွားကြီး၏နောင်တော်)ထံ သွားရောက် စာပေသင်ကြားခဲ့ပါသည်။ ပညာပါရမီရင့်သန်သူဖြစ်ခြင်းကြောင့် မကြာမြင့်မီကာလ ၁၆ နှစ်သားအရွယ်မှာပင် မြန်မာစာကို သင်တုံးသင်နည်းနိသျည်းနှင့် ပုဒ်ဗျည်းမကျန် ကာရန်ပါကျ မြန်မာသဒ္ဒါ၊ ကဗျာသတ်ပုံ အလုံးစုံသောလင်္ကာတို့ကို တတ်ကျွမ်းတော်မူပါသည်။

ဒွေးချိုး၊ လေးချိုး၊ တေးတပ်၊ ကဗျာစသည်များနှင့် ဆာပါပြဇာတ်၊ ပဒုမပြဇာတ်တို့ကိုပင် ရေးသားသီကုံးနိုင်ခဲ့ပါသည်။

မွေးမိခင်ဒေါ်ဖြေ ကွယ်လွန်သည့်နှစ် အသက် ၁၆ နှစ် သားအရွယ်မှာ သာမဏေရပဗ္ဗဇ္ဇမင်္ဂလာခံယူခဲ့ရာ လျင်မြန်သော ဉာဏ်ပဋိဘာန်ကြောင့် အင်္ဂါနံအရင်းစ၍ "ရှင်ဇပန"ဟု ဘွဲ့မည်ရခဲ့ပါသည်။ သာမဏေဘပနှင့် လိင်ဒဏ်သေခိယခန္ဓကတို့ကို နှုတ်အာဂုံပြည့်စုံပြီးနောက် မွေးဖွားရင်းဒေသ မန်လည်မြို့မရှိ ပြာသာဒ်ကျောင်းကြီးဆရာတော် အရှင်နန္ဒမဋ္ဌူ တံသို့ပြန်လည်၍ စာပေဆက်လက်သင်ကြားခဲ့ရာ ပါဠိဘာသာ၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆိုဆိုသမျှ ဂန္ထန္တရဆူဆူတို့ကို လွယ်ကူစွာတတ်မြောက်တော်မူပါသည်။ ဆရာတော်အရှင်နန္ဒမဋ္ဌူသည် မဏိရလောပအကျော် တောင်တွင်းကြီး ဆရာတော်ခင်ကြီးဖျော်မှ နောက်သုံးဆက်မြောက် ဆရာတော်ဖြစ်ရကား မန်လည်ဆရာတော်ကြီးအား သီးခြားထင်ရှားအောင် သင်ကြားပြသနိုင်စွမ်းရှိသူ ပုဂ္ဂိုလ်ကျော်တစ်ပါး ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ သာသနာတော်၏ အကျိုးစီးပွားကို ထိရောက်စွာထမ်းဆောင်သယ်ပိုးလိုသော "ရှင်ဇပန" သည် ၁၂၂၅ ခု တပေါင်းလပြည့်ကျော် ၅ ရက်နေ့တွင် မဲဇာမြစ်နဒီသိမ်၌ ဥပသမ္ပဒံအားဖြင့် ရဟန်းခံတော်မူရာ အရှင်ဇပနဟူသော ဘွဲ့အမည်ကိုပင် တပ်ဆင့်ရရှိခဲ့ပါသည်။ ဥပဇ္ဈယ်ဆရာကား အနောက်ဘက်အောင်းပင်ရွာမှ ပါတော် (၆ပ)ရှိ "အရှင်ဂုဏာပါ" မတေရ်မြတ်ဖြစ်ပါသည်။ ရဟန်းခံခြင်းနှင့်ပတ်သက်၍ ဆရာတော်ကိုယ်တိုင်ပင်-

ပဏ္ဍာဝီဒူဇေးလို့ ခုရေးတဲ့ဝေါဟာ၊ လူ့ရွေးကွဲ့ကောဇာဝယ်၊ ပြောစရာအခြား၊ မှတ်လေတော့ မိန်ရာသီပယ်၊ ကျော်တိထီငါးရက်နေ့ပြား။ ။ မဲဇာမြစ်နဒီသိမ်တွင်၊ တေရ်မာရ်နိုမ်ဆယ်ပါး၊ ညဏ်ရည်ချိန်တည်တားလို့ ဘုရားရှင့်သားခေတ်ဘောင်. . .

ပျို့ လင်္ကာ ကဗျာရေးသားမှု ထူးချွန်သူများအနက် ပန်လည်ဆရာတော်မှာ ထင်ရှားလှသည်။ ဆရာတော် ရေးသားသီကုံးခဲ့သည့် "မဟာသုတကာရီမဃဒေဝလင်္ကာသစ်" သည် လောကီ လောကုတ္တရာနှစ်ဖြာသော ပဟုသုတတို့ကို ပေးစွမ်းနိုင်သဖြင့် မြန်မာစာပေနယ်ပယ်တွင် ထင်ရှားကျော်ကြား၍ မှီငြမ်းပြုကိုးကားရသော ကျမ်းစာတစ်စောင်အဖြစ် ယနေ့တိုင် ရစ်တည်လျက်ရှိ

စသည်ဖြင့် ဖွဲ့ဆိုဖော်ပြခဲ့ခြင်းအရ တင်ရှားသိသာလှပါသည်။

မန်လည်ဆရာတော်သည် သုံးပါအရ သက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် မန္တလေးမြို့ အနောက်မြင်းတီးလင်းတိုက်၌ ပါဆိုတော်မူ၍ ပိဋကတ်စာပေကို ပွားများလေ့လာခဲ့ပါသည်။ နောက်တစ်နှစ်အကြာတွင် မင်းတင်မင်းလှ ဘန္တရာဇာဘွဲ့ခံ မန်လည်မြို့ပန်၏ လျှောက်ထားချက်အရ မန်လည်မြို့သို့ ပြန်လည်ကြွရောက်တော်မူခဲ့ပါသည်။ ပြန်လည်ရောက်ရှိပြီးနောက် ငယ်ရွယ်စဉ်စာပေသင်ကြားလေ့လာစဉ်က အထူးကြည်ညိုခဲ့ဖူးသည့် နေမိဇာတ်တော်လာ မဃဒေဝမင်းအတ္ထုပ္ပတ္တိကို ပိဋ္ဌာရပေဖန်၍ မြန်မာစကားသံဖြင့် လင်္ကာသွားပေဖြာအောင် သီကုံးရေးသားတော်မူခဲ့ပါသည်။

တိုစဉ်ကာလတွင် မြစ်စဉ် ခရိုင်ပန်သည် နယ်လှည့်လာခိုက်ကြုံကြိုက်၍ မေးမြန်းလျှောက်တားသော ဘာသာရေးပုစ္ဆာများကို လွယ်ကူစွာဖြေဆိုနိုင်ရုံမျှမက ဓာတုကတာကျမ်း၏ အရကောက်အမေးများဖြင့် ပြန်လည်မေးမြန်းတော်မူရာ မြစ်စဉ်ခရိုင်ပန်က မဖြေဆိုနိုင်သဖြင့် ပန်ချတောင်းပန်၍ ပူဇော်ကန်တော့သည်ကို ခံယူခဲ့ရပါသည်။ တိုအချိန်မှစ၍ ဆရာတော်၏ ဂုဏ်သတင်းသည် တဖြည်းဖြည်းဖြင့် မန္တလေးနေပြည်တော်သို့အရောက် တွန်းပေါက်တော်မူခဲ့ပါသည်။

သာသနာ့အာဇာနည်ရဟန်းတော်ကြီးဖြစ်သော ဆရာတော်ကြီးသည် သာသနာရေးကိစ္စလုပ်ငန်းတာပန်အပပကြောင့် အပြီးမသတ်နိုင်ခဲ့သော မဃဒေဝလင်္ကာသစ်ကို ၁၂၆၆ ခုနှစ်တွင်မှ ဆက်လက်ရေးသားတော်မူရာ တော်သလင်းလပြည့်ကျော် ၁၄ ရက် သောကြာနေ့ ည ၈ နာရီအချိန်တွင် အောင်မြင်ပြီးဆုံးခဲ့ပါသည်။ စာပေကျမ်းဂန်များရေးသားပြုစုရုံမျှမက ဆက်လက်လေ့လာအားထုတ်ခဲ့ရာ မန်လည်ဆရာတော်သည် ဘင်္ဂလီ၊ နာဂရီ၊ သီဟိုဠ်ဘာသာစသော ဘာသန္တရကျမ်းများကိုလည်းကောင်း၊ ဇာတ်နိပါတ်၊ ရာဇပင်၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်း၊ အဂ္ဂိရတ်ကျမ်းများနှင့်တကွ တတ်သင့်တတ်ထိုက်သော ပညာဗဟုသုတသိပ္ပါယဗာနများကိုလည်းကောင်း တစ်ဖက်ကမ်းခပ်အောင် တတ်မြောက်တော်မူပါသည်။

ဆရာတော်ဘုရားကြီးသည် စာပေ၊ ကျမ်းဂန်ရေးသားမှု၌သာ ရောင့်ရဲနေတော်မူသည်မဟုတ်ဘဲ နိုင်ငံတော်အတွင်းလှည့်လည်၍ သာသနာပြုရန် ကြွရောက်တော်မူခဲ့ပါသည်။ ၁၂၆၈ ခုနှစ်တွင် မိုးကုတ်မြို့သို့လည်းကောင်း၊ ၁၂၆၉ ခုနှစ်တွင် မန္တလေး၊ စစ်ကိုင်းမြို့များသို့ လည်းကောင်း၊ ၁၂၇၆ ခုနှစ်၌ မဟာရာဇာစော်ဘွားကြီး၏ ပင့်လျှောက်ချက်အရ သီပေါမြို့သို့လည်းကောင်း ကြွရောက်တော်မူခဲ့ပါသည်။ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်မြို့များကို အကြိမ်ကြိမ်သွားရောက်ခဲ့ပြီး ကောလင်း၊ ပန်းသိ၊ မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနားမြို့များသို့လည်းကောင်း ကြွရောက်သာသနာပြုခဲ့ပါသည်။ ၁၂၈၁ ခုနှစ် ပြာသိုလမှစ၍ လှည့်လည်ပြန်ရာ စစ်ကိုင်း၊ ပခုက္ကူ ပြည်၊ ဟင်္သာတ၊ မင်းလှ၊ ပုသိမ်၊ ရန်ကုန်၊ သထုံ၊ မော်လမြိုင်စသော မြို့များသို့လည်းကောင်း၊ အပြန်ခရီးတွင် ပဲခူး၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနားစသောမြို့များသို့လည်းကောင်း ရောက်ရှိ၍ သာသနာပြုခဲ့ပါသည်။ ဆရာတော်၏ ဘုန်းကံပါရမီအလျှောက်ဖြစ်လာရသော ထူးခြားချက်မှာ ၁၂၅၉ ခုနှစ်တွင် အိန္ဒိယပြည် လပ်ကနောင်းမြို့ရှိ ပြည်နယ်ပြတိုက်မှူး မြတ်ကြက်မှူးနှင့်အတွင်းရေးမှူးဖြစ်သူ ဒေါက်တာအေဖျူရာ (Dr.A.Fuhrer, Ph.D) ထံမှတစ်ဆင့် ကပ္ပိလဝတ်ပြည် ဆထူပစေတီတော်ကြီးအတွင်းမှ "ဗုဒ္ဓဒန္တ"ဟု အဓိပ္ပာယ်ရသည့် နာဂရီစာဖြင့်ရေးသားထားကာ ဗုဒ္ဓအံတော်အစစ်ကို လက်ခံရရှိခဲ့ပါသည်။ အံတော်ကို မန်လည်မြို့ ပြာသာဒ်ကျောင်းအတွင်း ၁၂၅၄ ခုနှစ်က တည်ထားခဲ့သော ဉာဏ်တော် ၇၈ တောင်ရှိ တာဝတိံသာမဟာအဘယစုဋ္ဌာမနိစေတီတော် အနောက်မုခ်တွင် ၁၂၈၁ ခု ပြာသိုလတွင် ဌာပနာတော်မူခဲ့ပါသည်။ အင်္ဂလန်ပြည့်ရှင် ပဥ္စမ မြောက်ဂျော့ဘုရင်လက်ထက်တွင် အိန္ဒိယဘုရင်ခံချုပ် ချမ်းစီးဖို့ (Mon- tagu Chelmford) က ကြည်ညိုလေးမြတ်တော်မူသဖြင့် ၁၂၇၉ ခု (၁၉၁၇) ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခြင်း ခံယူခဲ့ပါသည်။

မန်လည်မြို့သို့ ပြန်လည်ရောက်ရှိပြီးနောက် ၁၂၈၂ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်နေ့ နံနက် ၁ နာရီခွဲတွင် သက်တော် ၇၉ နှစ် သိက္ခာတော် ၅၆ ပါအရတွင် ဘပနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

လယ်တီဆရာတော်ကြီး၏ တောင်းပန်လျှောက်ထားချက်အရ-ဆန်းသံခိပ်နှင့် အလင်္ကာသံခိပ်ကျမ်းများကို ရေးသားနေဆဲအခါတွင် ပျံလွန်တော်မူခြင်းဖြစ်ပါသည်။ ထိုအချိန်ထိရေးသားပြီးစီးခဲ့သော စာတမ်းများကား ကျမ်းစာပေါင်း ၆ပ၊ ဘုရားရှိခိုး ၁၁ မျိုး၊ မောင်းသီချင်းနှင့် အံတော်သီချင်း၊ ဒွေးချိုး၊ လေးချိုး၊ တေးတပ်၊ လင်္ကာ၊ ရတုမြောက်မြားစွာနှင့် သံချိုများ၊ ဘုန်းကြီးပျံ့ငိုချင်းများ စသည်ဖြင့် အများအပြား တွေ့ရှိရပါသည်။ မန်လည်ဆရာတော်ဘုရားကြီး၏ မပုပ်မသိုးကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို အုတ်၊ ပြာသာဒ်ဆောက်လုပ်ထည့်သွင်း၍ ပူဇော်ကိုးကွယ်ကြပါသည်။ ပတမဆောက်လုပ်လှူဒါန်းသော နားခါရွာဦးဖောင်နှင့် ဦးကြီးညိုတို့ အမျူးပြုသည့်ပြာသာဒ်တော်ကြီးသည် ၁၃ပ၈ ခုနှစ် မြေလျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သဖြင့် အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များပါပင်၍ အသစ်ဆောက်လုပ်လှူဒါန်းခဲ့ရာ ၁၃၃၆ ခုနှစ် တပို့တွဲလပြည့်နေ့၌ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရင်ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ကြီးကိုယ်တိုင်အမျူးပြု၍ ရေစက်သွန်းချလှူဒါန်းပူဇော်နိုင်ခဲ့ပါသည်။ မန်လည်သည် ယခုအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် တည်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

သီပေါမြို့နယ်၌ မီးဘေးကာကွယ်ရေး အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်

သီပေါ နိုဝင်ဘာ ၂၉

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်တွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၈ ရက်က မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ပတ်ပန်းကျင်ကျေးရွာများသို့ လှည့်လည်ပြီး အိမ်တိုင်း အိမ်တိုင်း မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့် လှေကားများတားရှိရေးတို့ကို အသံချဲ့စက်ဖြင့် ကွင်းဆင်းလှည့်လည် နှိုးဆော်လျက်ရှိသည်။

ထို့အပြင် ရပ်ကွက်၊ ကျေးရွာပြည်သူများ မီးအသုံးပြုချိန်၊ ငြိမ်းသတ်ချိန်များကိုပါ သတ်မှတ်ပြီး မီးကြိုတင်ကာကွယ်ရေးအချက် ၁ပ ချက်တို့ကို လိုက်နာဆောင်ရွက်ရန် ပညာပေး ဟောပြောလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

စိုင်း(သီပေါ)

ဟောင်သရောမြစ်မှ ကုန်သွယ်မှုကြောင့် ကျုံဒိုးမြို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်

ကျုံဒိုး နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံတွင် ကုန်သွယ်မှုစီးဆင်းရာ လမ်းကြောင်းများတွင် ကရင်ပြည်နယ်မှ မြပတီ-မဲဆောက် နယ်စပ်ကုန်သွယ်မှု လမ်းကြောင်းသည် အရေးပါသော ကုန်သွယ်မှုလမ်းကြောင်းတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသို့ ယခုတင်သွင်း ပို့ဆောင်လျက်ရှိသောကုန်ပစ္စည်းများသည် ထိုင်းနိုင်ငံမှ ကရင်ပြည်နယ်မြပတီ- မဲဆောက် နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားနှင့် နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းများမှ မြန်မာနိုင်ငံ မြို့ကြီးများသို့ ကူးသန်းရောင်းပယ် တင်ပို့လျက်ရှိသည်။

အဆိုပါတင်သွင်းသော ကုန်ပစ္စည်းများမှာ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများစသည့်အဓိကသုံးမျိုးဖြစ်ပြီး အများဆုံးတင်ပို့သော ကုန်ပစ္စည်းများမှာ ဘိလပ်မြေ၊ Light Truck နှင့် အခြားသော ကားများ၊ ဆိုင်ကယ်၊ စက်ဘီး၊ ချည်တည်ပစ္စည်းများ၊ စက်သုံးဆီများ၊ ဂက်စ်အိုးနှင့် ဂက်စ်များ၊ အခြားစားသုံးကုန်ပစ္စည်း မြောက်မြားစွာကို တင်ပို့လျက်ရှိရာ ထိုင်းနိုင်ငံမှ တင်သွင်းသော ဘိလပ်မြေများသည် နေ့စဉ်ကုန်တင်ကားကြီးများဖြင့် ကရင်ပြည်နယ် ဒေါနတောင်တန်း ကားလမ်းမှ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ မြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိသည်။ တိုသို့တင်ပို့ရောင်းပယ်ရာတွင် ကုန်းလမ်းရေလမ်းများဖြင့် ပို့ဆောင်လျက်ရှိရာ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့၏ အဓိကရေလမ်းဖြစ်သော ဟောင်သရောမြစ်မှ လှေ၊ စက်လှေ၊ မော်တော်၊ ဇက်၊ ကုန်တင်သင်္ဘောများဖြင့် အခြားမြို့ကြီးများသို့ ပို့ဆောင်လျက်ရှိသည်။ ဟောင်သရောမြစ်မှ အဓိကကုန်လာတင်သော ကုန်တင်သင်္ဘောမှာ ငွေကျိုးကြာနှင့် နန်းဇရာဖြစ်ပြီး ငွေကျိုးကြာကုန်တင်သင်္ဘောသည် ဘိလပ်မြေအိတ် ၁၀၀၀၀ ကျော်ခန့်ဆံ့ပြီး နန်းဇရာသည် ဘိလပ်မြေအိတ် ၆ပပပ ကျော်ခန့် ဆံ့သဖြင့် ၆၊ ၁၀၊ ၁၂ ဘီးယာဉ်ကြီး ၁၃ စီးကျော်ခန့် ကုန်တင်ကုန်ချ လုပ်ရကြောင်း သိရသည်။ **(အောက်ပုံ)**

တို့ကြောင့် အလုပ်သမားရုံးမှ အလုပ်သမားများသည် ကုန်တင်ကားနည်းသည့်နေ့ဆိုလျှင် တစ်နေ့လုပ်အားခ ၅၀၀၀ ကျော်မှ ၈၀၀၀ ကျော်အတိ ရရှိကြပြီး ကုန်တင်ကားများသည့်နေ့ဆိုလျှင် ငွေကျပ် ၁၀၀၀၀ ကျော်မှ ၁၄၀၀၀ ကျော်အတိ ရရှိကြသဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေး ဒုတိယနေ့ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့် ဆရာတော်သံဃာတော်များအား လျှောက်ထားစဉ်။ (သတင်းစဉ်)

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ သာသနာရေးမှူးများ တက်ရောက်ကြသည်။

နံနက်ခင်း ပထမပိုင်းအစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဆောင်ရွက်ချက်များအနက် ဆရာတော် ဘဒ္ဒန္တဓမ္မာစရ(မဟာဂန္ထဝါစကပဏ္ဍိတ) က ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ၊ ဘဒ္ဒန္တကုန္ဒကက သာသနာရေးရာ ဆောင်ရွက်ချက်များနှင့် ဘဒ္ဒန္တဉာဏာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ) က ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အသီးသီး ဝေဖန်ဆွေးနွေးတော်မူ၍ ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်၊ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ကြပြီး နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အစည်းအဝေးကို ရပ်နားကြသည်။ ထို့နောက် ဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၉၄၃) ကန်သာအေး (၂)လမ်း (၃၅)ရပ်ကွက်နေ မန္တယ်နွယ်ခိုင်(နိဗ္ဗဒ္ဓ)မှ တစ်နေ့တာဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် ဒုတိယပိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်၊ သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ချက်များ ဆောင်ရွက်တော်မူကြပြီး သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ပထမအကြိမ် တာဝန်ကျကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဓမ္မပါလာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) က အတည်ပြုချက်ရယူတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က အထွေထွေပိုင်း လျှောက်ထားရာတွင် ရွှေတိဂုံစေတီတော်ကြီး၌ စေတီတော်ကြီးကြခိုင်ရေးနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များ ဩဝါဒပေးရန် ဩဝါဒစရိယဆရာတော် ၁၁ ပါးဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ယခုအခါ ဩဝါဒစရိယဆရာတော်ကြီး သုံးပါးလစ်လပ်နေသဖြင့် ဩဝါဒါစရိယဆရာတော် သုံးပါး အစားထိုးရွေးချယ်ပေးစေလိုပါကြောင်း၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လူပေါင်းစုံ၊ အလွှာပေါင်းစုံလာရောက်ဖူးမြော်ကြသည့်အမြင် စေတီတော်မြတ်ကြီး၏ သပ္ပာယ်မှုနှင့် ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါတရားကို မညှိုးနွမ်းစေရန်အတွက် စေတီတော်မြတ်ကြီးအား စောင့်ရှောက်ဩဝါဒပေးနိုင်သည့် ဆရာတော်ကြီးများ လိုအပ်နေပါကြောင်းဖြင့် လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၁၊ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ်များတွင် ပြောကြားခဲ့သည့် မိန့်ခွန်းများ စာအုပ်ထွက်ရှိ မြန်မာ့နိုင်ငံရေး စိတ်ဝင်စားသူတိုင်း လက်စွဲပြုရမည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်

ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရ တာဝန်ယူပြီးနောက်ပိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များအတွင်း ပြောကြားခဲ့သည့်မိန့်ခွန်းများကို စုစည်းပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စာအုပ်အဖြစ်စီစဉ်၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစတင် ဖြန့်ချိရောင်းချမည်ဖြစ်သည်။ **(ယာပုံ)**

အဆိုပါစာအုပ်တွင် နိုင်ငံတော်သမ္မတ၏ ပြည်တွင်း၊ ပြည်ပခရီးစဉ်များ၊ လူထုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲများ၊ မိဘပြည်သူများထံတင်ပြသည့် ရေဒီယိုမိန့်ခွန်းများအပါအဝင် ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်အတွင်း ပြောကြားခဲ့သော မိန့်ခွန်းနှင့်အမှာစကား စုစုပေါင်း ၄၀ ကို စုစည်းထားခြင်းဖြစ်သည်။

ထည့်သွင်းဖော်ပြ

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ပြောကြားသော နိုင်ငံတော်သမ္မတ၏ ရေဒီယိုမိန့်ခွန်းပါ ကောက်နုတ်ချက်ကိုဖော်ပြထားရာ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများမှတစ်ဆင့် နိုင်ငံတော်အစိုးရက လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် မိဘပြည်သူများအပေါ် ထားရှိသော စိတ်နေသဘောထားတို့ကို ထင်ရှားစွာတွေ့ရှိရမည် ဖြစ်ပေသည်-

“ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးဝမ်းဆောင်ရွက်လျက်ရှိပါတယ်”။

မိန့်ခွန်းနှင့် အမှာစကားတစ်ခုချင်းစီအလိုက် မှတ်တမ်းဓာတ်ပုံများဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားရာ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများကို အမှတ်တရစုစည်းထားလိုသူများနှင့် မြန်မာ့နိုင်ငံရေး၏ ဒီမိုကရေစီလမ်းကြောင်း အချိုးအကွေ့ကို စိတ်ဝင်စားသူတိုင်း လက်စွဲပြုရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

စာမျက်နှာ ၂၆၈ မျက်နှာပါရှိသော အဆိုပါစာအုပ်ကို မျက်နှာဖုံးဒီဇိုင်း မြင့်မောင်ကျော် ရေးဆွဲ၍ ရွှေထီးပုံနှိပ်တိုက်တွင် ရိုက်နှိပ်ကာ တစ်အုပ်လျှင် ရောင်းဈေး ကျပ် ၃၅၀၀ နှုန်းဖြစ်ကြောင်း သိရသည်။

အင်္ဂလိပ်ဘာသာဖြင့်လည်းထုတ်ဝေမည်

အဆိုပါစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် မကြာမီ ဆက်လက်ထုတ်ဝေသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆက်သွယ်ပယ်ယူနိုင်

* စာပေဗိမာန်စာအုပ်ဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်။ ဖုန်း ၀၆၇-၄၀၄၆၈၁

* စာပေဗိမာန်စာအုပ်ဆိုင်၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၉၀၃၁

* စာပေဗိမာန်စာအုပ်ဆိုင်၊ (၈၆)လမ်း၊ (၂၁)လမ်းနှင့် (၂၂) လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၂၉၂၅၊ ၆၂၉၃၁

* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ ၁၇၃-၁၇၅၊ ပန်းဆိုးတန်း (အလယ်လမ်း)၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၃၁၀၀၂၇၄

* အင်းဝစာပေ၊ အမှတ် (၂၀၀/၃၀၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၄၃၂၁၆၊ ၃၈၉၈၃၈

* **Tab Book Centre**၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၆၀၀၀၄၃

* ထွန်းဦးစာပေဖြန့်ချိရေး၊ အမှတ် (၁၀၁)၊ (၈၄) လမ်း၊ (၂၉)လမ်းနှင့် လမ်း (၃၀) ကြား၊ မန္တလေး။ ဖုန်း ၀၂-၃၉၈၀၁၊ ၇၂၅၁၈

* နဂါးစာပေ၊ အမှတ် (၂၉/ခ)၊ (၈၃) လမ်း၊ (၂၉) လမ်းနှင့် လမ်း (၃၀)ကြား၊ မန္တလေး။

မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင်လည်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပြိုင်ပွဲဝင် အားကစားသမားများအားလုံးကို တစ်နိုင်ငံလုံးက ဝိုင်းဝန်းအားပေးမည် ယှဉ်ဖြိုင်လျှင်အနိုင်ရမည်၊ မြန်မာဆိုလျှင်နိုင်ရမည် ပြင်းပြသောအောင်နိုင်စိတ်ဖြင့် ပြိုင်ပွဲဝင်

နေပြည်တော် နိုဝင်ဘာ ၂၉

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် နိုင်ငံ့ကိုယ်စား ပါဝင်ယှဉ်ပြိုင်ကြမည့်မြန်မာအားကစားအဖွဲ့အား အားပေးစကားပြောကြားပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်အားကစားရွာရှိ (Gold Camp) အားကစားလေ့ကျင့်စခန်း၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အကြံပေးပုဂ္ဂိုလ်ဦးအောင်ဒင်က အားကစားသမားများ အနေနှင့် ယခုအချိန်အခါတွင် မိမိတို့ပခုံးပေါ်ကျရောက်လာသော အားကစားတာဝန်ကို အများပြည်သူရှေ့မှောက်၌ တာဝန်ကျေစွာထမ်းဆောင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ပြောကြား

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က နိုင်ငံတော်၏ဂုဏ်ကို မြန်မာအားကစားသမားများ၏ စည်းကမ်းသေဝပ်မှု၊ ချစ်ခင်ရင်းနှီးမှု၊ စိတ်ဓာတ် ကောင်းမွန်မှုပုံရိပ်တို့ကို နှစ်ပေါင်းများစွာတိုင်အောင် ကမ္ပည်းတင်ကျန်ရစ်ခဲ့အောင် စွမ်းဆောင်ကြရန် ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ယခုအချိန်သည် ပြိုင်ပွဲဝင်ရန်အတွက် လေ့ကျင့်သား ပြည့်ဝနေပြီဖြစ်၍ မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ပြီး စိတ်ဓာတ်တည်ငြိမ်စွာဖြင့် ပြိုင်ပွဲဝင်ရန်အတွက် အဆင်သင့်ပြင်ဆင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရမှလည်း အားကစားသမားအတွက် နေရေးထိုင်ရေး၊ စားသောက်ရေး၊ လေ့ကျင့်မှုအားလုံးကို ပံ့ပိုးနိုင်သရွေ့ အကောင်းဆုံး ထောက်ပံ့ပေးထားပြီးဖြစ်၍ အားကစားသမားများအနေနှင့် စိတ်ဓာတ်ကြောင့်ကြမှုမရှိစေဘဲ ပြိုင်ပွဲကို အေးချမ်းတည်ငြိမ်စွာဖြင့် အောင်မြင်ရမည်ဟု ပြင်းပြသောဆန္ဒဖြင့် ယှဉ်ပြိုင်ရန်လိုအပ်ကြောင်း၊ ပြင်းပြသောဆန္ဒရှိပါက အရာရာကို ကျော်လွှားနိုင်ကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများ အားလုံးကို တစ်နိုင်ငံလုံးက ဝိုင်းဝန်းအားပေးမည်ဖြစ်ကြောင်း၊ အောင်မြင်ပါက နိုင်ငံတော်နှင့်ပြည်သူများကပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ယှဉ်ပြိုင်လျှင်အနိုင်ရမည်၊ မြန်မာဆိုလျှင်နိုင်ရမည်ဟု ပြင်းပြသောအောင်နိုင်စိတ်ကို ရင်ထဲကိန်းအောင်း၍ ပြိုင်ပွဲဝင်ရန် လိုအပ်ကြောင်း ပြောကြားပြီး အားကစားရွာဝင်ပေါက်ဂိတ်အမှတ်(၂)ရှိ လုံခြုံရေးဂိတ်၌ အားကစားသမားများ ဝင်ရောက်မှု၏ **Accreditation Card** စစ်ဆေးမှု၊ မြန်မာအားကစားသမားများအတွက် သယ်ယူပို့ဆောင်ပေးမည့် မော်တော်ယာဉ်များတားရှိရာတို့သို့ လှည့်လည်စစ်ဆေးပြီး မော်တော်ယာဉ်ဝင်ရောက်ထွက်ခွာမှု စနစ်တကျ မှတ်ပုံတင်ထားရှိရေး၊ မော်တော်ယာဉ်များ၌ ပြိုင်ပွဲ Logo နှင့် Mascot များ တပ်ဆင်ထားရှိရေးနှင့် ယာဉ်မောင်းများ တူညီဝတ်စုံသတ်မှတ်ရေး၊ စနစ်တကျကြပ်မတ်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ပြည်တွင်းသတင်း

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် Mae Fah Luang တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ အဓိပတိနှင့်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Mae Fah Luang တက္ကသိုလ်ကောင်စီဥက္ကဋ္ဌအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် မြန်မာနိုင်ငံ ပြည်သူလူထု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်း၊ လက်ရှိနိုင်ငံရေးအခြေအနေနှင့် ဖြစ်ပေါ်လာနိုင်သည့် အနာဂတ်၏အခြေအနေများကို စဉ်းစားတွက်ဆပြီး ကြိုးပမ်းဆောင်ရွက်နေကြသည့်ကာလ၌ ယခုကဲ့သို့ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များ ချီးမြှင့်ပေးခြင်းသည် မိမိနှင့်တကွပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အသိအမှတ်ပြုမှုတစ်ရပ်အဖြစ် မိမိခံယူပါကြောင်း။

ယနေ့ မျက်မှောက်ခေတ်ကာလတွင် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ခိုင်မာသည့် ရည်မှန်းချက်ဖြင့် ဖော်ဆောင်လျက်ရှိပါကြောင်း။

ဒီမိုကရေစီစနစ်ကို စတင်ဖော်ဆောင်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကကဏ္ဍမြင့်တင်ရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အသွင်ကူးပြောင်းရာတွင် ဗဟိုဦးစီးစနစ်မှ ဒီမိုကရေစီစနစ်သို့၊ ဗဟိုကချုပ်ကိုင်သောစီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့၊ ဗဟိုမှကြိုးကိုင်သည့် အုပ်ချုပ်ရေးစနစ်မှ ပြည်သူကိုဗဟိုပြုသော အုပ်ချုပ်ရေးစနစ်သို့ ညင်သာစွာကူးပြောင်းနေခြင်းဖြစ်ပါကြောင်း။

မိမိတို့အစိုးရ၏ရည်မှန်းချက်မှာ ပြည်သူအများ လိုလားတောင့်တနေသည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆန္ဒများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း။

နိုင်ငံရေးအရ နိုင်ငံရေးအင်အားစုများ တည်တည်ငြိမ်ငြိမ်ရှိအောင် မိမိတို့၏နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံးပါဝင်လာခွင့်ရအောင် နိုင်ငံရေးအကျဉ်းသားများစွာကို အကြိမ်ကြိမ် ပြန်လွှတ်ပေးခဲ့ပါကြောင်း၊ ထို့အပြင် နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်သည့် လက်နက်ကိုင်တိုင်းရင်းသားဝင်္ဂဝကွဲများ ချုပ်ငြိမ်းအောင် ငြိမ်းချမ်းရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

နိုင်ငံရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေခြင်းဖြစ်သည့်အတွက် နိုင်ငံရေးပြောင်းလဲမှုနှင့် တစ်ချိန်တည်းမှာပင် စီးပွားရေးပြုပြင်ပြောင်းလဲရေးများကိုလည်း ပြုလုပ်ရပါကြောင်း၊ မိမိတို့နိုင်ငံသည် စီးပွားရေးပိတ်ဆို့မှုဒဏ်ကို နှစ်ပေါင်း ၂၀ ခန့် ခံခဲ့ရပါကြောင်း၊ လူဦးရေအများစုနေထိုင်ကြသော ကျေးလက်နေပြည်သူများသည် ဆင်းရဲနွမ်းပါးမှုနှုန်း အများဆုံးဖြစ်နေပါကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုနှုန်း ကျဆင်းရေးကို ဦးစားပေးလုပ်ငန်းရပ်အဖြစ် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းပြည်စီးပွားရေးထူထောင်ရန်အတွက် မိမိတို့တွင် သဘာဝအရင်းအမြစ်တွေရှိပါကြောင်း၊ လုပ်သားများရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ပတ်ဝန်းကျင်တွင်လည်း လူဦးရေများပြားသော ဈေးကွက်ကြီးများရှိနေပါကြောင်း၊ ယင်းအခွင့်အလမ်းကောင်းများ ရှိနေသကဲ့သို့ လိုအပ်ချက်များလည်း ရှိနေပါကြောင်း၊ မိမိတို့၏ အဓိကလိုအပ်ချက်သည် အရင်းအနှီး၊ နည်းပညာနှင့် လူသားစွမ်းရည်အရင်းအမြစ်တို့ဖြစ်ပါကြောင်း။

ထို့ကြောင့် ယနေ့ အရင်းအနှီးနှင့် နည်းပညာများရအောင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေပါကြောင်း၊ လူသားစွမ်းရည်အရင်းအမြစ်များ ရရှိရန်အတွက် လေ့ကျင့်ပျိုးထောင်ယူရမည် ဖြစ်ပါကြောင်း၊ ဤနေရာတွင် ပညာရေးသည် အဓိကကျပါကြောင်း၊ ပညာရေးကသာလျှင် လူသားစွမ်းရည်အရင်းအမြစ်များကို အခြေခံမြှင့်တင် ပေးနိုင်မည်ဖြစ်သည့်အတွက် ပညာရေးတွင် အခြေခံပညာမှစပြီး အဆင့်မြင့်ပညာများကို မြှင့်တင်ရန် ပညာရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ပြုလုပ်နေပါကြောင်း။

တိုင်းနိုင်ငံရှိ အဆွေတော်တို့၏ မယ်ဖလောင်းတက္ကသိုလ်နှင့် နာရာဆွမ်တက္ကသိုလ်တို့သည် ထိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များကို များစွာမွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူပါကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရာတွင် မြန်မာ့တက္ကသိုလ်အချို့ကို အဆွေတော်တို့၏ တက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး အဆွေတော်တို့၏ အတွေ့အကြုံများကိုလည်း ရယူသွားလိုပါကြောင်း၊

ယခု မယ်ဖလောင်းတက္ကသိုလ်ကပေးသည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နှင့် နာရာဆွမ်တက္ကသိုလ်ကပေးသည့် ပြည်သူ့ရေးရာ နိုင်ငံရေးသိပ္ပံ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့တို့ကို မိမိအနေဖြင့် တန်ဖိုးထားပါကြောင်းနှင့် တိုင်းပြည်တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေမည့် ခွန်အားတစ်ရပ်အဖြစ် ခံယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ ခေတ္တပြည်ထောင်စုဝန်ကြီးနှင့် Naresuan တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ အဓိပတိနှင့်အဖွဲ့တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ယနေ့ အရင်းအနှီးနှင့် နည်းပညာများရအောင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေ၊ လူသားစွမ်းရည် အရင်းအမြစ်များရရှိရန်အတွက် လေ့ကျင့်ပျိုးထောင်ယူရမည်ဖြစ်၊ဤနေရာတွင် ပညာရေးသည် အဓိကကျ၊ ပညာရေးကသာလျှင် လူသားစွမ်းရည်အရင်းအမြစ်များကို အခြေခံမြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အတွက် ပညာရေးတွင် အခြေခံပညာမှစပြီး အဆင့်မြင့်ပညာများကို မြှင့်တင်ရန် ပညာရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ပြုလုပ်နေ။

ကယားပြည်နယ်ရှိ စေတနာ့ဝန်ထမ်းအဖွဲ့များသို့ ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ စိန်မာတင်ဘိုးဘွားရိပ်သာ၌ ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ထောက်ပံ့ပြီး ဦးအောင်ဇော်မြင့်-ဒေါက်တာမြတ်မြတ်အုန်းခင်မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းသည်။ ထို့နောက် ပြည်နယ်ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ထောက်ပံ့၍ အားပေးစကားပြောကြားကာ ဦးအောင်ဇော်မြင့်-ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်မိသားစုက အလှူငွေကျပ် တစ်သိန်း လှူဒါန်းကာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးရုံးနှင့်မူလတန်းကြိုကျောင်း၊ ပြည်နယ်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးရုံးနှင့် ကယ်ဆယ်ရေးဂိုဒေါင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပသော ကယားပြည်နယ်လွိုင်ကော်နှင့် ဘော်လခဲခရိုင်တို့ရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြည်နယ်အတွင်း လူမှုစီးပွားဘဝမြင့်မားရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး (**အောက်ပုံ**)နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က လွိုင်ကော်မြို့နယ်ရှိ စိန်မာတင်ဘိုးဘွားရိပ်သာအတွက် ၂၀ ဒသမ ၆ သိန်း၊ ပြည်နယ်ဘိုးဘွားရိပ်သာအတွက် ၂၀ ဒသမ ၉ သိန်း၊ လောမွေ့မြို့ဦး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၆ ဒသမ ၇၂ သိန်း၊ ဗတိုတပ်ဦးလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၆၇ ဒသမ၁၆ သိန်း၊ ဝမ်းကုန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၁၃ ဒသမ ၈ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၈ ကျောင်းအတွက် ၁၀၈ သိန်း၊ ဖရူဆိုမြို့နယ်ရှိ ညောင်ဇင်ကျောင်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၅၈ ဒသမ ၄ သိန်း ထားလဲလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၉၁ ဒသမ ၆၇ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း နှစ်ကျောင်းအတွက် ၁၂ သိန်း၊ ဒီးမော့ဆိုမြို့နယ်ရှိ ဒေါရောက်ခူ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၄၇ ဒသမ ၄၅ သိန်း၊ ဒေါညေးခူလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၂၂ ဒသမ ၅ သိန်း၊ မြို့မ (ဝမ်းအောင်း) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၅၈ ဒသမ ၄ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၁ ကျောင်းအတွက် ၆၆ သိန်း၊ ဘော်လခဲမြို့နယ်ရှိ နန်းဖဲလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၅၇ ဒသမ ၆၇ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ခြောက်ကျောင်းအတွက် ၃၆ သိန်း၊ ဖားဆောင်းမြို့နယ်ရှိ မော်ချီးလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၃၆ ဒသမ ၆ သိန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တစ်ကျောင်းအတွက် ခြောက်သိန်း စုစုပေါင်းငွေကျပ် ၇၇၁ ဒသမ ၅၇ သိန်းကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဒီးမော့ဆိုမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးမှူးရုံးဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ-ဗြိတိန် နှစ်နိုင်ငံ တပ်မတော်အချင်းချင်းဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်မှုအခြေအနေများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဗြိတိန်ကာကွယ်ရေးဦးစီးချုပ်ဟောင်း General Sir David Richards (အငြိမ်းစား)အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဗြိတိန်ကာကွယ်ရေးဦးစီးချုပ်ဟောင်းနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr. Andrew Patrick၊ စစ်သံမှူးအဖြစ် ခန့်အပ်ထားသည့် Colonel Tony Sternနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ-ဗြိတိန် နှစ်နိုင်ငံ တပ်မတော်အချင်းချင်းဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (မြဝတီ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗြိတိန်ကာကွယ်ရေးဦးစီးချုပ်ဟောင်း General Sir David Richards (အငြိမ်းစား)အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းဆိုင်ရာ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) တို့၏ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်း (Seminor on Strategic Urban Development Plan of Greater Yangon) ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် (**ယာပုံ**)က အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်နှင့် ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) မှ Senior Representative, Mr. Akihito SANJO တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) မှ Senior Advisor, Mr. Masahiko SUZUKI၊ Project for Strategic Urban Development Plan of Greater Yangon မှ Team Leader Mr. Koji YAMADA၊ YUTRA Project မှ Team Leader , Mr. Takashi SHOYAMA၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မဟာရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

တာပါ။ လောလောဆယ် လေယာဉ်နှစ်စင်းနဲ့စတင်ပြီး ဆီးဂိမ်းအမီ ပျံသန်းပြေးဆွဲဖို့ ကြိုးစားနေပါတယ်"ဟု ၎င်းကပြောသည်။

ခရီးစဉ်နှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များ မြန်မာ့လေကြောင်း လုပ်ငန်းဌာနမှ ကြိုတင်ကြေညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

လူကုန်ကူးမှုပပျောက်မှ တို့တွေစိတ်မှာ ချမ်းသာရ

ဂန့်ဂေါမြို့နေ မြစ်သာမြစ်ရေသုံးစွဲနေရသူများအား သန့်ရှင်းသောရေ နေ့စဉ်ပုံမှန်ပေးစေစေလို

ဂန့်ဂေါ နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် မြောက်ကုန်း၊ စည်ပင်၊ မြို့မနှင့်ကျောတိုက်ဟူ၍ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိသည်။ အိမ်ခြေမှာ မြောက်ကုန်းရပ်ကွက်တွင် ၆၃၀ ဝန်းကျင်၊ စည်ပင်ရပ်ကွက်တွင် ၄၂၀ ဝန်းကျင်၊ မြို့မရပ်ကွက်တွင် ၆၇၀ ဝန်းကျင်နှင့် ကျောတိုက်ရပ်ကွက်တွင် ၈၀၀ ဝန်းကျင် စုစုပေါင်းအိမ်ခြေ ၂၅၄၀ ဝန်းကျင်ရှိသည်။ ယင်းအိမ်ခြေအများစုမှာ သောက်သုံးရေရရှိရေးအတွက် ရေတွင်းရေများကို အားကိုးအားထားပြုကြရပြီး ရေတွင်းရေရရှိရန် အခက်အခဲရှိသော အိမ်ခြေများမှာ မြစ်သာမြစ်ရေကို သုံးစွဲကြရသည်။ မြစ်သာမြစ်ရေကို သုံးစွဲကြရသူများအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေပိုက်များသွယ်တန်းကာ ရေပေးဝေနေပြီး ရေတိုင်ပေါင်း ၃၀၀ ဝန်းကျင်ရှိကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ယင်းမြစ်သာမြစ်ရေသုံးစွဲနေကြရသူများအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေပိုက်သွယ်တန်း၍ ရေပေးဝေရာတွင် နေ့စဉ်ပေးဝေနိုင်ခြင်းမရှိဘဲ ရေမလာသည့်ရက်ကများပြားနေသဖြင့် မြစ်သာမြစ်ရေကို အားကိုးနေကြရသူများ သောက်သုံးရေအတွက် အခက်အခဲ ကြုံတွေ့နေကြရသည်။

"ရေမလာတဲ့ရက်တွေမှာ ရေတစ်ပီပါကို ငွေကျပ် ၁၀၀၀ နဲ့ ဝယ်သုံးနေကြရပါတယ်။ ရေမှန်မှန်ပေးစေချင်ပါတယ်"ဟု မြစ်သာမြစ်ရေကို အားကိုးသုံးစွဲနေရသူ မြောက်ကုန်းရပ်ကွက်နေ အမျိုးသားတစ်ဦးက ပြောကြားသည်။ မြစ်သာမြစ်ရေကို ပေးဝေရာတွင် ရေတင်စက်ကို စနစ်တကျတပ်ဆင် တည်ဆောက်ပြီး ရေစစ်ကန်မှတစ်ဆင့် ပေးဝေခြင်း မဟုတ်ဘဲ ရေတင်စက်ကို မြစ်သာမြစ်ကမ်းဘေး သဲသောင်ပြင်ပေါ်တွင် ချထားလျက် ရေပေးဝေနေခြင်းဖြစ်သဖြင့် ရေတင်စက်အဆောက်အအုံကို စနစ်တကျ တည်ဆောက်ကာ ရေစစ်ကန်မှတစ်ဆင့် ရေပေးဝေစေချင်ကြောင်းလည်း ၎င်းကပြောသည်။

သို့ဖြစ်၍ သောက်သုံးရေအတွက် မြစ်သာမြစ်ရေကို အားကိုးအားထားပြုကာ သုံးစွဲနေကြရသော ဂန့်ဂေါမြို့နေသူများအတွက် ရေတင်စက်အဆောက်အအုံကို စနစ်တကျတည်ဆောက်လျက် ရေစစ်ကန်များဖြင့် နေ့စဉ်ပုံမှန်ရေပေးဝေနိုင်ရန် အမြန်ဆုံးစီစဉ်ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း ဂန့်ဂေါမြို့နေ ဒေသခံပြည်သူများ၏ အသံကို သတ်ဆိုင်ရာသို့ တင်ပြလိုက်ရပါသည်။

ကိုစေတနာ

ကလေးမြို့နယ်တွင် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရေးငွေထုတ်ချေးပေး

ကလေး နိုဝင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူဦးကြီးများထံသို့ ဆောင်းချေးငွေများကို နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိစေရေးအတွက် လည်းကောင်း၊ တောင်သူလယ်သမားတွေ အခက်အခဲဖြစ်နေသည့် စိုက်ပျိုးစရိတ်များကို ရရှိစေရေးအတွက် ဆောင်းချေးငွေများကို တောင်သူလယ်သမားများ၏ လက်ဝယ်သို့အရောက် ထုတ်ချေးပေးနေပြီဖြစ်ကြောင်းသိရသည်။

ပြဋ္ဌာန်းပြီး

တောင်သူလယ်သမားများကို ချေးငွေ ထုတ်ချေးပေးရာတွင် တောင်သူလယ်သမားတွေ အခက်အခဲဖြစ်နေတဲ့ စိုက်ပျိုးစရိတ်၊ ချေးငွေတွေ နည်းနေတယ်။ ချေးငွေတွေက အတိုးများနေတယ်၊ အစိုးရအနေဖြင့် စိုက်ပျိုးစရိတ်တွေ ချေးငွေပမာဏတွေတိုးဖို့ အတိုးနှုန်း လျှော့ဖို့ ပြီးတဲ့အခါမှာ ထိုက်သင့်တဲ့အချိန်ကာလပေးဖို့၊ အစိုးရမှာ ဥပဒေပြဋ္ဌာန်းပြီးတဲ့အခါ ထိုက်သင့်တဲ့ ပံ့ပိုးမှုတွေပေးဖို့ရန် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေတွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံများအဖြစ် နေကြာ၊ ပဲမျိုးစုံနှင့် ပန်းအမျိုးမျိုး၊ မီးဖိုချောင်သီးနှံများအဖြစ် မုန်ညင်း၊ မုံလာထုပ်၊ ပန်းဂေါ်ဖီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ စသည်တို့ဖြင့် နေရာဒေသအလိုက် စိုက်ပျိုးကြသည်။

သျှင်နေမင်း

မလေးရှားကလပ် ပီရတ်အသင်းသို့ ကျော်ဇေယျာဝင်း ပြောင်းရွှေ့

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် နိုဝင်ဘာ ၂၉

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်း၏ အသင်းခေါင်းဆောင်ဖြစ်သူ ကျော်ဇေယျာဝင်း(ဝဲပုံ)သည် မလေးရှား ဆူပါလိဂ်ကလပ် ပီရတ်အသင်းသို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်သည်။

ကျော်ဇေယျာဝင်းသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်အထိ တစ်နှစ် အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်ပြီး လစာအဖြစ် တစ်လလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ ရရှိမည်ဖြစ်သည်။ ကျော်ဇေယျာဝင်း၏ ကလပ်အသင်းဖြစ်သည့် ကမ္ဘောဇအသင်းကလည်း မြန်မာဘောလုံးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် ကစားသမား၏ အတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် အသင်းပြောင်းရွှေ့ခွင့်ပြုခဲ့ပြီး အသင်းပြောင်းရွှေ့ကြေးကို ထုတ်ပြန်ကြေညာခြင်းမရှိခဲ့ပေ။ ကမ္ဘောဇအသင်းနှင့် ပီရတ်အသင်းတို့သည် နိုဝင်ဘာ ၂၈ ရက်က ညှိနှိုင်းမှုများပြုလုပ်ကာ သဘောတူညီခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းသတင်း

အဝေးပြေးယာဉ်ပေါ်မှာ ထင်သာမြင်သာပြုပြင်စရာ

စာရေးသူ တာဝန်နှင့်ခရီးသွားတိုင်း အဝေးပြေးယာဉ်များကို စီးဖြစ်သည်။ ခေတ်မီတိုးတက်လာသောခေတ်ဖြစ်၍ အဝေးပြေးယာဉ်များ၏ အဆင့်အတန်းလည်းတိုးတက်လာသည်။ သင့်တင့်လျောက်ပတ်သော ဈေးနှုန်းနှင့် အတိုင်းအတာတစ်ခုအထိ ကျေနပ်ဖွယ်ရာဝန်ဆောင်မှုကြောင့် အထူးအထွေ ဗောဒကတက်စရာမရှိပါ။ သို့သော် ပြည်တွင်းခရီးသွားများအတွက် အဆင်ပြေသော်လည်း ပြည်ပခရီးသွား(နိုင်ငံခြားသား)များအတွက်ကား ပြုပြင်စရာတွေရှိနေပေသည်။ အဝေးပြေးယာဉ်နောက်လိုက်များ၏ အင်္ဂလိပ်စာမကျွမ်းကျင်မှုသည်လည်း အဓိကထည့်သွင်းစဉ်းစားရမည့် အချက်တစ်ခုပင်။ ပြည်တွင်းခရီးသွားများအား မှတ်ပုံတင်နံပါတ်ကောက်ခံသော်လည်း ဘာသာစကားအခက်အခဲကြောင့် နိုင်ငံခြားသားများ၏ နိုင်ငံကူးလက်မှတ်ကို တောင်းမကြည့်ဘဲ ချန်လှပ်ထားခဲ့သည်ကိုတွေ့ရ၏။ လုံခြုံရေးအတွက်အရေးကြီးလှပေသည်။ မိမိထိုင်ခုံရှေ့တွင် မိမိကြိုက်နှစ်သက်ရာ အစီအစဉ်ကို ဖွင့်ကြည့်နိုင်သော Flat TV (ရုပ်မြင်သံကြား)မပါသည့်ကားများတွင် ဖျော်ဖြေရေးအစီအစဉ်သည် နိုင်ငံခြားသားများအတွက် ပြဿနာတစ်ခုဖြစ်လာသည်။ မှတ်မှတ်ရရ စာရေးသူနှစ်ကြိမ်ကြုံဖူးသည်။ ကားစတင်ထွက်၍ ဖျော်ဖြေရေးအစီအစဉ်စသည်နှင့် မြန်မာဗီဒီယိုဇာတ်ကားများပြသရာ နိုင်ငံခြားသားတစ်ဦးမှထလာပြီး အင်္ဂလိပ်ဇာတ်ကားပြသရန် အစီအစဉ်ရှိ မရှိမေးမြန်းသည်။ ယာဉ်နောက်လိုက်မှ နားမလည်သဖြင့် စာရေးသူမှဝင်၍ ဘာသာပြန်ပေးခဲ့ရဖူး၏။ နောက်တစ်ကြိမ်တွင်လည်း ပြသနေသည် မြန်မာဇာတ်ကားမှာ အသံကျယ်လွန်း၍ အသံနည်းနည်းတိုးပေးရန် နိုင်ငံခြားသားမှလာပြောရာ ယာဉ်နောက်လိုက်မှ နားမလည်သည်ကိုတွေ့ရ၏။ အဝေးပြေးယာဉ်များခေတ္တရပ်နားရာ ၁၁၅ မိုင်မရောက်မီ ခရီးသည်များ အဆာပြေစားသုံးနိုင်ရန်နှင့် ကျန်းမာရေးအတွက် နာရီဝက်ခန့်ရပ်နားပေးမည့်အကြောင်းကို ကြေညာသောအခါတွင်လည်း မြန်မာဘာသာဖြင့်သာကြေညာသဖြင့် နိုင်ငံခြားသားအချို့မှာ နဝေတိမ်တောင်နှင့် ကျီးကြည့်ကြောင်ကြည့် ဖြစ်နေကြသည်ကိုလည်း ကြုံဖူးပါ၏။ အချို့နိုင်ငံခြားသားများမှာ ဘာပြောမှန်းနားမလည်သဖြင့် ကားပေါ်မှ မဆင်းဘဲ ကားပေါ်တွင် အိပ်ကျန်လျက်ရှိရာ ယာဉ်နောက်လိုက်ကလည်း ဘာမှမပြော အဆင်ကိုချောနေတော့သည်။ ကျန်းမာရေးရှုထောင့်မှ နောက်တပ်ပြုပြင်စရာအချက်သည်ကား စီးနင်းလိုက်ပါမည် ခရီးသည်များအတွက် အလွန်အရေးကြီးလှပေသည်။ ရန်ကုန်မှ မန္တလေးသို့ အမြန်လမ်းမကြီးမှသွားလျှင် ၃၆၆ မိုင်ရှိရာ ခရီးစဉ်တစ်လျှောက်လုံး မောင်းနှင်မည့် ယာဉ်မောင်းများ၏ကျန်းမာရေးသည် လွန်စွာအရေးကြီးပေ၏။ အဝေးပြေးယာဉ် မောင်းနှင်မည့်ယာဉ်မောင်း၏ အမြင်အာရုံအတွက် မျက်စိကို ခြောက်လတစ်ခါ စစ်ဆေးသင့်သလို နှလုံးကျန်းမာရေးအတွက်လည်း ECGအပါအဝင် အခြားစစ်ဆေးမှုများ ပြုလုပ်ပေးရန်လိုအပ်ပေသည်။ နှလုံးရောဂါအခံရှိသော ယာဉ်မောင်းအနေဖြင့် ယာဉ်မောင်းနေစဉ် ရုတ်တရက် နှလုံးရောဂါတိုက်ခိုက်မှု (Heart Attack)ခံရပါက ဆိုးရွားသော ယာဉ်မတော်တဆမှုနှင့် ရင်ဆိုင်ရနိုင်ပေသည်။ ထို့အတူ အမြင်အာရုံချို့ယွင်းနေသော ယာဉ်မောင်းကြောင့်လည်း ယာဉ်မတော်တဆမှု ကြုံတွေ့ရနိုင်ပေသည်။ သက်ဆိုင်ရာ မော်တော်ယာဉ်လိုင်းများအနေဖြင့် မိမိတို့၏ယာဉ်မောင်းများကို ကျန်းမာရေးစစ်ဆေးမှု ပုံမှန်ပြုလုပ်စေချင်ပါသည်။ ယာဉ်မတော်တဆမှုဖြစ်ရခြင်း၏ အကြောင်းရင်းများမှာ မော်တော်ယာဉ် ကြံ့ခိုင်မှုမရှိခြင်း၊ ယာဉ်မောင်းအတွေ့အကြုံနည်းပါးခြင်း၊ လမ်းမကျွမ်းကျင်ခြင်းနှင့် လမ်း၏အနေအထားတို့အပေါ် မူတည်ပါသည်။ အတွေ့အကြုံရင့်ကျက်သော်လည်း ယာဉ်မောင်း၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေပါက စီးနင်းလိုက်ပါသူများအတွက်အန္တရာယ်ရှိပါသည်။ ကျန်းမာကြံ့ခိုင်မှုမရှိသောယာဉ်မောင်းများကြောင့် လူသားအရင်းအမြစ်များ မဆုံးရှုံးစေလိုပါ။

မကြာမီ ကျင်းပတော့မည့် SEA Games ပွဲတော်ကြီးသို့ နိုင်ငံခြားသားအများအပြား လာရောက်မည်ဖြစ်ရာ ရင်ဆိုင်ကြုံတွေ့ရမည့် ဘာသာစကားအခက်အခဲအတွက် ကြိုတင်ပြင်ဆင်ထားဖို့လိုပါသည်။ အဝေးပြေးယာဉ်များတွင် ထွက်ခွာချိန်မှစတင်၍ ခရီးစဉ်တစ်လျှောက် ခေတ္တရပ်နားမည့်နေရာ၊ ရပ်နားရာတွင် ကြာမည့်အချိန်၊ ခရီးဆုံးသို့ ရောက်ရှိမည့်အချိန်(ခန့်မှန်း)တို့ကို အင်္ဂလိပ်ဘာသာဖြင့်လည်း ကြေညာပေးသင့်သည်။ ကျွန်တော်တို့ မြန်မာလူမျိုးများ အင်္ဂလိပ်စာမည့်ကြပါ။ ပျက်အစဉ်ပြင်ခဏဟူသော မြန်မာစကားပုံရှိပါသည်။ ပြုပြင်စရာများရှိပါက ပြုပြင်ရန် လက်မနှေးစေလိုပါ။ လစ်ကွက်ဟာကွက် ချို့ယွင်းချက်များကို အချိန်မီပြုပြင်ခြင်းသည် အားကောင်းမောင်းသန်နိုင်ငံတော်သစ်ကြီးတည်ဆောက်ရေးအတွက် အင်အားကြီးသော အထောက်အပံ့တစ်ခုဖြစ်ပါကြောင်း ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ တင်ပြလိုက်ရပေသည်။

ပါမောက္ခဒေါက်တာရွှေတိုး

မြို့နယ်သတင်းထောက်များနှင့် တာမှုပေးပို့သူများသို့ မှန်ကြားချက်

မြန်မာ့အလင်းသတင်းစာသို့ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူအကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့်သတင်းဌာနကိုမျှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့အလင်း သတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။

စာတည်းအဖွဲ့

မန္တလေးတိုင်းဒေသကြီး ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲ (၂၀၁၃) အခမ်းအနားဖွင့်

မန္တလေး နိုဝင်ဘာ ၂၉

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲ(၂၀၁၃) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် နံနက် ၇ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် လေယာဉ်ကွင်းဟောင်း ချမ်းမြသာစည်မြို့၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်က အမှာစကားပြောကြားသည်။

တို့နောက် ပတမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲကို မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းနှင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဦးဇော်ဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

အဆိုပါပြပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

လမ်းမှား၍မျက်စိလည်သည့် နိုင်ငံခြားသား ဟိုတယ်သို့ပြန်လည်ပို့

ပျဉ်းမနား နိုဝင်ဘာ ၂၉

နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီခန့်က ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်းနယ်မြေ ရထားသံလမ်းဘေး၌ မျက်စိလည်လမ်းမှားနေသော နိုင်ငံခြားသားတစ်ဦးအား လူငယ်တစ်ဦးက ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ တာဝန်သိစွာဖြင့် ခေါ်ဆောင်လာပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် တွေ့ဆုံပေးရာ ပြင်သစ်နိုင်ငံမှ လာရောက်သော နိုင်ငံခြားသားတစ်ဦးဖြစ်ကြောင်း၊ တံဂပူရီဟိုတယ်တွင် တည်းခိုကြောင်း၊ နာမည် မှာ Keraudran Nicolas Jacques Marie ဖြစ်ကြောင်း သိရသဖြင့် နိုင်ငံခြားသားတည်းခိုနေထိုင်သည့် ဟိုတယ်သို့ အုပ်ချုပ်ရေးမှူးက ငွေကျပ် ၁၅၀၀၀ စိုက်ထုတ်ပြီး အငှားယာဉ်ငှား၍ ရာအိမ်မှူး ဦးဌေးလွင်၊ ဦးမြင့်ဦးတို့အား လိုက်ပါစေပြီး ပြန်လည်ပို့ပေးခဲ့ကြောင်းသိရသည်။

ဇော်မျိုးနိုင်

ဂန္ဓဝင်ရွှေပုရ် Travels & Tours

Nov / Dec ခရီးစဉ်များ

ဗန်ကောက်	၆.၅ သိန်း	ဗုဒ္ဓဂယာ	၁၀ သိန်း	ကိုရီးယား+ဂျပန်	၃၃ သိန်း
စင်ကာပူ	၈.၅ သိန်း	ဘာလီ	၁၀ သိန်း	ရုရှား	၄၂ သိန်း
မလေးရှား + စင်ကာပူ	၁၂.၅ သိန်း	ဒူဘိုင်း	၂၀ သိန်း	ဩစတြေးလျ	၄၂ သိန်း
ဗန်ကောက်+ကမ္ဘောဒီးယား	၉.၅ သိန်း	ဂျပန်	၂၉ သိန်း	ဥရောပ (၇) နိုင်ငံ	၄၇ သိန်း
ပီကင်း + ရှန်ဟိုင်း + ကူမင်း	၁၇ သိန်း	ကိုရီးယား	၂၀ သိန်း	အင်္ဂလန်၊ စကော့တလန်	၄၈ သိန်း
မလေးရှား+စင်ကာပူ+ဗန်ကောက်	၁၅ သိန်း	ကမ္ဘောဒီးယား	၇.၅ သိန်း	ထိုင်ဝမ်	၂၂ သိန်း
ဟောင်ကောင်+ကွမ်ကျိုး+မကာအို	၁၅.၅ သိန်း	ဗန်ကောက်+ဖူးခက်	၁၀.၅ သိန်း	အမေရိကန်	၄၈ သိန်း / ၆၂ သိန်း / ၇၃ သိန်း

ကုမ္ပဏီ၊ အဖွဲ့အစည်းများအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့် စိတ်ကြိုက်ပုံစံ ခရီးစဉ်များကို ဂန္ဓဝင်ရွှေပုရ်၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံးလမ်းကြောင်းရွေးပေးပါသည်။ ကမ္ဘာအနှံ့ခရီးစဉ်များနှင့်ပတ်သက်၍ မိမိသိလိုသမျှကို အချိန်မရွေးမေးမြန်းနိုင်ပါသည်။

No.67, Baho Rd, Sanchaung. Ph: 01-519292, 519293, 519360, 500191, 510218 Call Center : 1875
E/1, 35 Rd, Bet 72x73 St, Mandalay. Ph: 09-31693339 Hot Line: 09-73003772

ရွှေနဂါး
တိုက်ရိုက်ပြိုင်
ကျိုက်ထီးရိုး (နေ့စဉ်) - 35000
ချောင်းသာ (နေ့စဉ်) - 50000
Ph: 209077, 09-731 67000
209388, 09-731 68000

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Nay June One Star Co.,Ltd.၏သွင်းကုန်လိုင်စင်မူရင်း MQIL 1 13-14(3976)17.9.2013 မှာ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၂-၆၆၂၁၆၊ ၀၂-၇၆၂၁၆

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဏ/၁၄၃၈၊ မာဇဒါဘီ-၆၀၀ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၉/မထလ (နိုင်)၁၄၁၁၁၉ က ယာဉ်မှတ်ပုံတင်စာအုပ် (တမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

ရောင်းမည်
(၂၀)ပါ အုတ်တိုက် ... Ph: 09 73073726, 0943114858

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ပျဉ်းမနားမြို့၊ ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက် ကုသသောလူနာများအား ကုသပေးရန် လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၆-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၂၅-၁၂-၂၀၁၃ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဝန္ထုည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ပျဉ်းမနားမြို့
လယ်ဝေးလမ်းဟောင်း၊ မြင်းရတနာအနီး
ဖုန်း-၀၆၇-၂၂၃၀၉၊ ၀၆၇-၂၂၅၁၁ (Ext-105)

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မအေးစန္ဒာအောင်၊ ၁၂/ တမန (နိုင်) ၁၂၁၉၂၉ နှင့် ကိုဟိန်းသူလင်း၊ ၁၂/ကမတ (နိုင်) ၀၆၇၂၅၂ တို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့်(၁၁.၇.၂၀၁၃) ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ ဒု-မြို့နယ်တရားသူကြီး ဒေါ်ပွင့်ဖြိုးလင်းရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းကြောင်း ကတိပြုလက်မှတ်ရေးထိုးပြီး ကိုဟိန်းသူလင်းနှင့် မည်သို့မျှ ပတ်သက် သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်မြဲ့ (LL B) DIP .in ACCT.
တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၄၉၄)
တိုက်- ၉/၁၁၊ အခန်း -၃၀၁ (၂)၊ ၃၆ - လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၅၀၅၆၂၂၅၊ ၀၉ ၇၃၀၀၄၅၆၉

(၂) ညအိပ် (၃) ရက် တရားစခန်းဖွင့်မည်

ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ် - အင်းမ) ပဓာနနာယကအဖြစ် သီတင်းသုံးလျက်ရှိသော ဓမ္မရဝေတောရ၊ အောင်စည်းခုံဇေတီလမ်း၊ အမှတ် (၃)လမ်းမကြီး (သဃ်န်းကျွန်းကြီးမှတ်တိုင်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်အလွန်) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ -

၁။ ၂၀၁၃ - ဒီဇင်ဘာလ ၂၀-၂၁-၂၂ သောကြာ၊ စနေ၊ တနင်္ဂနွေ
၂။ ၂၀၁၃ - ဒီဇင်ဘာလ ၂၇-၂၈-၂၉ သောကြာ၊ စနေ၊ တနင်္ဂနွေ
၃။ ၂၀၁၄ - ဇန်နဝါရီလ ၁၇-၁၈-၁၉ သောကြာ၊ စနေ၊ တနင်္ဂနွေ

နေ့များတွင် (၂) ညအိပ် (၃) ရက်တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ အောက်ပါဖုန်းနံပါတ်များသို့ စာရင်းပေးသွင်းနိုင်ပါသည်။

ဒေါ်မြသိန်း - ၀၉-၅၁၅၂၂၉၃၊ ဦးအောင်သိန်း - ၀၉-၇၃၁၀၃၆၃၃

(စာရင်းပေးသွင်းပြီးအကြောင်းကြောင်းကြောင့် တရားစခန်းမဝင်ဖြစ်ပါက မပင်ဖြစ်ကြောင်း မဖြစ်မနေ အကြောင်းကြားပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်၊ တရားစခန်းဝင်ရန် စောင့်ဆိုင်းနေသော အရန်ယောဂီများ ဝင်နိုင်ရန်အတွက် ဖြစ်ပါသည်။)

အမှတ်-၅၊ အောင်ဘောဂလမ်း၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၉၊ မြေကွက်အမှတ် ၄/ဗ-၃၊ ဧရိယာ ၀ ဒသမ ၀၆၉ ဧက အကျယ်ရှိ ဒေါ်တင်တင်လှိုင် အမည်ပေါက် ဘီ (လ/န ၃၉) မြေပိုင်မြေအမျိုးအစား မြေကွက်နှင်တကွ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ မြေကွက်အပြီးအပိုင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၄၃၀၂/၁၃ အရ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိ ပိုင်ဆိုင်သူ ဦးလှကြည် ၀၂/ကမတ (နိုင်)၀၅၅၄၇၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး
(တရားလွှတ်တော်ရှေ့နေ)စဉ်-၆၇၀၂
အမှတ်-၅၆၁၊ M.A.C Tower ၊ အခန်း ၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

Miss International ပြိုင်ပွဲအတွက် မြန်မာအလှမယ် ကြိုတင်ပြင်ဆင် ဒီဇင်ဘာ ၂ ရက်တွင် ဂျပန်သို့ သွားရောက်ယှဉ်ပြိုင်မည်

နေပြည်တော် နိုဝင်ဘာ ၂၉

ဒီဇင်ဘာ ၁၇ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည့် Miss International ၂၀၁၃ ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာကိုယ်စားပြု အလှမယ် ဂုဏ်ရည်အေးကျော်မှာ ကြိုတင်ပြင်ဆင်လျက်ရှိနေပြီး ပြိုင်ပွဲ၌ မြန်မာ့ရိုးရာ စောင်းတူရိယာဖြင့် တင်ဆက် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ (ယာပုံ)

အဆိုပါ ပြိုင်ပွဲသို့သွားရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် ဂုဏ်ရည်အေးကျော်မှာ ဒီဇင်ဘာ ၂ ရက်တွင် ဂျပန်သို့ သွားရောက်မည်ဖြစ်ပြီး လက်ရှိတွင် ပြိုင်ပွဲအတွက် ဘာသာစကားနှင့်အလှအပဆိုင်ရာ လေ့ကျင့်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိပြီး စောင်းတီးခတ်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို ဖော်ကျူးသွားရန် စီစဉ်ထားကြောင်း မြန်မာအလှမယ်က ပြောကြားသည်။ ယမန်နှစ်က Miss International ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် ပအိုဝ်းတိုင်းရင်းသူ နန်းခင်ဇေယျာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ပရိသတ်မဲပေးရွေးချယ်သည့်ဆု အပါအဝင် အခြားဆုများ ရယူပေးခဲ့ဖူးပြီး ယခုနှစ်အတွက် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ဂုဏ်ရည်အေးကျော်မှာလည်း ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်း ဖြစ်သည်။

"မြန်မာပရိသတ်ကြီးက နိုင်ငံတကာ အလှမယ်ပြိုင်ပွဲတွေကို တောက်လျှောက် အားပေးနေတာကို တွေ့ရလို့အားတက်မိပါတယ်။ ကျွန်မကိုလည်း ယှဉ်ပြိုင်ခွင့်ရရှိခဲ့တဲ့ စီနီယာ အလှမယ်တွေလိုပဲ အားပေးကြပါဦးလို့ ပရိသတ်ကြီးကို တောင်းဆိုလိုပါတယ်။ အလှမယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရလို့ ဂုဏ်ယူမိပြီး နိုင်ငံကိုယ်စားပြုတဲ့အနေနဲ့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမယ်" ဟု မြန်မာအလှမယ် ဂုဏ်ရည်အေးကျော်က ပြောသည်။

"မြန်မာကို ကမ္ဘာကသိအောင် တစ်ဖက်တစ်လမ်းကနေ ပြောပြခွင့်ရမှာမို့ ဂုဏ်ယူမိပါတယ်။ နိုင်ငံတကာ အလှမယ်ပြိုင်ပွဲအသီးသီးမှာ မြန်မာတို့ရဲ့ တိုင်းရင်းသားမိုးရာဝတ်စုံတွေ ဆင်မြန်းယှဉ်ပြိုင်ကြတာကို တွေ့လာရပါတယ်။ ကျွန်မကတော့ ပြိုင်ပွဲအတွက် တိုင်းရင်းသားဝတ်စုံကို ကချင်မိုးရာဝတ်စုံဝတ်ဆင် ယှဉ်ပြိုင်ဖို့ လျာထားပါတယ်။ အဓိကကတော့ တိုင်းရင်းသားတွေရဲ့ ဝတ်စုံကို ကြိုက်နှစ်သက်ပါတယ်။ ဒါ့အပြင် ကချင်ဒေသက စစ်ဘေးဒဏ်ခံစားနေရတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကို စာနာသောစိတ်ထားနဲ့ ရွေးချယ်ဝတ်ဆင်ဖြစ်တာပါ။ ပြိုင်ပွဲကနေ ပြန်လည်ရောက်ရှိလာတဲ့အခါမှာလည်း ကျွန်မလက်ရှိ လုပ်ကိုင်နေတဲ့ ပရဟိတလုပ်ငန်းတွေကို ပိုမိုလုပ်ကိုင်သွားဖို့ ရှိပါကယ်" ဟု မန္တလေးဇာတိ ပရဟိတလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူ အလှမယ် ဂုဏ်ရည်အေးကျော်က ပြောပြသည်။

အဆိုပါ Miss International ၂၀၁၃ ပြိုင်ပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကိုယ်စားပြု အလှမယ် ဂုဏ်ရည်အေးကျော်မှာ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် Miss Myanmar International ၂၀၁၃ ပြိုင်ပွဲ၌ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုရရှိခဲ့သည့်အတွက် ယခုကဲ့သို့ နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

မြန်မာအလှမယ် ဝင်ရောက်ယှဉ်ပြိုင်မည့် အဆိုပါ Miss International ပြိုင်ပွဲအတွက် အင်တာနက်မှ မဲပေးနိုင်မည့် အစီအစဉ်များလည်း နိုဝင်ဘာလနောက်ဆုံးအပတ်မှ စတင်မဲပေးခွင့်ရှိနေပြီဖြစ်ပြီး မြန်မာပရိသတ်များ စတင်မဲပေးနေကြသည်ကိုလည်း တွေ့ရှိရသည်။

ခင်ရတနာ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ(၃)ရက်

INTERNATIONAL DAY OF PERSONS WITH DISABILITIES

3rd December, 2013

" လူတိုင်းအကျုံးဝင်ပါဝင်ဖို့ အတားအဆီးရုပ်လို့ တံခါးဖွင့်ရို့ "

"Break barriers, open doors: for an inclusive society for all "

နေပြည်တော် ၃-၁၂-၂၀၁၃

မျိုးကောင်းမျိုးသန့်စပါးမျိုး စနစ်တကျစိုက်ပျိုးရေးဆွေးနွေး

ရေစကြို နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မင်းဦး၊ ညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူး၊ တိုင်းဒေသကြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဘင်မောင်ဝင်းတို့သည် ခရိုင်အဆင့်တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၇ ရက်က ရေစကြိုမြို့နယ် ဝါယာ-သာစည် လျှပ်စစ်မြစ်ရေကင်ရေသောက်ဧရိယာ ကျောင်းခတ်ကျွန်းရွာ ပုလဲသွယ်အထူးအထွက်တိုး ဧက ၂၀ စံပြစိုက်ကွင်းတွင် အောင်မြေဖြစ်ထွန်းနေသော ပုလဲသွယ်စပါးများကို ကြည့်ရှုပြီး တောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးကို အလေအလွင့်နည်းပါးအောင် အသုံးချစိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်စပါးမျိုးများကို စနစ်တကျ စိုက်ပျိုးရေး၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ စိုက်ပျိုးရာတွင် မျိုးတောင်းရွေးချယ်စိုက်ပျိုးရေးတို့ကို တိုက်တွန်းအားပေးပြောကြားသည်။

ထို့နောက် ဝါယာ-သာစည်-လျှပ်စစ်မြစ်ရေတင် ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများ၊ တောင်သူများနှင့် တွေ့ဆုံ၍ ကြုံတွေ့ရသည့်အခက်အခဲများကို မေးမြန်းပြီး မျိုးကောင်းမျိုးသန့် စပါး၊ကုလားပဲ၊ ပဲတီစိမ်းမျိုးများရရှိရေး ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် တင်ပြချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ကလေးမြို့ ဆိပ်ကမ်းသာလမ်း ထပ်ပိုးကတ္တရာခင်းဆောင်ရွက်

ကလေး နိုဝင်ဘာ ၂၉

ကလေးမြို့၌ ယာဉ်သွားယာဉ်လာ အများဆုံးဖြစ်သည့် ဗိုလ်ချုပ်လမ်းနှင့် ပင်လုံလမ်းမတော်လမ်းတို့ကို ဆက်သွယ်ပေးထားသော ဆိပ်ကမ်းသာလမ်းကို မြို့နယ်စည်ပင်နှင့် ဒေသခံပြည်သူများစုပေါင်း၍ ထပ်ပိုးကတ္တရာခင်းကျင်းမှုကို နိုဝင်ဘာ ၂၅ ရက်ကစတင်၍ ဆောင်ရွက်နေပြီဖြစ်သည်။

"ဒီဆိပ်ကမ်းသာလမ်းကို စည်ပင်နှင့် ပြည်သူပေါင်းပြီး ထပ်ပိုးကတ္တရာခင်းတာပါ။ စည်ပင်ကကတ္တရာ၊ လုပ်အားခနဲ့ လမ်းကြိတ်စက်ဆီကို အကုန်အကျခံပြီး သဲကျောက်ဖိုးကိုတော့ ပြည်သူတွေက အကုန်အကျခံတာပါ။ ဆိပ်ကမ်းသာလမ်းက ၁၀၇၅ ပေ ရှိတယ်။ စည်ပင်ကတော့ ငွေကျပ် ၇၁ သိန်းလောက် ကုန်မယ်လို့ ခန့်မှန်းထားတယ်။ ဒီလကုန်လောက် အပြီးဆောင်ရွက်သွားမှာပါ" ဟု တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ ကလေးမြို့ဆိပ်ကမ်းသာလမ်းသည် ကလေးမြို့တွင် ယာဉ်သွားယာဉ်လာ အများဆုံးလမ်းနှစ်ခုကို ဆက်သွယ်ပေးထားသောလမ်းဖြစ်၍ ဒေသတွင်းသွားလာလျက်ရှိသော ယာဉ်များ၏ အရေးပါသောလမ်းဖြစ်ကာ ယင်းကဲ့သို့ ထပ်ပိုးတတ္တရာခင်းကျင်းမှုကြောင့် ဒေသခံပြည်သူများလည်း ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း ပင်လုံရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ အဆိုပါလမ်းသည် ပင်လုံလမ်းမတော်လမ်းနှင့် ဗိုလ်ချုပ်လမ်းတို့ကို ဆက်သွယ်ပေးထားပြီး ထိုလမ်းပေါ်ရှိ ဆိပ်ကမ်းသာတံတားကိုလည်း ကမ္ဘောဇဘဏ်က လှူဒါန်းထားကြောင်း သိရသည်။

သျှင်နေမင်း

နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာဆုတောင်းလွှာ

မကွေးတိုင်းဒေသကြီး၊စလင်းမြို့၊မြင်တင်ရပ်ကွက်၊သီရိရွှေဝါလမ်းနေ **ဖေဖေ ဦးအောင်ကိုး–မေမေဒေါ်မြမြညွန့်** တို့၏ (၁၀-၁၁-၂၀၁၃) နေ့တွင် ကျရောက်သော မင်္ဂလာရက်မြတ် နှစ် (၅၀)ပြည့် (ရွှေရတု)မှသည် နောင်နှစ်ပေါင်းများစွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဝိပဿနာတရားများ ဆက်လက်ပွားများ အားထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သား - ဦးဇော်အောင်+ဒေါ်နီနီခင် (ဇော်ဆေးဆိုင်မိသားစု၊စလင်းမြို့)

သား - ဒုအရာခံဗိုလ်နိုင်လင်းအောင်(ငြိမ်း)+ဒေါ်မိုးမိုးအေး(မကြီးကြီးလမ်း၊စမ်းချောင်းမြို့နယ်)

သား - ဗိုလ်ကြီးဝင်းမျိုးအောင်+ဒေါ်ကြည်ကြည်မြင့်(မော်လမြိုင်မြို့)

သမီး - ဦးဇေထက် (UNITEAM Shipping Company)+ဒေါ်အိအိအောင် (စမ်းချောင်းလမ်း၊စမ်းချောင်းမြို့နယ်)

ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ(နေ့စဉ်)

▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်စမ်းလှိုက်ဂူ ဆက်၍ မန္တလေး-ပြင်ဦးလွင်အနံ့(သို့) ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ။
▲ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ။ ဆက်၍ မန္တလေး-ပြင်ဦးလွင်။
▲မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း၊ မုံရွာအနံ့ ခရီးစဉ်။
▲(လားရှိုး၊ မူဆယ်၊ ရွှေလီ)(ကျိုက္ခမီ၊ မော်လမြိုင်၊ ဇက်စ)(ဇလွန်)(နေပြည်တော်)

အပတ်စဉ် သောကြာနှင့် **Dec 6**

ဖုန်းဆိုးတန်း ☎**240860/372290** ဒေါ်ပု **09-49282825** ကမာကြည်အိမ်ရာ **0973494339**

ဟသ်ာတမြို့ အထက(၄)
ကျောင်းသား ကျောင်းသူဟောင်းများ၏
(၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ဟသ်ာတမြို့ အထက(၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်လှူဒါန်းပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

နေ့ရက်	-	၂၉-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန်	-	မွန်းလွဲ ၁:၀၀ နာရီ
နေရာ	-	ဘုရင့်နောင်ခန်းမ အထက(၄) ဟသ်ာတမြို့

ဆက်သွယ်လှူဒါန်းရန်

ရန်ကုန်မြို့

၁။	ဒေါ်အေးအေးသွင်	ဖုန်း-၀၉-၇၃၁၀၉၁၂၀
၂။	ဦးဝင်းအောင်	ဖုန်း-၀၉-၈၅၈၁၃၄၄
၃။	ဒေါ်ခင်စန်းဝင်း	ဖုန်း-၀၉-၄၂၁၀၉၄၄၇၁
၄။	ဒေါ်ခင်အေးကြူ	ဖုန်း-၀၉-၂၅၀၃၆၉၂၀၁
၅။	ဗိုလ်မှူးလှိုင်မြင့်	ဖုန်း-၀၉-၈၆၂၀၅၆၉
၆။	ဒေါက်တာနော်မာသေး	ဖုန်း-၀၉-၈၃၀၀၁၁၇
၇။	ဒေါ်သန်းသန်းရီ (အထမြ)	ဖုန်း-၀၄၄-၂၁၄၇၅

ဟသ်ာတမြို့

၁။	ဦးညွန့်လှိုင်	ဖုန်း-၀၉-၈၅၈၁၁၅၄
၂။	ဦးမောင်မောင်စိုး	ဖုန်း-၀၉-၈၅၈၀၄၅၄
၃။	ဦးကျော်လွင်ဆန်း	ဖုန်း-၀၉-၈၅၈၀၃၀၄
၄။	ဦးမျိုးသန့်ကျော်	ဖုန်း-၀၉-၈၅၈၀၄၅၃
၅။	ဦးထင်လင်းဟန်	ဖုန်း-၀၉-၄၂၂၄၇၂၁၆၉
၆။	ဦးမျိုးညွန့်	ဖုန်း-၀၉-၈၅၈၀၅၂၉
၇။	ဒေါ်ခင်မာသန်း (အထမြ)	ဖုန်း-၀၉-၃၁၁၄၆၁၃၇

- ဆရာ ဆရာမကြီးများလိုက်ပါမည့် မော်တော်ယာဉ်သည် အမှတ် ၂၇၄(B) မြဝတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ဒေါ်ဝါလက်ဖက်ရည်ဆိုင်ရှေ့မှ ထွက်ခွာပါမည်။ လိုက်ပါလိုသူများ ဒေါ်ခင်စန်းဝင်း ဖုန်း-၀၉-၄၂၁၀၉၄၄၇၁ နှင့် ဒေါ်ခင်အေးကြူ ဖုန်း-၀၉-၂၅၀၃၆၉၂၀၁ နှင့် ဆက်သွယ်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ [illegible] ကျေးရွာအုပ်စုကွင်းအမှတ်(၅၃၂/က)၊ ဦးပိုင်အမှတ်(၃၃/၁)၊အကျယ်အဝန်း(၄၅ပေ ×၄၅ပေ)ရှိ မြေ [illegible] နေအိမ်အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အသီးသီး)တို့အား လက်ရှိပိုင်ဆိုင်သူ ဦးပေကြည်(၁၂/လမန(နိုင်)၀၅၉၉၇၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစ်စိတ် တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါကခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ [illegible] ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စပြီးမြောက်အောင်တရားဥပဒေများနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးကျော်မိန်ဝင်း (စဉ်-၅၁၂၂)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၄၀ ၊ ၅-လွှာ ၊ သာခုလမ်း၊
ကြည့်မြင်တိုင်မြို့နယ် ၊ ရန်ကုန်မြို့ ။

ရောင်းမည် ၁၂၅၀ သိန်း၊ (ဇိဇိ)

နာရီပတ်ထားရုံဖြင့် "သော့မလို" ဘဲ စတိုင်ကျကျမောင်းနိုင်သည့်

Land Cruiser-2008 Model, 4700 CC (Petrol), 10 Air bags - 3 Camera, 3 TV, Watch Key +++

Grade 4.5(B)

ကိုလို တစ်ယောင်းကိုးထောင်ကျော် မျှသာမောင်းနှင်ထားသည်။
ကားအလွှန့်(အလွှန့်)သန့်သည်။

ဦးရာလူ အမည်ပေါက် လုပ်ပေးမည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ဖုန်း-09 40 2551 452(ရုံးချိန်အတွင်း)

ပြည်တွင်းသတင်း

ကသာမြို့ သဘောဆိပ် ပြောင်းရွှေ့ဖွင့်လှစ်မည်

ကသာ နိုဝင်ဘာ ၂၉

ယခုနှစ်ဆောင်းဦးပေါက်ရေကျချိန်တွင် ကသာမြို့အရှေ့ဘက် ဧရာဝတီမြစ်အတွင်း မကြုံစဖူး သဲသောင်ပြင်များ ဖြစ်ထွန်းတည်ရှိလာသဖြင့် အမှတ်(၂)ရပ်ကွက်ဆိပ်ကမ်းရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ သဘောဆိပ်ခံကို ကသာမြို့ တောင်ဘက်နှစ်ဖာလုံခန့်အကွာ ရပ်ကွက်(၃) ဧရာဝတီမြစ်ဆိပ်ကမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ရေကျချိန်မှာ ကသာမြို့အရှေ့ဧရာဝတီမြစ်အတွင်း သဲသောင်ဖြင့်ဖြစ်ထွန်းမှု ပိုမိုဆိုးရွားလာပါတယ်။ မနှစ်တုန်းက မူလသဘောဆိပ်နဲ့ ကိုက် ၁၀၀ လောက်သာဝေးတဲ့မြစေတီဆိပ်ကမ်းကို သဘောဆိပ်ခေတ္တရွှေ့ပြောင်းဖွင့်လှစ်ခဲ့ရတယ်။ ဒီနှစ်မှာတော့ သဲသောင်ခုံတွေ ပိုမိုပေါ်ထွန်းလာပြီး ရေယာဉ်တွေဆိပ်ခံကို ဝင်ရောက်ဆိုက်ကပ်ရန်မှာ ရေလမ်းကြောင်း အလွန်ကျဉ်းမြောင်းလာပါတယ်။ ဒါကြောင့်မို့ ဒီဇင်ဘာပထမပတ်အတွင်း မူလသဘောဆိပ်နဲ့ ကိုက် ၆၀၀ ခန့်ဝေးတဲ့ ရပ်ကွက်(၃) ဆိပ်ကမ်းကို သဘောဆိပ်ပြောင်းရွှေ့ဖွင့်လှစ်မှာဖြစ်ပါတယ်။ ဒီလိုသဘောဆိပ်ပြောင်းရွှေ့ဖွင့်လှစ်ခြင်းဖြင့် ကုန်တင်ကုန်ချလုပ်ငန်းများ၊ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အပြင် ရေယာဉ်များအနေနဲ့ အန္တရာယ်ကင်းရှင်းစွာ ဝင်ထွက်သွားလာနိုင်မှာဖြစ်ပါတယ်" ဟု ပြည်တွင်းရေကြောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

စမ်းဦး(ကသာ)

ယနေ့ရွှေဈေး ယမန်နှစ်ရွှေဈေးထက် ကျပ်တစ်သိန်းကျော်လျော့နည်း

ရန်ကုန် နိုဝင်ဘာ ၂၉

နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြန်မာအခေါက်ရွှေတစ်ကျပ်သားငွေကျပ် ၆၆၄၀၀၀၊ ကမ္ဘာ့ရွှေတစ်အောင်စ အမေရိကန်ဒေါ်လာ ၁၂၃၉ ဖြင့် ဈေးဖွင့်ပြီး ညနေပိုင်းငွေကျပ် ၆၆၃၅၀၀၊ အမေရိကန်ဒေါ်လာ ၁၂၄၁ ဖြင့် ဈေးပိတ်ကြောင်း၊ ၁၅ ပဲရည်တစ်ကျပ်သား ငွေကျပ် ၆၂၄၀၀၀ ဖြင့် ရောင်းဝယ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်က "ရွှေဈေးကွက်မှာ ရောင်းလိုအားများပြီး ဝယ်လိုအားနည်းကြောင်း၊ ယမန်နှစ် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက အခေါက်ရွှေတစ်ကျပ်သားငွေကျပ် ၇၉၃၅၀၀ ဝန်းကျင်ရှိခဲ့ပြီး ယခု ရွှေဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ငွေကျပ် တစ်သိန်းကျော် လျော့နည်းကျဆင်းကြောင်း၊ ယခုရွှေဈေးနှုန်းမှာ ငါးနှစ်အတွင်း စံချိန်တင် အနိမ့်ဆုံးဈေးဖြစ်ကြောင်း" ပြောကြားသည်။

မော်တော်ကား စလစ်ဈေးမှာ ကျပ်သိန်း ၁၀၀ အောက်တွင်ရှိပြီး ၁က/-----ယာဉ်ကို ကျပ် ၇၅ သိန်းဝန်းကျင်ဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း ကားပွဲစားတန်းမှ သိရသည်။

အေးကို(သတင်းစဉ်)

နယ်ဝယ်လက်မျှော်ရောင်းချနေသော ရန်ကုန်ကားဈေးကွက်

ရန်ကုန် နိုဝင်ဘာ ၂၉

နယ်ဝယ်လက်မျှော်ရောင်းချနေရသော ရန်ကုန်ကားဈေးကွက်မှာ လာမည့်နှစ်ဆန်းပိုင်းအထိ နယ်ဝယ်လက်သာ အားကိုးရောင်းဝယ်ရမည်ဖြစ်ကြောင်းကို ရန်ကုန်ကားဈေးကွက်ရှိ ဝါရင့်ကားပွဲစားများက ဆိုသည်။

စုံစမ်း

ရန်ကုန်ကားဈေးကွက် ရန်ကုန်ဝယ်လက်မှာ ကားပေါများမှုကြောင့် ရန်ကုန်ကားဝယ်မှုပမာဏကျဆင်းခဲ့ရပြီး နယ်ဝယ်လက်သာ အဓိကထားပြီး ရောင်းချနေရကြောင်းကို သိရိမင်္ဂလာ ဈေးဟောင်းကားဈေးကွက်မှ စုံစမ်းသိရှိရသည်။

"ဒီလာမယ့် ဒီဇင်ဘာ၊ ဇန်နဝါရီလတွေက နယ်ကဆင်းဝယ်တဲ့ကား ဝယ်လက်တွေကိုပဲ မျှော်နေရတယ်။ ရန်ကုန်မှာ ကားများသွားတဲ့အတွက် ရန်ကုန်ဝယ်လက်က သိပ်မရှိတော့ဘူး" ဟု မင်းရဲကျော်စွာ ကားဝင်းရှိ ကားဝယ်ရောင်းတစ်ဦးက ဆိုသည်။

ထို့ပြင် ရန်ကုန်ကားဈေးကွက်တွင် ဆူဇူကီး R+ ကဲ့သို့သော ယာဉ်အမျိုးအစားဖြစ်သည် Chevrolet 2 Doors အမျိုးအစားကားလေးများလည်း ဝင်ရောက်လာပြီး လမ်းကြောကျပ်တည်းမှုကို ရှောင်ရှားနိုင်ရန်အတွက် ဝယ်ယူမှုများရှိလာကြသည်။ "ရန်ကုန်ဝယ်လက်က ကားသေးသေးလေးတွေကို ဝယ်ကြတယ်။ ဥပမာ- Nissan Solo, Chevrolet 2 Doors လေးတွေ ကျပ်သိန်းတစ်ရာအောက် ကားတွေကိုပဲ အဓိကထားဝယ်တယ်" ဟု သိရိမင်္ဂလာဈေးရှိ ကားဝယ်ရောင်းတစ်ဦးက ရှင်းပြသည်။ ရန်ကုန်ကားဈေးကွက်တွင် ဝယ်ရောင်းဖြစ်နေသော ကားများမှာ Honda Fit, Belta, Nissan AD Van, Probox စသည့်ကားများအပြင် Honda Civic စသည် ကားအမျိုးအစားများလည်း ပါဝင်သည်။ ရန်ကုန်ကားဈေးကွက်တွင် Nissan AD Van ကျပ် ၉၅ သိန်းမှ ၁၁၀ အတွင်း၊ Probox ၉၇ သိန်းမှ သိန်း ၁၀၀ အတွင်း၊ Honda Civic သိန်း ၁၅၀ မှ ၂၀၀ အတွင်း Honda Fit ကျပ် ၁၁၀ မှ ၁၁၅ သိန်းအထိနှင့် Honda Fit GE6 ကျပ်သိန်း ၁၂၅ မှ ၁၃၀ ဝန်းကျင်၊ Toyota Belta ကျပ်သိန်း ၁၃၅ မှ ၁၄၀ ဝန်းကျင်အထိ ရှိသည်။ "ရန်ကုန်ကားဝယ်သူတွေအကြိုက်ဆုံးကားတမှာ Honda Fit ပါတယ်။ အဲဒီ Honda Fit ကလည်း Second Generation ဖြစ်တဲ့ GE6 မော်ဒယ်က ကျပ်သိန်း ၁၃၀ ဝန်းကျင်ရှိတယ်" ဟု ရန်ကုန်ကားဈေးကွက်ရှိ ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

ကြည်မင်းညို

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၉-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၆၀၅၀၀-၆၂၁၆၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၆၀၅၀၀-၆၂၁၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၉၃	ကျပ်
ဥရောပ	တစ်ယူရို	၁၃၁၅-၁၃၃၆	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၉၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၉-၃၂. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၈၆-၁၆. ၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၆၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၉-၃၃၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၅ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၉၀၀-၃၃၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၂၀၀-၁၈၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၈၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၃၅၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၈၅၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၁၀၀၀-၂၄၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၀၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၂၅-၉၂၅
၇။ ရမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတီ)	တစ်ပိဿာ	၁၂၀၀-၁၂၂၅
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၃၀-၆၇၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၄၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၃၅၀၀-၃၈၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၀၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငှတင်ပြသည်။

၁၃၀၀ - ပြည့်အရေးတော်ပုံ (၇၅) နှစ်ပြည့်စိန်ရတုသဘင်ပွဲကြီး

စည်ကားစွာကျင်းပနိုင်ရေးအတွက် (တို့ဗမာအစည်းအရုံး) ဝင်သခင်/သခင်မကြီး-များ၏ သား၊ သမီး၊ မြေး၊ မြစ်များ စိတ်ဝါဝင်စားသူ မိဘပြည်သူများ မည်သူမဆို ဆက်သွယ်ပါဝင်နိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

အောင်နိုင် (တို့ဗမာ) သခင်လှကျွဲသား	ခင်မောင်ကြည် (JULY)
၀၉-၅၁၀၄၅၄၅/၀၁-၅၁၃၆၄၄၅	၀၉-၅၁၉၄၈၄၃
ကိုဘန်းနီ (သခင်သိန်းဖေ သား)	ခင်မောင်ကြည်(ဝါ/ရင်)
၀၉-၅၁၂၃၅၄၂	၀၉-၃၁၀၂၂၂၆၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးသုတေသနဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါတည်ဆောက်ရေးနှင့်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တည်ဆောက်ရေးလုပ်ငန်း**

မျိုးစေ့လှမ်းတလင်း (ပေ၄၀×ပေ၄၀×၆လက်မထု)	(၁) ခု
မျိုးစေ့လှမ်းတလင်း (ပေ၇၀×ပေ၇၀×၆လက်မထု)	(၁) ခု

(ခ) **ပစ္စည်းဝယ်ယူရေးလုပ်ငန်း**

Laboratory Machinery and Equipment	(၃၀) မျိုး
Office Machinery and Equipment	(၆) မျိုး
Furniture	(၄) မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၁၆း၀၀နာရီနောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၈-၁၁-၂၀၁၃ရက်မှစ၍ ရေဆင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ရုံးချိန်အတွင်း စုံစမ်းတင်သွင်းနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၁၆၆၇၂

အီကို မြို့သူ မြို့သားများသို့

မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်တွဲဖက်ရှများအသင်း(MIEGA)က ကြီးမှူးပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွှေရတုအကြို) အာစရိယပူဇော်ပွဲကြီးကို ၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီ၊ စီးပွားရေးတက္ကသိုလ်မြက်ခင်းပြင်မှာ တခမ်းတနားကျင်းပပါမည်။

နံနက်၊ နေ့လယ် နံ့ဗွာနံဈေးပွဲတော်ကို ဘွဲ့ရနှစ်အလိုက်၊ ရွှေရောင်ညနေခင်းဈေးပွဲတော်ကို အဆောင်အလိုက်၊ နေ့ကျောင်းသားများနှင့် ဒီပလိုမာသင်တန်းများအလိုက် ကုသိုလ်ဒါနပြုကြဖို့ စည်းဝေးဆုံးဖြတ်ထားတယ်။ ရွှေရတုရန်ပုံငွေ မိန်းမလှကျွန်းအလွမ်းပြေ ဂီတဆည်းဆာမှာ အမည်ရတေးသံရှင်များပါဝင်ပြီး ဖျော်ဖြေတင်ဆက်မယ်လေ-

စီးပွားရေးတက္ကသိုလ်နဲ့ ဆက်နွှယ်သယောဇဉ်ရှိကြတဲ့ ကျောင်းသူ ကျောင်းသားဟောင်းအားလုံး ပါဝင်ဆင်နွှဲကြမှာဖြစ်လို့ ၁၉၇၀၊ ၁၉၇၆၊ ၁၉၈၁၊ ၁၉၈၂၊ ၁၉၈၅၊ ၁၉၈၆၊ ၂၀၀၁ မှ ၂၀၁၂ခုနှစ် ဘွဲ့ရများ၊ နေ့ကျောင်းသူ ကျောင်းသားများ၊ MBA, MPA, MDevS, MPF စာပေးစာယူ အဝေးသင်များအပြင် ဖွကပင်၊ အင်းကြင်း၊ ဂန္ဓမာ၊ သရဖီ၊ ရတနာ၊ အင်းလျားအဆောင်နေခဲ့ကြသူများ အမြန်ဆုံးဆက်သွယ်ကြဖို့ပါ။

တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၂း၀၀ နာရီ စီးပွားရေးတက္ကသိုလ်အခန်း ၁၀၊ နီလာရတုခန်းမ အစည်းအဝေးကို တက်ရောက်ကြဖို့ ခင်မင်ရင်းနှီးစွာ ဖိတ်ကြားလိုက်ပါတယ်။ မိမိတို့ ပါဝင်ဒါနပြုလှူဒါန်းကြမယ့် အစီအစဉ်ကို လက်လွတ်မခံဘဲ ဧည့်ခံကျွေးမွေးရေးတော်မတီ ဖုန်း-၀၉-၅၀၀၆၇၇၆၊ ၀၉-၄၂၅၃၂၁၁၅၉၊ ၀၉-၅၀၁၉၇၄၃၊ ၀၉-၇၃၀၉၈၄၃၀ တို့သို့ အမြန်ဆုံးဆက်သွယ်စာရင်းပေးကြဖို့ နွေးထွေးကြည်သာ နှိုးဆော်လိုက်ပါတယ်။

ရွှေရတုအကြိုပူဇော်ပွဲကျင်းပရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးကျော်ကျော်တင့် ၁၂/လခန(နိုင်)၀၃၂၀၅၄နှင့် ကျွန်မ ဒေါ်ကြည်ကြည်ထွေး ၁၂/လမန(နိုင်)၀၃၂၀၆၃၏ သမီး မဇေပရယ်ကျော်ကျော်(ခ)မကြည်သာကျော်ကျော် ၁၂/စခန(နိုင်)၀၆၆၆၀၇သည် မိသားစုအပေါ် အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလည်း ကျွန်တော် ကျွန်မတို့နှင့် မသက်ဆိုင်တော့ပါသဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မဇေပရယ်ကျော်ကျော်(ခ)မကြည်သာကျော်ကျော်၏သမီးလေးဖြစ်သူ မမြင့်မိုရ်ကျော်ကျော်ကို ကျွန်တော် ကျွန်မတို့သမီးအဖြစ် ဆက်လက်စောင့်ရှောက်ပေးသွားပါမည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးကျော်ကျော်တင့်-ဒေါ်ကြည်ကြည်ထွေး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မောင်နေလင်းအောင် ၁၂/အစန(နိုင်)၂၁၄၈၁၃ သည် မိဘတို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန်နှင့် စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသန်းထွန်းလှ-ဒေါ်ခင်သီတာ

**အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး**

ကိုဗညားအောင်(ဘ)ဦးတင်မြ ၇/ရတရ(နိုင်)၀၉၈၆၀၂ အား သွာနုတ္တသားအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ဝေဟင်လမ်း၊ (၇)ရပ်ကွက်၊ အမှတ်(၁၉၄/၁၉၅)နေ ဦးတင်မြ ၁၂/သလန (နိုင်)၀၃၅၆၆၀ နှင့် ဒေါ်တိုးတိုးရီ ၁၂/ဒဂန(နိုင်)၀၁၄၁၂၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများ၏ သားကြီးဖြစ်သူ ကိုဗညားအောင်သည် မိဘများ၏သြဝါဒကိုမနာခံခြင်း၊ မိဘများယုံကြည်စွာအပ်နှံထားသော ငွေကြေးပစ္စည်းများအား အလွဲသုံးစားပြုလုပ်ပြီး စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်၍ ရှုံ့သူသဖွယ်ပြုကျင့်ကာ သားသမီးတို့၏ကျင့်ဝတ်ပျက်ပြားသူဖြစ်၍ ၎င်းကို ယနေ့မှစ၍ ကျွန်ုပ်မိတ်ဆွေများမှ သွာနုတ္တသားအဖြစ်သတ်မှတ်ကြေညာပြီး အမွေခံသားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကိုဗညားအောင်နှင့်ပတ်သက်သော အရှုပ်အရှင်းပြဿနာကိစ္စအဝဝကိုလည်း ကျွန်ုပ်၏မိတ်ဆွေများမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကြေးမုံမြင့် LL.B
အထက်တန်းရှေ့နေ (စဉ်-၃၆၀၃၉)
ဖုန်း-၀၉-၄၂၀၂၂၀၉၀၂

သွင်းကုန်ထုတ်ကုန်ဥပဒေအတွင်း ဆော့ဖ်ဝဲလ်ပါဝင်ခွင့်ရရှိရေး ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ၏ သွင်းကုန် ထုတ်ကုန်ဥပဒေများအတွင်း ဆော့ဖ်ဝဲလ်ရောင်းချခြင်းများ အကျုံးဝင်မှုရရှိလာစေရန်အတွက် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

ပြည်တွင်း၌ တွင်ကျယ်လာခဲ့သည့် ဆော့ဖ်ဝဲလ်ရေးဆွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ပြည်ပနိုင်ငံများမှ ဆော့ဖ်ဝဲလ်များ ဖြန့်ဖြူးခြင်းများတွင် မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးလျက်ရှိသည့် ဥပဒေများအတွင်း အကျုံးဝင်မှုအားနည်းလျက်ရှိနေပြီး အဆိုပါ ဆော့ဖ်ဝဲလ် တင်သွင်း၊ ဖြန့်ဖြူး ရောင်းချခြင်းဆိုင်ရာများအတွက် သွင်းကုန်ထုတ်ကုန်ဥပဒေအတွင်း ထည့်သွင်းသွားနိုင်ရေးအတွက် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးမျိုးမြင့်ထွန်းက ရှင်းပြသည်။

“ဆော့ဖ်ဝဲလ်တွေကို တင်သွင်းရောင်းချနေကြတဲ့နေရာမှာ ဥပဒေအရဆိုရင် လက်ရှိမှာ အကျုံးမဝင်သေးဘူးဖြစ်နေပါတယ်။ သွင်းကုန် ထုတ်ကုန်ဥပဒေမှာ ဆော့ဖ်ဝဲလ်ဆိုပြီး အမည်နာမ မရှိသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ အိုင်တီလောကမှဖြတ်တိုက်လာတဲ့နောက်ပိုင်း မူပိုင်ခွင့်သဘောတရားတွေ၊ နိုင်ငံတကာစံနှုန်းအတိုင်း သွင်းကုန်ထုတ်ကုန်တွေရဲ့ အခွန်ကောက်ခံမှု၊ ကင်းလွတ်မှုစတာတွေကို ထည့်သွင်းတွက်ချက်ပြီး ဆော့ဖ်ဝဲလ်ကို သီးသန့်အမည်နာမရရှိပြီး ခေါင်းစဉ်တစ်ခုအနေနဲ့ ဖော်ပြ ပြဋ္ဌာန်းစေလိုတဲ့အတွက် ကျွန်တော်တို့အသင်းက ဦးဆောင်ပြီး သက်ဆိုင်ရာအဆင့်ဆင့်တင်ပြဆောင်ရွက်သွားမယ်” ဟု ဦးမျိုးမြင့်ထွန်းက ဆက်လက်ပြောပြသည်။

သွင်းကုန် ထုတ်ကုန် ဥပဒေပါ အချက်အလက်များအရ ပြည်တွင်းသို့ ကွန်ပျူတာနှင့် နည်းပညာပစ္စည်းများ တင်သွင်းမှု၊ တင်ပို့မှုများအတွက် သီးခြားအမည်နာမတစ်ခုနှင့် ဆောင်ရွက်နေပြီး အခွန်စည်းကြပ်မှုများ ဆောင်ရွက်လျက်ရှိသော်လည်း ဆော့ဖ်ဝဲလ်အတွက် သီးခြားအမည်နာမ မရှိသည့်အတွက် နိုင်ငံတော်မှ အခွန်စည်းကြပ်ခွင့်မရရှိသည့်အပြင် အသစ်ပေါ်ထွက်လာနေပြီဖြစ်သော ဆော့ဖ်ဝဲလ်များကိုလည်း နိုင်ငံတကာစံနှုန်းများအရ အခွန်ကောက်ခံမှုမရှိသောကြောင့် စနစ်ကျနမှုမရှိကြောင်း အိုင်တီလုပ်ငန်းရှင်များက သုံးသပ်သည်။

“လက်ရှိမှာ ကျွန်တော်တို့ ဆော့ဖ်ဝဲလ်တွေ တရားဝင်တင်သွင်းတဲ့ လုပ်ငန်းတွေ ပေါ်ပေါက်လာသလို ပြည်တွင်းဖြစ်ဆော့ဖ်ဝဲလ်တွေ နိုင်ငံတကာကို ရောင်းချနိုင်ဖို့ ပြင်ဆင်တာမျိုးတွေလည်း အများကြီးမြင်တွေ့နေရပါတယ်။ အဲဒီအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအပါအဝင် ဘဏ္ဍာရေး၊ ပြည်ထဲရေးနဲ့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းပြီး ကော်မတီဖွဲ့စည်းဖို့ ပြင်ဆင်နေပါတယ်။ မကြာမီအချိန်အတွင်း ဆော့ဖ်ဝဲလ် ရောင်းဝယ်တင်သွင်းမှုအပိုင်းတွေ ပိုမိုအဆင်ပြေလာဖို့ရှိတယ်”ဟု ပြည်တွင်း အိုင်တီပညာရှင် ကိုစိုးသူရမြင့်က ပြောကြားသည်။

၂၀၁၃ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာပြီးနောက် ပြည်တွင်းရှိ အိုင်တီကုမ္ပဏီအချို့မှာ နိုင်ငံတကာအဆင့်မီ ဆော့ဖ်ဝဲလ်များကို တရားဝင်တင်သွင်းရောင်းချလာကြပြီး မူပိုင်ခွင့်ဆိုင်ရာ သဘောတရားများမှာလည်း ဆော့ဖ်ဝဲလ်ပညာရှင်အများအပြား လက်ခံအသုံးပြုလာကြခြင်းကြောင့် သွင်းကုန်ထုတ်ကုန်ဥပဒေအတွင်း ဆော့ဖ်ဝဲလ်ရောင်းဝယ်တင်သွင်းမှု ပါဝင်လာပါက နိုင်ငံတကာ၌ အသုံးပြုလေ့ရှိသည့် နည်းပညာများကို အိုင်တီအသုံးပြုသူများ ပိုမိုဈေးနှုန်းမှန်ကန်စွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

ခင်ရတနာ

ဗန်းမော် နိုဝင်ဘာ ၂၉

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်ထိခိုက်မှုလျော့ကျရေးတို့အတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်အောင်၏ လမ်းညွှန်ချက်ဖြင့် အမှတ်(၆၁) ယာဉ်ထိန်းတပ်ဖွဲ့စုရုံးမှ ဒုတိယရဲအုပ်ဌေးဝင်းနှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီမှစတင်၍ ဗိုလ်ချုပ်လမ်း မြို့မရဲစခန်းရှေ့ ညောင်ပင်ရပ်ကွက် မိုက်ခရိုဝေ့ဖ်လမ်းဆုံ၊ ပေါက်ကန်းရပ်ကွက် ကကိုတောဈေး လမ်းဆုံတို့တွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများကို ရပ်တန့်စစ်ဆေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြစေရန်၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးတပ်ရန်၊ ကျောင်းတက်၊ ကျောင်းဆင်းချိန်တွင် ဆိုင်ကယ်များ ဖြည်းဖြည်းစီးနင်း မောင်းနှင်ကြရန် အသိပညာပေးဟောပြောကြသည်။ **(အောက်ပုံ)**နိုဝင်ဘာ ၃၀ ရက်အထိ အသိပညာပေးကာလ သတ်မှတ်ပြီး ဒီဇင်ဘာ ၁ ရက်မှစတင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဆိမ်းခုံ-နန်းရီ**

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

တရုတ်နိုင်ငံမှ တရားမဝင်အေးခဲကြက်သားများ မန္တလေးဈေးတွက်တွင် ဝင်ရောက်

တိုက်ကြီး နိုဝင်ဘာ ၂၉

မန္တလေးမြို့ ကြက်သားဈေးကွက်သို့ တရုတ်နိုင်ငံဘက်မှ တရားမဝင် အေးခဲကြက်သားများ အလုံးအရင်းဖြင့် ဝင်ရောက်လျက်ရှိကြောင်း ကြက်မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။

တရုတ်နိုင်ငံဘက်မှ လာသော အေးခဲကြက်သားများသည် ပြည်တွင်းဈေးကွက်၌ ကြက်သားဈေးကောင်းနေချိန်တွင် ပိုမိုဝင်ရောက်လာလေ့ရှိသည့်အတွက် ပြည်တွင်းကြက်မွေးမြူရေးလုပ်ငန်းရှင်များ၏ ဈေးကွက်မှာ မကြာခဏ လျော့နည်းသွားလေ့ရှိကြောင်း ကြက်မွေးမြူသူများထံမှ သိရသည်။ အဆိုပါ တရားမဝင် တရုတ်အေးခဲကြက်သားများသည် မန္တလေးဈေးကွက်သို့ တရားဝင်ဆိုင်ခန်းဖွင့်လှစ်ကာရောင်းချခြင်းမဟုတ်ဘဲ နေ့စဉ် စားသောက်ဆိုင်များသို့ ကားများ၊ ဆိုင်ကယ် ကယ်ရီများဖြင့် လိုက်လံရောင်းချနေသည့်အပြင် မန္တလေးမြို့၏ သားငါးဈေးများ အဓိကရောင်းချရာ ကိုင်းတန်းဈေးတွင်းသို့ နေ့စဉ် နံနက် ၄ နာရီမှ ၅ နာရီခန့်တွင် လာရောက်ဖြန့်ချိ ရောင်းချခြင်းဖြစ်ကြောင်း ကြက်မွေးမြူသူတစ်ဦးက ပြောပြသည်။

တရုတ်နိုင်ငံဘက်မှ လာသော အေးခဲကြက်သားများသည် သက်တမ်းလွန်ကြက်သားများ ဖြစ်နိုင်ပြီး စားသုံးသူများအတွက် ကျန်းမာရေးထိခိုက်နိုင်ကြောင်း တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးက သုံးသပ်ပြောကြားသည်။ မန္တလေးဈေးကွက်တွင် တရုတ်နိုင်ငံဘက်မှ တရားမဝင် ဝင်ရောက်လာသော အေးခဲကြက်သားများသည် အရေခွံ၊ အရိုးမပါ(ကဗျာလွတ်)တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ဈေးရှိပြီး ပြည့်တွင်းကြက်သားဈေးမှာမူ အမွေးနုတ်ပြီး အကောင်လိုက် တစ်ပိဿာ ငွေကျပ် ၄၈၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ယခုလို ပြည်တွင်းရှိ ကြက်သားဈေးကောင်းနေချိန်တွင် တရားမဝင် အေးခဲကြက်သားများကို မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့မှတစ်ဆင့် ကုန်တင်ကားကြီး/ငယ်များ၊ ဆိုင်ကယ် ကယ်ရီများဖြင့် ရေခဲပုံးအတွင်းသို့ အေးခဲကြက်သားများထည့်ကာ မန္တလေးဈေးကွက်သို့ ဝင်ရောက်သယ်ဆောင်လာခြင်းဖြစ်ကြောင်းသိရသည်။ တရားမဝင်တင်သွင်းလာသော အေးခဲကြက်သားများကို သွင်းကုန်/ထုတ်ကုန်ဥပဒေအရ အရေးယူသင့်ကြောင်း၊ ကြက်မွေးမြူသူများက ဆန္ဒရှိနေကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

ကြော်ငြာ

သင့်အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိနိုင်မယ့် အခွင့်အရေးများကို အရယူလိုက်ပါ

ooredoo

ဆက်သွယ်ရေးလုပ်ငန်းနဲ့အတူ ဘဝတက်လမ်းကြောင်းကို မြှင့်တင်နိုင်ဖို့ အူရီးဒူးအလုပ်အကိုင်အခွင့်အလမ်းပြပွဲသို့ အရောက်လှမ်းခဲ့ပါ

အူရီးဒူးမြန်မာအနေနဲ့ ကိုယ့်ဝန်ထမ်းတွေအားလုံးကို တန်ဖိုးထားပါတယ်။ ဒါကြောင့် အူရီးဒူးမြန်မာရဲ့ဝန်ထမ်းဆိုရင် လစာလည်းကောင်းစေရမယ်၊ အပိုဆုကြေးငွေလည်း ရစေရမယ်၊ အလုပ်မှာတိုးတက်စေဖို့ သင်တန်းတွေလည်း မပြတ်ပေးနေမယ်၊ ရုံးကလည်း ခေတ်မီပြီး ကျယ်ကျယ်ပြန့်ပြန့်ရှိမယ်၊ အလုပ်အကိုင်တက်လမ်းလည်း ကောင်းစေရမယ်၊ ပြီးတော့ ပျော်စရာကောင်းပြီးတက်ကြွတဲ့ ကမ္ဘာအရပ်ရပ်က လုပ်ဖော်ကိုင်ဖက်တွေနဲ့ အတူတူလည်း လက်တွဲအလုပ်လုပ်ရမယ်။

နေ့ရက် - ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၃၀ရက် မှ ဒီဇင်ဘာလ ၁ရက်နေ့ထိ

အချိန် - နံနက် ၁၀နာရီမှ ညနေ ၄နာရီထိ

နေရာ - Co-operative Business Centre (Ballroom)
အမှတ် (၅ - ဒအေ)၊ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်

ဆောင်းပါးနှင့်နယ်သတင်း

လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်

မြိုင် နိုဝင်ဘာ ၂၉

ဆောက်လုပ်ရေးဝန်ကြီး ဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြိုင်မြို့နယ် ဆောက်လုပ်ရေးလုပ်ငန်း အနေဖြင့် မကွေးတိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေမြင့် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက မြိုင်-ကမ္မလမ်းပိုင်း တစ်မိုင် လေးဖာလုံရှိသည့် ပုသိမ်-မုံရွာလမ်းနှင့် ပခုက္ကူ-မြိုင်လမ်းကို ဆက်သွယ်ထားသည့် မြိုင်မြို့ အမှတ် (၃)ရပ်ကွက် မြသီတာရပ်ကွက်နှင့် ဆက်စပ်လျက်ရှိသော ကြီးပင်ကန်ကျေးရွာသို့ ဖြတ်သွားသည့် ကျောက်ခင်းလမ်းကို ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယင်းလမ်းအနေဖြင့် ပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေခြင်း၊ အဆိုပါ မြသီတာရပ်ကွက်နေ ပြည်သူများအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရေပေးဝေရေးအဖွဲ့တို့ ပူးပေါင်းလျက် ရေပိုက်လိုင်းများဆွဲပေးထားပြီး တစ်ဦးချင်းအိမ်အရောက် ရေပေးဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ ရပ်ကွက်နေပြည်သူများက လျှပ်စစ်မီးရရှိမည်ဆိုပါက မြို့အဆင့်မီသော ရပ်ကွက်ကလေးဖြစ်လာမည် ဖြစ်ကြောင်း ယင်းရပ်ကွက်နေ ပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အောင်(မန်းတက္ကသိုလ်)

ကသာပြည်သူ့ဆေးရုံကြီး၌ ရောဂါရှာဖွေပေးရေးဓာတ်မှန်ရိုက်စက် လိုအပ်နေ

ကသာ နိုဝင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် အများပြည်သူများ အားထားနေရသော ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးအခန်းကဏ္ဍတစ်ရပ် အနေဖြင့် ရောဂါရှာဖွေပေးနေသော ဓာတ်မှန်ရိုက်စက် ပျက်စီးနေသောကြောင့် အခက်အခဲများစွာ ဖြေရှင်းပေးနိုင်သော ဓာတ်မှန်ရိုက်စက်ကို ရရှိနိုင်ရေး ဒေသခံပြည်သူအများစု လိုလားနေကြကြောင်း သိရသည်။

အများပြည်သူများ အားထားနေကြသော ပြည်သူ့ဆေးရုံကြီးမှ ရောဂါရှာဖွေပေးနေသော ဓာတ်မှန်ရိုက်စက် ပျက်စီးနေတဲ့အတွက် မြို့ကျေးရွာနယ်များမှ ဆေးဝါးကုသမှု ခံယူလာကြတဲ့ လူနာများ ဓာတ်မှန်ရိုက်ကူးရန် အပြင်ဆေးခန်းများတွင် ဓာတ်မှန်တစ်ခါရိုက်ခ ငွေကျပ် ၄၀၀၀ ပေးရတဲ့အတွက် ဆင်းရဲနွမ်းပါးသူများ အခက်အခဲများစွာ ကြုံတွေ့နေကြကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

အကြံပြုတင်ပြ

ကသာမြို့သည် ခရိုင်မြို့ အမည်ခံထားရှိပြီး ပြည်သူများ ကျန်းမာသန်စွမ်းပြီး လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများစွာကို နိုင်ငံတော်လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နေချိန် အဓိကကျလှသော ကျန်းမာရေးကဏ္ဍမြှင့်တင်၍ ရောဂါရှာဖွေပေးနေသော ဓာတ်မှန်ရိုက်စက် ပျက်စီးနေမှုကို ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း ဒေသခံတို့၏ဆန္ဒကို ရေးသားတင်ပြအပ်ပါသည်။

ငွေအိုး(ကသာ)

မုံရွာမြို့၌ အခြေခံငါးမွေးမြူရေးသင်တန်းဖွင့်

မော်လမြိုင် နိုဝင်ဘာ ၂၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသများတွင် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုဝင်ဘာ ၂၆ ရက်က အခြေခံ ငါးမွေးမြူရေးသင်တန်းကို မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီး၍ မုဒုံမြို့နယ် ကော့ခပုံကျေးရွာ ဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**

မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးညွန့်က သင်တန်းဖွင့် မိန့်ခွန်းပြောကြားခဲ့ပြီး ပြည်နယ်/ခရိုင်/ မြို့နယ်စခန်းများမှ ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ဝန်ထမ်းများ၊ မုဒုံမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသား ၁၀၅ ဦး တက်ရောက်ခဲ့သည်။

သုံးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ၊ စဉ်ဆက်မပြတ် ထုတ်လုပ်ရေး၊ ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်း၊ ရေချိုငါးမွေးမြူထုတ်လုပ်ရေး၊ ကျေးလက်ဒေသများတွင် ငါးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးရေး၊ ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများ၊ ငါးသားပေါက်မွေးမြူထုတ်လုပ်ခြင်း၊ ကန်တူးဖော်ခြင်း၊ ငါးသားပေါက် ထည့်သွင်းပြုစုခြင်း၊ အစာကျွေးခြင်း၊ ရေအရည်အသွေး ထိန်းသိမ်းခြင်း၊ မှတ်တမ်းကောက်ယူခြင်းနှင့် ငါးသားဖောက်ခြင်း(လက်တွေ့) သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး မွန်ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် သင်တန်းသားများအတွက် ဗလာစာအုပ်၊ ဘောပင်၊ သင်ခန်းစာမှတ်စုနှင့် ငါးမွေးမြူရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(လ/၀၁၂)

ငှက်ဖျားရောဂါကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များထောက်ပံ့

အုတ်တွင်း နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနအတွက် ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့ (3DF) က ထောက်ပံ့သော ဆေးစိမ်ခြင်ထောင်များကို ငှက်ဖျားရောဂါ ထူထပ်ရာ ပဲခူးရိုးမတောင်ပေါ်ဒေသနှင့် တောင်ခြေဒေသကျေးလက် ပြည်သူများအား မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြည်ဆန်းထက်၏ ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၂၁ ရက်မှ စတင်ဖြန့်ဝေပေးလျက်ရှိသည်။

ထိုကဲ့သို့ ဖြန့်ဝေရာတွင် အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ကျေးရွာများအတွက် ဆေးစိမ်ခြင်ထောင် အလုံး၂၅၆၀၊ တောပုကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ကျေးရွာများအတွက် ဆေးစိမ်ခြင်ထောင် ၆၀၅၇ လုံး၊ ဇောဓိကန်း ကျေးလက်ကျန်းမာရေးဌာနအောက်ရှိ ကျေးရွာများအတွက် ဆေးစိမ်ခြင်ထောင် ၉၆၁၄ လုံး၊ ညောင်ခြေထောက်တိုက်နယ်ကျန်းမာရေးဌာနအောက်ရှိ ကျေးရွာများအတွက် ဆေးစိမ်ခြင်ထောင် ၁၇၆၉ လုံး စုစုပေါင်း ဆေးစိမ်ခြင်ထောင် အလုံး ၂၀၀၀၀ ကို သက်ဆိုင်ရာ နယ်မြေခံကျန်းမာရေးဝန်ထမ်းများမှတစ်ဆင့် နိုဝင်ဘာလမကုန်မီ အပြီးဖြန့်ဝေနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငှက်ဖျားရောဂါသည် အုတ်တွင်း မြို့နယ်အတွင်းရှိ ကျေးလက်ဒေသ ပြည်သူများအား ဒုက္ခအပေးဆုံး ကူးစက်ရောဂါတစ်ခုဖြစ်ပြီး ပဲခူးရိုးမတောင်ကြီးကို အမှီသဟဲပြု၍ အသက်မွေးဝမ်းကျောင်းကြရသော၊ အုတ်တွင်း ဇောဓိကန်း-ပြည် မဟာဗျူဟာ ကားလမ်းဘေးဝဲယာတွင် နေထိုင်ကြသော ကျေးလက်ဒေသ ပြည်သူများအနေဖြင့် ငှက်ဖျားရောဂါ၏ ဖိစီးနှိပ်စက်မဒဏ်ကို အနည်းနှင့်အများ ခံစားနေကြရသည်။

ခင်မောင်ချို(ကညွတ်ကွင်း)

ကျေးရွာအုပ်စုဖွံ့ဖြိုးစရေး အစီအစဉ်ရေးဆွဲခြင်း သင်တန်းဖွင့်

ပေါင် နိုဝင်ဘာ ၂၉

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမ အစီအစဉ် (UNDP)တို့ ပူးပေါင်းဖွင့်လှစ်သော ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း သင်တန်းကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှု (UNDP) ပြည်နယ်တာဝန်ခံ ဒေါ်ရူပါနွယ်က သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၁၈)ရွာမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်လေ့လာကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ မြို့နယ်တိုင်းရင်းဆေးကုဌာနများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အလုံမြို့နယ် တိုင်းရင်းဆေးကုဌာန ကြမ်းခင်း၊ အမိုးနှင့် မျက်နှာကြက်ပြုပြင်မွမ်းမံခြင်း။

(ခ) မြောက်ဥက္ကလာပမြို့နယ်တိုင်းရင်းဆေးကုဌာနဆောက်လုပ်ခြင်း။

တင်ဒါရောင်းချမည့်ရက် - ၂၅-၁၁-၂၀၁၃ ရက်

တင်ဒါရောင်းချမည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး၊ အမှတ် ၁၀၀၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရုံးဖုန်း-၀၁-၅၅၁၈၂၆

တင်ဒါပိတ်မည့် ရက်/အချိန်- ၂၄-၁၂-၂၀၁၃ ရက် ညနေ ၁၆:၀၀ နာရီ

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ ရုံးခွဲများတွင်အသုံးပြုရန် လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

ဆေးနှင့် ဆေးဝါးပစ္စည်း၊ Fax Film၊ Tyre & Battery၊ ရုံးအသုံးအဆောင်/ဓာတ်ရိုက်သုံး/အထွေထွေလုပ်ငန်းသုံးပစ္စည်းများ၊ သတ္တုထည်အိတ်ခွံနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ။

၂။ **တင်ဒါပုံစံထုတ်ပေးရက်** - ၂၈-၁၁-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်ရက်** - ၂၇-၁၂-၂၀၁၃ ရက်

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာနှင့် နယ်စီမံကိန်း/ရုံးခွဲများတွင် စုံစမ်းရယူနိုင်ပါသည်။

(က) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၁

(ခ) နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး(ပျဉ်းမနား)၊ ပုဗ္ဗသီရိမြို့နယ် ဖုန်း-၀၆၇-၂၂၁၂၆

(ဂ) ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၅၆-၂၁၀၂၉

(ဃ) စစ်ကိုင်းတိုင်းဒေသကြီး၊ သတ္တုတွင်းစီမံကိန်းရုံး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၂၉၇၀

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၉၉၇၊ ဇေယျာသီရိလမ်း၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေစာရင်းအမည်ပေါက်သူ ဦးမင်းဆွေ(ခ)သန်းနွဲ့ထံမှ အရပ်ကတိစာချုပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူလက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန္တာဖြိုး ၁၂/သဃက(နိုင်)၁၅၄၀၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူဇော် (စဥ်-၁၀၉၃၈)
LL.B, D.I.L, WIPO (Switzerland)
အထက်တန်းရှေ့နေ
ZAW FAMILY
ဥပဒေအကြံပေးနှင့် အိမ်ခြံမြေစာချုပ်စာတမ်းဝန်ဆောင်မှုလုပ်ငန်း
အမှတ် ၁၄၃၊ လေးလွှာ (A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၅၂၂၃၊ ၀၉-၇၃၂၀၈၀၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
(တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ရုံးသုံးစာရေးကိရိယာပစ္စည်း (၃၇)မျိုးနှင့် Copier/Printer Toner Cartridge (၁၁)မျိုးအား ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသူများသည် ၂၉-၁၁-၂၀၁၃ရက်မှစ၍ ၆-၁၂-၂၀၁၃ရက်အထိ ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပြီး ၆-၁၂-၂၀၁၃ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ ဈေးနှုန်းလွှာများတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၃၁၀၁၁နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ ဖုန်း-၀၆၇-၄၃၁၀၂၇ သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းများရှိ Bore Pile Link-belt Crane LS 108 BJ အတွက် လိုအပ်သောစက်အရန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

- Spare Parts for Link Belt Crane (1) Lot

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁၂-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၆-၁၂-၂၀၁၃ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည့်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် ၁၁ ဝင်း၊ စက်မှုဦးစီး၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၅၁၄၇၁၂၉၊ ၀၉-၈၆၃၆၁၈၅

30-11 (15).pmd 1 11/28/2013, 6:50 AM

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ငှက်ဖျားဆေးယဉ်ပါးမှုကို ထိန်းချုပ်ရန် စီးပွားရေးလုပ်ငန်းရှင်များနှင့်ဆွေးနွေးပွဲကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ The Global Fund၊ Roll Back Malaria Partnership Sccretarial(RBM) ၊စီးပွားရေးလုပ်ငန်းရှင်များနှင့်လူမှုအဖွဲ့အစည်းတို့ ကြီးမှူးကျင်းပသည့် ငှက်ဖျားဆေးယဉ်ပါးမှုထိန်းချုပ်ရေးဆွေးနွေးပွဲ တစ်ရပ်ကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ရက်တို့တွင်ကျင်းပသည်။

Artemisinin ဆေး(ငှက်ဖျားရောဂါဆေး)ယဉ်ပါးမှုက တမ္ဘာလုံးဆိုင်ရာအရေးပေါ်တုံ့ပြန်မှုအပေါ် အခြေခံသော မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါဆေးယဉ်ပါးမှုထိန်းချုပ်ရေး နည်းဗျူဟာတွင် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ရန် ပထမဆုံးအကြိမ်ကျင်းပပြုလုပ်သော ဆွေးနွေးပွဲဖြစ်သည်။

ဆွေးနွေးပွဲတွင် ငှက်ဖျားရောဂါဆေးယဉ်ပါးမှု ထိန်းချုပ်ရေးကြိုးပမ်းမှုနှင့်ငှက်ဖျားရောဂါထိန်းချုပ်ရေးတွင် အထောက်အကူဖြစ်စေမည့် အရေးပါသောအခန်းကဏ္ဍတွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ မည်သို့ ပူးပေါင်းပါဝင်နိုင်ကြောင်းကို ဆွေးနွေးရန် အစိုးရပိုင်းနှင့်စီးပွားရေးလုပ်ငန်းရှင်များ အပိုင်းတို့မှ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်စေမည့် လမ်းစဉ်ကို ယခုဆွေးနွေးပွဲ၌ ချမှတ်ပေးနိုင်မည်ဟုမျှော်လင့်ကြောင်း" The Myanmar Business Coalition on AID (MBCA) ဥက္ကဋ္ဌ Mr. Martin Pun က ပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါထိန်းချုပ်ရေးညွှန်ကြားရေးမှူး ဒေါက်တာဦးသာထွန်းကျော်အားတွေ့ဆုံမေးမြန်းခဲ့ရာ "မြန်မာနိုင်ငံမှာ ကျန်းမာရေးဝန်ကြီးဌာနက ငှက်ဖျားရောဂါနဲ့ ပတ်သက်တဲ့ တိုက်ဖျက်ရေးလုပ်ငန်းတွေ လုပ်နေပါတယ်။ အထိုက်အလျောက်လည်းအောင်မြင်မှုရှိပါတယ်။ ဆေးယဉ်ပါးတဲ့ ငှက်ဖျားရောဂါကို ၂၀၀၉ ခုနှစ်က ကော့သောင်းမြို့မှာစတွေ့ပြီး ၂၀၁၁ ခုနှစ်မှာ သုတေသနလုပ်ကြည့်တော့ ဆေးယဉ်ပါးတဲ့ ငှက်ဖျားရောဂါပိုးရတဲ့ အဖြေထွက်လာပါတယ်။ ဘယ်လိုတိုက်ဖျက် ထိန်းချုပ်ကြရမလဲ စီစဉ်ခဲ့ကြတယ်။ ၂၀၁၁ ခုနှစ် ဇွန်လမှာ Three Discases Fund အကူအညီနဲ့ ဒေသသုံးခု သတ်မှတ်ပြီး ငှက်ဖျား တိုက်ဖျက်ရေးလုပ်ငန်းတွေ စတင်လုပ်ဆောင်ခဲ့ပါတယ်။

"အခုတော့ TheGlobal Fund ရဲ့ အထောက်အပံ့နဲ့ ၂၀၁၃ ခုနှစ်မှာ စုစုပေါင်း မြို့နယ် ၅၂ ခု တိုးချဲ့ပြီး ဆေးယဉ်ပါးတဲ့ ငှက်ဖျားရောဂါကို ထိန်းချုပ်ရေးလုပ်ကြမယ်။

"ငှက်ဖျားရောဂါနဲ့ ပတ်သက်ပြီး သတိမှတ်ထားတဲ့ ၅၂ မြို့နယ်မှာရှိတဲ့ ဆီအုန်း၊ ရော်ဘာ၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်သတ္တုလုပ်ငန်းစတဲ့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေမှာ လုပ်ကိုင်နေကြတဲ့ ငှက်ဖျားရောဂါပိုးရှိတယ်ဆိုတဲ့ အလုပ်သမားတွေကို ဦးစားပေးပြီး ဆေးကုသတာ၊ ဆေးစစ်တာနဲ့ ဆေးခြင်ထောင်ဖြန့်ဝေခြင်းတို့ကို ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက် ရှိပါတယ်။ တချို့နေရာတွေက ဝေးလံခေါင်သီတဲ့အတွက် အဲဒီအလုပ်သမားတွေနဲ့ ဆက်သွယ်ရေးအခက်အခဲလေးတွေလည်း ရှိပါတယ်။

"ရွှေ့ပြောင်းလုပ်သားတွေအတွက် ငှက်ဖျားရောဂါနဲ့ပတ်သက်ပြီး ကာကွယ်မှုတွေ ထိထိရောက်ရောက်ပေးနိုင်အောင် ၁၀၀ ရာခိုင်နှုန်းအပြည့်ရည်မှန်းချက်ရောက်အောင် ဆောင်ရွက်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါတယ်။ ငှက်ဖျားရောဂါဖြစ်ပွားတဲ့ဒေသက အခြားနေရာဒေသနဲ့ အခြားနိုင်ငံတွေကို ငှက်ဖျားပိုးပျံ့နှံ့မသွားရန် ကာကွယ်တားဆီးမယ်ဆိုတဲ့ အဓိကရည်ရွယ်ချက်ဖြင့် ပူးပေါင်းဆွေးနွေးခဲ့ကြခြင်းဖြစ်ပါတယ်။

"တောတောင်ထူထပ်တဲ့ အရပ်ဒေသတွေမှာ ညအချိန်ခြင်မကိုက်အောင် နေထိုင်ဖို့ အလွန်အရေးကြီးပါတယ်။ ငှက်ဖျားရောဂါပိုး သယ်ဆောင်တဲ့ ခြင်မျိုးအစားက သီးသန့်ရှိတယ်။ အိပ်တဲ့အခါ သာမန်ခြင်ထောင်နဲ့ မအိပ်ဘဲ ဆေးစိမ်ခြင်ထောင်နဲ့အိပ်ဖို့ လိုအပ်တယ်။ ငှက်ဖျားရောဂါဖြစ်တဲ့ ဒေသတွေမှာ ကျန်းမာရေးဝန်ကြီးဌာနက ဆေးစိမ်ခြင်ထောင်တွေကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်" ဟု ပြောကြားသည်။

Artemisinin ဆေးယဉ်ပါးမှုသည် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခြိမ်းခြောက်လျက်ရှိသော အရေးပေါ်အခြေအနေဖြစ်သည်။ Artemisinin ဆေးယဉ်ပါးမှုကို ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့တွင် တွေ့ရှိရပြီး ထိုဆေးယဉ်ပါးမှုသည် အိန္ဒိယမှ တစ်ဆင့် အောက်ပိုင်းဆာဟာရအာဖရိကနိုင်ငံများသို့ ပျံ့နှံ့ခဲ့ပါက Artemisinin ဆေးနှင့်ကုသ၍မရနိုင်သော ငှက်ဖျားရောဂါဆိုးနှင့်ရင်ဆိုင်ရဖွယ်ရှိသည်။

မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးပွားလာခြင်းနှင့် အာဆီယံနိုင်ငံများအတွင်း လွတ်လပ်စွာကုန်သွယ်နိုင်ခြင်းတို့ကြောင့် ဒေသအတွင်း ရွှေ့ပြောင်းလူဦးရေတိုးပွားလာမည်။ ထို့အတူ ဒေသများတွင် Artemisinin ဆေးယဉ်ပါးမှုပြဿနာများတိုးပွားလာပြီး ငှက်ဖျားရောဂါကူးစက်ပြန့်ပွားလာခြင်းကြောင့် ကျန်းမာရေးလုံခြုံမှုကို ထိပါးလာနိုင်သည်။

ထို့ကြောင့် နိုင်ငံအဆင့်၊ ဒေသအဆင့်၊ ကမ္ဘာ့အဆင့် ကျန်းမာရေးလုံခြုံမှုအတွက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် အစိုးရဌာနများနှင့် ပူးပေါင်း၍ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးကို ဆောင်ရွက်သွားကြမည်ဟု သိရသည်။

ခင်ရွှေဝင်း

တိုင်းရင်း ကောရီ ရွှေးချယ်ပွဲကျင်းပ

လှိုင် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၏ တိုင်းရင်းသားရိုးရာဓလေ့ကပွဲ၊ တိုင်းရင်းဇကရီ ရွှေးချယ်ပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်က ပြည်သူ့ဥယျာဉ်ကွင်းအမှတ်(၁)၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်မြမြ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့်ဒေါ်ခင်အေးနွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး **(အပေါ်ပုံ)**တိုင်းရင်းသား ရိုးရာဓလေ့အစားအစာများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ရန်နိုင်လင်း(လှိုင်)

မြို့သစ်မြို့နယ်တွင် ငွေချည် (၆) ချည်မျှင်ရှည်ဝါ ဧက ၅၈ စံပြစိုက်ကွက်ပြပွဲကျင်းပ

မြို့သစ် နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ငွေချည်(၆) ချည်မျှင်ရှည်ဝါထွက်နှုန်းတိုးတက်ရေး၊ မျိုးသန့်ပွားများရေး၊ စံပြကွက်ဧက ၅၀ ကို တောင်သူများနည်းပညာပေးဟောပြောပွဲနှင့် စံပြကွက်ပြသပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီက မကြီးကုန်းကျေးရွာအုပ်စု မကြီးကုန်းကျေးရွာတောင်သူ ဦးမြို့လင်း၏စိုက်ခင်း၌ကျင်းပသည်။ အခမ်းအနားသို့စက်မှုသီးနှံတိုင်းဒေသကြီးဦးစီးမှူး၊ စက်မှုသီးနှံခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တောင်သူ ၁၀၀ ကျော်တက်ရောက်ခဲ့ကြသည်။

မြို့သစ်မြို့နယ်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မိုး၊ မိုးနှောင်း ချည်မျှင်ရှည်ဝါ ၂၃၀၂၅ ဧက စိုက်ပျိုးရန် လျာထားရာ ၂၃၈၇၂ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားဧကထက် ၈၄၇ ဧက ပိုမိုစိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

အမျိုးသားနေ့ သဝဏ်လွှာဖတ်ကြား

ရှာင် နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့အခြေခံပညာအထက်တန်းကျောင်း ပြဒါးလင်းခန်းမ၌ (၉၃)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတထံမှပေးပို့သော အမျိုးသားနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က ဖတ်ကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံများ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သန်လျင်မြို့နယ် ခြောက်လမ်းသွားလမ်းဆုံတွင်

၁ဝရီးသည်တင်ယာဉ်နှင့် သစ်လုံးတင်ယာဉ်တို့ တိုက်မိရာမှတစ်ဦးသေဆုံး၊ ၂၈ ဦး ဒဏ်ရာရရှိ

သန်လျင် နိုဝင်ဘာ ၂၉

နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက သန်လျင်မြို့နယ် သန်လျင်-သုံးခွကားလမ်းအတိုင်း သုံးခွဘက်မှ သန်လျင်ဘက်သို့ ယာဉ်မောင်း နေလင်း (၂)ရပ်ကွက် သုံးခွမြို့နယ်နေသူမောင်းနှင်လာသော ၁စ/... ဟွန်ဒိုင်းအမျိုးအစား သုံးခွမန်လုံ ခရီးသည်တင်ယာဉ်သည် သန်လျင်မြို့နယ် ခြောက်လမ်းသွားလမ်းဆုံ အရောက်တွင် ဒဂုံသီလဝါလမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း သူရအောင် စစ်ပင်တွင်း ရပ်ကွက် မှုံရွာမြို့နယ်နေသူ မောင်းနှင်လာသော ၆ဂ/... ဆမ်ဆောင်းအမျိုးအစား သစ်လုံးတင်ယာဉ်နှင့်တိုက်မိခဲ့ကြရာ သစ်လုံးတင်ယာဉ်မှာ တိမ်းမှောက်သွားသည်။

တက်ရောက်ကုသ

သုံးခွ မန်လုံခရီးသည်တင်ယာဉ်မှာ လမ်း၏ဝဲဘက် မြေနိမ့်ပိုင်းသို့ ထိုးကျသွားခဲ့သဖြင့် ယာဉ်မောင်း နေလင်းမှာအခင်းဖြစ်နေရာ၌သေဆုံးသွားခဲ့ပြီး သစ်လုံးတင်ယာဉ်မောင်း သူရအောင်တွင် ဒဏ်ရာများရရှိသဖြင့် သန်လျင်ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် သုံးခွမန်လုံခရီးသည်တင် ယာဉ်ပေါ်ရှိခရီးသည် ဦးစန်းဦးပါ အမျိုးသား ခြောက်ဦးနှင့် အမျိုးသမီးလေးဦးတို့ ဒဏ်ရာများရရှိသဖြင့် သန်လျင်ဆေးရုံတွင် အတွင်းလူနာ (မစိုးရိမ်ရ) အဖြစ် လည်းကောင်း၊ မပုလဲရတနာမြင့်ပါ ၁၇ ဦးတွင်လည်း ဒဏ်ရာများရရှိသဖြင့် သန်လျင် ဆေးရုံတွင်ပြင်ပလူနာများ (မစိုးရိမ်ရ) အဖြစ်လည်းကောင်း ဆေးဝါးကုသခံနေရသောကြောင့် ယာဉ်မောင်း နေလင်းနှင့်သူရအောင်တို့အား သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

စိုးဝင်း(SP)

သာကေတမြို့နယ်၊ အမက(၄) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမက(၄)တွင် ၁၉၆၀ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီးသော ဆရာကြီး ဆရာမကြီးများအား ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်ကျင်းပရန် စီစဉ်ထားပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ အောက်ပါဖုန်းနံပါတ်များသို့ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်မည် ဆရာကြီး ဆရာမကြီးများလည်း အမြန်ဆုံးဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆရာမ ဒေါ်ခင်ဆွေဝင်း ဖုန်း-၀၉-၂၅၀၀၁၉၂၀၄၊ ဦးကျော်ကျော်လင်း ဖုန်း-၀၉-၅၀၂၀၂၀၉၊ ဦးအငြိမ်း ဖုန်း-၀၉-၄၉၂၁၈၁၃၈၊ ဦးဝေလင်း ဖုန်း-၀၉-၇၃၀၄၅၃၄၅၊ ဦးဇော်ဝင်းနိုင် ဖုန်း-၀၉-၅၁၈၇၀၉၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

မုံရွာစီးပွားရေးတက္ကသိုလ် (2002-Intake) ဝါဏိဇ္ဇဗေဒ ကျောင်းသား ကျောင်းသူများ၏ ပထပအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

မုံရွာစီးပွားရေးတက္ကသိုလ် (2002-Intake)ဝါဏိဇ္ဇဗေဒ ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (2002-Intake)ဝါဏိဇ္ဇဗေဒ ကျောင်းသား ကျောင်းသူများအားလုံး တက်ရောက်ကြပါရန် ခင်မင်စွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၅-၁၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
အချိန် - နံနက် ၀၉:၀၀နာရီမှ ၁၂:၀၀ နာရီအထိ
နေရာ - မုံရွာစီးပွားရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ

ဆက်သွယ်/လှူဒါန်းရန်-
ဆရာမ ဒေါ်မာမာဌေး၏ Bank Account - 0251220005342 (KBZ -မုံရွာ)
သီဟလှိုင် ဖုန်း-၀၉-၄၂၁၁၂၄၂၈၇ ဇော်မင်း ဖုန်း-၀၉-၅၁၈၆၄၄၀
သီဟနိုင် ဖုန်း-၀၉-၄၇၀၅၄၉၀၆ အိခိုင်မာအောင် ဖုန်း-၀၉-၂၂၀၀၄၀၂
ဖြိုးဝေကျော် ဖုန်း-၀၉-၇၃၀၄၃၃၁၀
အလှူငွေများကို ၇-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ ထည့်ဝင်လှူဒါန်းကြပါရန်။

ရွှေဂူနန်း နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရွှေဂူနန်း အထက၊ အလက၊ အမက၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက ရွှေဂူနန်း၌ ကျင်းပပြုလုပ်ပါမည်။ အထက်ပါကျောင်းတော်၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျောင်းသူ ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသူ ကျောင်းသားများ မည်သူမဆိုတက်ရောက်ကြပါရန်နှင့် အောက်ပါကျောင်းသူ ကျောင်းသားဟောင်းများထံတွင် အလှူငွေ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်-
ရွှေဂူနန်း - ဒေါက်တာတင်ဝင်းကျော် ဖုန်း-၀၉-၈၇၂၅၆၄၆၊ ဦးတင်ဖေ ဖုန်း-၀၉-၈၇၃၀၉၄၄၊ ဦးသန်းစိုး ဖုန်း-၀၉-၈၇၃၀၁၂၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးပုလဲစိုး ဖုန်း-၀၉-၄၉၇၇၂၂၀၅
ရန်ကုန် - ဦးတင်အေး ဖုန်း-၀၉-၅၀၁၆၆၇၄၊ ဒေါ်စောနွဲ့ ဖုန်း-၀၉-၅၁၈၃၁၂၄၊ ၀၁-၉၀၀၀၂၄၂၊ ဦးမောင်ကြီး ဖုန်း-၀၁-၅၆၉၅၄၃
အရုဏ်ဆွမ်းဆက်ကပ်ပြီး ညစာစားပွဲရှိပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀ကံဘဲ့၊ မြေကွက်အမှတ် ၅၁/ခ၂+၅၂/ည၂၊ ၅၃/ဃ၂+၅၀/ဇ+၄၉/စ မြေကွက်တည်နေရာအမှတ် သ/က၊ ဦးဘိုးသုန်ရိပ်သာလမ်း၊ ၁၀ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ခင်သန်းလွင်အမည်ပေါက် မြေပိုင်မြေ ၃(ခ)မြေအား အမည်ပေါက် မိခင် ဒေါ်ခင်သန်းလွင်နှင့် ဖခင် ဦးဦးဂါတို့ကွယ်လွန်သဖြင့် ဦးညီထွန်းမင်း ၁၂/မရက(နိုင်)၀၀၂၁၆၆၊ဦးကျော်စွာဦး၁၂/မရက(နိုင်)၁၅၀၂၅၃၊ ဒေါ်ဇင်နီယာဦး၇/ပမန(နိုင်)၁၁၃၃၇၀၊ ဦးတူးရန်ကျော် ၁၂/မရက(နိုင်)၁၄၄၈၀၆၊ G/P၆၂၁၅/၁၃(၂၂- ၄-၂၀၁၃)ရရှိသူ ဒေါ်အေးအေးကြူ ၁၂/မရက(နိုင်)၀၆၅၇၀၇တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ G/P၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆဋ္ဌမအကြိမ် သမိဒ္ဓေါဒယဝံသ အာစရိယပူဇော်ပွဲ လျှောက်ထားဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊ကျွန်းတောလမ်း၊ **သမိဒ္ဓေါဒယ သုမိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်ကျောင်းတိုက်**ရှိ ကျေးဇူးတော်ရှင် ဆရာကြီးများအား (ဆဋ္ဌမ)အကြိမ်မြောက် **ပူဇော်ကန်တော့ပွဲ**ကို (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၄၊ ၅ရက်) ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၁၊ ၂၂ရက်များတွင် အဆိုပါကျောင်းတိုက်ကြီး၌ ကျင်းပပူဇော်မည်ဖြစ်ပါ၍ ပြည်တွင်း၊ ပြည်ပ သမိဒ္ဓေါဒယဝံသ တပည့်များအနေဖြင့် ပင့်ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ (မပျက်မကွက်) စုံစုံညီညီ တက်ရောက်တော်မူကြပါရန် လျှောက်ထားဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့
ဖုန်း-၀၉-၅၀၅၆၆၄၄၊ ၀၉-၅၀၅၂၈၈၆၊ ၀၉-၂၁၃၀၆၀၆၊ ၀၉-၉၁၀၀၈၄၂၆၊ ၀၉-၆၄၀၀၃၅၄

စိုက်ပျိုးရေးတက္ကသိုလ်(မန္တလေး)တွင် ၁၉၆၇မှ ၁၉၇၂ခုနှစ်အတွင်း ဆုံစည်းခဲ့ကြသည့် သူငယ်ချင်းပျား

နှစ်စဉ် ဒီဇင်ဘာလ ပထမပတ်၏ တနင်္ဂနွေနေ့မှာ တွေ့ဆုံနေကြအတိုင်း ဒီနှစ် ဒီဇင်ဘာ ၁ ရက်နေ့ ၁၀း၃၀နာရီမှာ ကူးမြင့်သာတွင် တွေ့ဆုံကြစို့-

နေဝင်တိမ်တောက် အရွယ်တွေထောက်လို့ ဆံပင်ဖြူ၊ ဇရာဘက် အသက်တွေ (၇၀)ချဉ်းပြီမို့ ငယ်ချစ်ကိုယ်စီနှင့်လက်တွဲ၍ လာဖြစ်အောင်လာပါ။ ပုတီးကိုချ မြေးအနှစ်တွေကို တဒင်္ဂခွာ၍ ဆုံကြတွေ့ကြရအောင်ပါ။

လှတိုး၊ ဝင်းကြည်၊ ခင်မောင်ဝင်း၊ လှဝင်း၊ ဘကျော်

ထီးလင်း လူမှုရေးအသင်း သက်ကြီးရွယ်အိုများအားထောက်ပံ့

ထီးလင်း နိုဝင်ဘာ ၂၉

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်မှ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုကူညီရေးအသင်းသည်ထီးလင်းမြို့ပေါ်ရပ်ကွက်များရှိ မသန်စွမ်းသူ၊ စိတ်ကျန်းမာရေးချို့တဲ့သူ သက်ကြီးရွယ်အို ၂၀ တို့အား အောက်တိုဘာလမှစ၍ လစဉ် ဆန်သုံးပြည်ကို ပုံမှန်ထောက်ပံ့လျက်ရှိသည့်အပြင် ထီးလင်းမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသလျက်ရှိသည့် လူနာများအတွက်လည်း ဆန်များထောက်ပံ့ပေးလျက်ရှိကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးဇော်မြင့်ဝင်း၏ ပြောပြချက်အရ သိရသည်။အဆိုပါ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုကူညီရေးအသင်းကို ထီးလင်းမြို့ မင်္ဂလာကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ သောဘဏက နာယကအဖြစ် ဆောင်ရွက်၍ ထီးလင်းမြို့ရှိ ဆင်းရဲနွမ်းပါးသူ ခုနစ်ဦးကိုလည်း ယခုလအတွင်း ဆန်တစ်တင်းခွဲစီ ထောက်ပံ့ပေးထားကြောင်း သိရသည်။ **(၁၀၁)**

ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

ကသာ နိုဝင်ဘာ ၂၉

ကသာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဝင်းထွန်း၊ ဒုတိယဦးစီးမှူး ဦးမြင့်သန်းနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၂၅ ရက်က ကသာမြို့ အနောက်ဘက် လေးမိုင်ခန့်အကွာရှိ အောင်ပုံကျေးရွာသို့ သွားရောက်၍ ကျေးရွာအတွင်းရှိ ခွေးအကောင် ၆၀ အား ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ခွေးရူးရောဂါကာကွယ်ဆေးများမှာ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ OIE မှ ပေးပို့ကူညီခြင်းဖြစ်ပြီး ခွေးအကောင်ရေ ၁၀၀၀ ပြည့်မီအောင် အခမဲ့ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်သည်။ ခွေးရူးရောဂါသည် တစ်နှစ်ပတ်လုံးဖြစ်ပွားနိုင်ပြီး အထူးသဖြင့် ဆောင်းဦးပေါက်၊ နွေဦးပေါက်ကာလများတွင် ရောဂါပိုး ပိုမိုပေါက်ဖွား ပျံ့နှံ့ကူးစက်နိုင်ရာ အိမ်မွေးတိရစ္ဆာန်များအားရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံထားသင့်ကြောင်း သိရသည်။ **စမ်းဦး(ကသာ)**

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ ဖျာပုံ၌ကျင်းပမည်

ဖျာပုံ နိုဝင်ဘာ ၂၉

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တည်ရှိရာ အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီ၏မွေးရပ်မြေ ဖျာပုံမြို့ရှိ စာပေချစ်သူများ၏ စာဆိုတော်နေ့ အထိမ်းအမှတ် တတိယအကြိမ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါ မြို့နယ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာဖေမြင့်၊ ကာတွန်းဆရာ အော်ပီထျယ်၊ စာရေးဆရာ ဦးဘုန်း (ဓာတု)တို့က ဟောပြောကြမည်ဖြစ်ပြီး ဟောပြောပွဲနှင့်စပ်လျဉ်း၍ ဆက်သွယ်လိုပါက ဖျာပုံစာပေချစ်သူများ စာပေဟောပြောပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဝင်း (သတင်းထောက်) ဖုန်း-၀၉-၂၅၀၁၂၃၂၃၀၊ အတွင်းရေးမှူး ဒေါ်သူဇာနွယ် (သတင်းထောက်) ဖုန်း-၀၉-၄၂၂၄၈၈၉၀၉၊ ဘဏ္ဍာရေးမှူး ဦးအေးအောင်(ကုန်သည်) ဖုန်း-၀၉-၈၅၉၀၅၀၁၊ ဦးလှဝင်း(ကုန်သည်) ဖုန်း-၀၉-၂၅၀၂၃၄၀၉၈၊ ဦးမြင့်အောင် (စာရေးဆရာ)ဖုန်း-၀၉-၃၆၂၀၃၃၆၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ဂန့်ဂေါတွင်အင်္ဂလိပ်စာနှင့်သင်္ချာစွမ်းရည်ပြိုင်

ဂန့်ဂေါ နိုဝင်ဘာ ၂၉

အမှတ်(၂)အခြေခံပညာဦးစီးဌာန ဂန့်ဂေါမြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူး၍ အင်္ဂလိပ်စာနှင့်သင်္ချာ စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ နှင့် ၂၆ ရက်တို့တွင် ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း ပုံညာခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရှိ ပညာရေးနယ်မြေ ၁၁ ခုမှ မူလတန်းအဆင့်တွင် အင်္ဂလိပ်စာ ၁၉ ဦး၊ သင်္ချာ ၂၁ ဦး၊ အလယ်တန်းအဆင့်တွင် အင်္ဂလိပ်စာ ၆၅ ဦး၊ သင်္ချာ ၆၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(၁၀၁)**

သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြော

ကျောက်တံခါး နိုဝင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်၊ လက်ထောက်ဦးစီးမှူး ဦးသက်လွင်ဦးနှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီက မြို့ချောင်းကျေးရွာအုပ်စု၊ထီးလတ်ကျေးရွာအုပ်စု၊ ကင်းရွာကျေးရွာအုပ်စု၊ ဆယ်လေးရွာအုပ်စုနှင့် ဖဒိုကျေးရွာအုပ်စုနှင့် ဆီဆုံကန်းကျေးရွာအုပ်စုများရှိ ကျေးရွာနေပြည်သူများအား ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ပြည်သူများသိရှိစေရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဖန်းမော်မြို့တွင် တောင်သူလယ်သမားများအား ကျွဲနွားများရောင်းချပေး

ဖန်းမော် နိုဝင်ဘာ ၂၉

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စိအင်ကျေးရွာအုပ်စု၊ ရေနီကျေးရွာအုပ်စု၊ စင်းခမ်းကျေးရွာအုပ်စုတို့တွင် တရားမဝင် သယ်ဆောင်လာသော ကျွဲနွားများကို ဖမ်းဆီးရမိခဲ့ရာ တရားရုံးမအမှုစစ်ဆေးနေစဉ်ကာလအတွင်း ကချင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျစေရေးအစီအစဉ်ဖြင့် ဆင်းရဲနွမ်းပါးသည့် တောင်သူလယ်သမားများထံ လက်ဝယ်အရောက် တရားရုံး၏လေလံကြမ်းခင်းဈေးဖြင့် ကျွဲ၊ နွား ၆၇ ကောင်ကို ရောင်းချဖြန့်ဝေပေးခဲ့သည်။

မြို့နယ် အထောက်အကူပြုအဖွဲ့၊ မြို့နယ်စိုက်/ကြပ်အဖွဲ့၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ကျရေးလုပ်ငန်းကော်မတီတို့သည် နိုဝင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ကျွဲ၊ နွားဝယ်လိုသူ တောင်သူ ၂၂၁ ဦး၏ လျှောက်လွှာများကို အမှန်တကယ် တောင်သူလုပ်ငန်းလုပ်ကိုင်သူ/ဆင်းရဲနွမ်းပါးသူ၊ လယ်ယာမြေလုပ်ကိုင်မှု အထောက်အထားရှိသူ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်ရရှိသူ၊ ကျွဲ၊ နွားများကိုရောင်းချခြင်းမပြုပါကြောင်း ကတိခံဝန်ချက်ရှိသည့်လျှောက်လွှာများကို စိစစ်ရွေးချယ်ကြရာ တောင်သူ ၁၀၄ ဦးကို ရွေးချယ်ခဲ့သည်။

အဆိုပါ ၁၀၄ ဦးအနက် ကျွဲ၊ နွားဝယ်ယူခွင့်ရရှိသူ ၅၂ ဦးကို မဲနှိုက်၍ စိစစ်ရွေးချယ်ကြရာ မဲပေါက်သူ တောင်သူများထံသို့ ကျွဲမဲပေါက်လျှင် တစ်ကောင်နှုန်း၊ နွားမဲပေါက်လျှင် နှစ်ကောင်နှုန်း(တစ်ရှဉ်း)ဖြင့် မဲဖောက်ပေးသည်။

နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ မဲပေါက်သည့် တောင်သူများကို ကျွဲ၊ နွားများ ပေးအပ်ပွဲအခမ်းအနားကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ မြက်ခင်းပြင်၌ ကျွဲနွားများလွှဲပြောင်းပေးအပ်ပွဲ ကျင်းပသည်။ **(အောက်ပုံ)**

ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျွဲ၊ နွားများအမှတ်စဉ်လိုက် မဲနှိုက်၍ လွှဲပြောင်းပေးအပ်ကြရာ ကျွဲနွားဝယ်ယူသူ တောင်သူများက လက်ခံရယူကြသည်။

တရားရုံးလေလံကြမ်းခင်းဈေးမှာ ကျွဲထီးတစ်ကောင်ငွေကျပ် ၂၃၀၀၀၀၊ ကျွဲမငွေကျပ် ၂၀၀၀၀၀၊ နွားထီးတစ်ကောင်ငွေကျပ် ၁၃၀၀၀၀၊ နွားမတစ်ကောင်ငွေကျပ် ၁၀၀၀၀၀ ဖြစ်သည်။ ကျွဲထီး ၂၈ ကောင်၊ ကျွဲမ ၅ ကောင်၊ နွားထီး ၃၁ ကောင်၊ နွားမသုံးကောင် စုစုပေါင်း ၆၇ ကောင်အတွက် ငွေကျပ် ၁၁၆၉၀၀၀၀ ကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ကူညီစိုက်ထုတ် ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။တောင်သူများဝယ်ယူရရှိခဲ့သော ကျွဲနွားတစ်ကောင်၏ တန်ဖိုးများမှာ ဒေသကာလပေါက်ဈေး၏ ထက်ဝက်ကျော်လျော့နည်းစေပြီး ဈေးနှုန်းချိုသာစွာဝယ်ယူရရှိသည် အတွက် ကျေးလက်နေတောင်သူလယ်သမားများက ကျေးဇူးတင်၍ ဝမ်းမြောက်ဝမ်းသာရှိနေကြသည်။ **ဆီဆီးနုံ-နန်းရီ**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ကွင်းဆင်းဆောင်ရွက်

စဉ့်ကူး နိုဝင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်ဒေသစားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းများ အထောက်အကူပြုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးသယံဇာတတိုးပွားရေးနှင့် မျိုးသုဉ်းပျောက်ကွယ်တော့မည် အန္တရာယ်နှင့်ရင်ဆိုင်နေရသည် ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနယ်မြေကို မန္တလေးမြို့နှင့်စစ်ကိုင်းမြို့ကြား ဧရာဝတီမြစ်အစိတ်အပိုင်းနှင့်မင်းကွန်းမှ ကျောက်မြောင်းမြို့အထက် ရေတော်ဘုရားအထိသတ်မှတ်ပြီး လက်ရှိအခြေအနေမှာ ထိန်းသိမ်းရေးနယ်မြေအတွင်း ဧရာဝတီလင်းပိုင်အကောင်ရေ ၂၀ ရှိကြောင်း သိရသည်။

အဆိုပါ ဧရာဝတီလင်းပိုင်များသည် ဩစတြေးလျတိုက်မြောက်ပိုင်း နယူးဂီနီ၊ ဖိလစ်ပိုင်၊ဘင်္ဂလားပင်လယ်အော်၊ အိန္ဒိယမြောက်ပိုင်းအထိ ပျံ့နှံ့နေထိုင်ကြပြီး အင်ဒိုနီးရှားနိုင်ငံ မဟာခမ်မြစ်၊ အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဗြဟ္မပုတ္တရမြစ်၊ မဲခေါင်မြစ်တစ်လျှောက်နှင့် မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်၊ ရခိုင်ကမ်းမြောင်ဒေသ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြိတ်ကျွန်းစုတို့တွင်လည်း တွေ့ရှိရကြောင်း သိရသည်။ **(၄၃၃)**

ဘဒ္ဒန္တသုနန္ဒ(ဓမ္မရံသီ)၏ ၇ ရက်မီးငြိမ်းအထူးတရားပွဲ

မိုးကုတ်-မန္တလေး-မုံရွာ ဓမ္မရံသီ မိုးကုတ်ဓမ္မရိပ်သာကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာန နာယကချုပ်၊ ပြည်တွင်းပြည်ပသာသနာပြု နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ ဓဟုဇနဟိတဓရ ဘဒ္ဒန္တသုနန္ဒ အရှင်သူမြတ်မှ သဒ္ဓာတရားတော်များကို ခန္ဓာဉာဏ်ရောက်သဘောပေါက်အောင် ဟောပြောပြသမည်ဖြစ်ပါသည်။

သစ္စာဓမ္မသဘင်ကိုကြီးမှူးကျင်းပသော ပခုက္ကူအသင်း(ရန်ကုန်)၏ နာယကကြီးများ၊ အလုပ်အမှုဆောင်များ၊ အသင်းသူ အသင်းသားများနှင့် ရန်ကုန်ရောက် ပခုက္ကူသူ သားများမှ အမြတ်ဆုံးသောတရားအလှူကို ပေးလှူလိုပါ၍ တရားချစ်ခင်သူ သာသနာနွယ်ဝင် သူတော်စင် ဓမ္မမိတ်ဆွေအပေါင်းတို့အား တရားအလှူခံကြွရောက်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၇-၁၂-၂၀၁၃ ရက် (စနေနေ့)မှ
၁၃-၁၂-၂၀၁၃ ရက် (သောကြာနေ့)အထိ

ကျင်းပမည့်အချိန် - နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ

ကျင်းပမည့်နေရာ - ပခုက္ကူဓမ္မာရုံ၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊
အာဇာနည်ဗိမာန်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊

ဆက်သွယ်လှူဒါန်းရန်-ဓမ္မပူဇာအလှူ၊ ဆွမ်းအလှူ၊ အချိုပွဲအလှူတို့ကို-

ဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀၂၁၈၈၅၊ ဒေါက်တာလဝင်းမောင် ဖုန်း-၀၉-၄၉၂၆၄၇၇၆၊ ဒေါ်မြင့်မြင့်အေး ဖုန်း-၀၉-၅၀၂၀၃၃၃၊ ဒေါ်သန်းတင့် ဖုန်း-၀၁-၆၆၇၇၉၃၊ ဒေါ်စန်းစန်း ဖုန်း-၀၉-၇၃၀၇၇၇၅၁၊ ဒေါ်သင်းသင်းရွှေ ဖုန်း-၀၉-၄၉၃၄၈၉၉၂၊ ဒေါ်ညိုညို ဖုန်း-၀၉-၅၁၅၁၄၂၉၊ ဦးချမ်းမြေ့ ဖုန်း-၀၉-၄၃၁၇၃၆၇၅ တို့ထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့

ပျောက်ဆုံးကြောင်း

ကျွန်တော်သန်းနိုင် ၁၁/စတန(နိုင်)၀၀၀၉၂၃၏ နိုင်ငံကူးလက်မှတ် **M-938473**နှင့် **CDC-87029** နှင့် စာရွက်စာတမ်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဖုန်း-၀၉-၄၉၃၀၄၈၃၃၊ ၀၉-၄၂၀၀၈၂၇၂၉

စီးပွားရေးတက္ကသိုလ်

1994-1995 ခုနှစ် ဘွဲ့ရကျောင်းသား ကျောင်းသူများ၏

တတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပရေးအတွက် အလှူငွေများထည့်ဝင်ရန် နှိုးဆော်ခြင်း

၁၉၉၄-၁၉၉၅ခုနှစ် စီးပွားရေးတက္ကသိုလ် ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ်အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၁ရက် (စနေနေ့) ညနေ ၆နာရီတွင် Dolphin Restaurant (ကန်တော်ကြီး)တွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည် ဖြစ်ပါသည်။ ယခင်အကြိမ်များကဲ့သို့ သူငယ်ချင်းအားလုံး ပျော်ရွှင်စွာ စုံစုံညီညီပြန်လည်ဆုံတွေ့နိုင်ရန်နှင့် ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့နိုင်ကြရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

အလှူငွေပြေစာပိုင်းစာအုပ်များကို သက်ဆိုင်ရာကိုယ်စားလှယ်အသီးသီးသို့ ဖြန့်ဝေထားပြီးဖြစ်သကဲ့သို့ အောက်ပါပုဂ္ဂိုလ်များထံတွင်လည်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ကိုဘိုဆန်း	ဖုန်း-၀၉-၅၀၀၄၄၃၉	မအေးသန္တာခိုင်	ဖုန်း-၀၉-၅၀၀၄၉၆၄
ကိုစောဟန်အေး	ဖုန်း-၀၉-၈၇၃၀၁၃၂	မပြုံးမို့မို့အောင်(ဆုး)	ဖုန်း-၀၉-၅၀၁၁၈၆၀
ကိုသန့်ဇင်	ဖုန်း-၀၉-၅၀၁၁၉၅၉	မယဉ်ယဉ်ငြိမ်း	ဖုန်း-၀၉-၅၀၆၈၃၂၄
ကိုနေလင်းအောင်	ဖုန်း-၀၉-၅၀၆၉၇၄၁	မမာလာအေး	ဖုန်း-၀၉-၄၀၂၇၁၈၀၆၁
ကိုရဲနိုင်	ဖုန်း-၀၉-၅၁၃၅၃၈၀	ကိုနေမျိုးအောင်	ဖုန်း-၀၉-၅၀၀၃၅၉၇
ကိုထွန်းဇော်သောင်း	ဖုန်း-၀၉-၅၀၀၁၃၉၁	ကိုကျော်ကျော်စိုး	ဖုန်း-၀၉-၂၀၃၁၁၈၄
ကိုမြင့်နိုင်	ဖုန်း-၀၉-၅၁၀၄၆၇၅	ကိုသန်းနိုင်သန်း	ဖုန်း-၀၉-၂၀၃၃၁၂၉
ကိုမောင်မောင်အေး	ဖုန်း-၀၉-၅၅၀၂၃၄၈	ကိုဇော်ဇော်မိုး	ဖုန်း-၀၉-၂၀၄၃၄၄၇
ကိုမင်းသူရ	ဖုန်း-၀၉-၅၀၂၀၃၁၁	ကိုမျိုးသိန်း	ဖုန်း-၀၉-၂၀၃၀၀၇၇
မမေခလာဝင်း	ဖုန်း-၀၉-၅၁၄၂၅၀၁	ကိုကိုကြီး	ဖုန်း-၀၉-၂၀၀၅၈၉၆

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ

၁၉၉၄-၁၉၉၅ခုနှစ် စီးပွားရေးတက္ကသိုလ် ဘွဲ့ရကျောင်းသား ကျောင်းသူများ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ စီ၊ မြေကွက်အမှတ် V ၁၂၃၊ မြေကွက်တည်နေရာအမှတ် ၇၄၊ ဗိုလ်သူရလမ်း၊ ကြည့်မြင်တိုင်မြို့နယ် ဒေါ်မြင့်မြင့်စိန်အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်စိန်နှင့် ခင်ပွန်း ဦးတိုးလွင်တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်စပယ်ဦး ၁၂/လမတ(နိုင်)၀၂၃၉၁၅၊ (၂) ဒေါ်စန္ဒာဦး ၁၂/လမတ(နိုင်)၀၂၃၃၄၃၊ (၃)ဦးလေးလွင်၁၂/လမတ(နိုင်)၀၂၄၁၂၉၊(၄)ဒေါ်ရီရီလွင် ၁၂/လမတ(နိုင်)၀၂၃၉၁၆၊ (၅) ဦးသက်လွင် ၁၂/လမတ(နိုင်)၀၀၁၀၀၅၊ (၆) ဦးမြတ်လွင် ၁၂/လမတ(နိုင်)၀၀၁၀၀၆တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆ယ/၈၀၀၄ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၁၄/ဟသတ(နိုင်)၀၁၆၄၅၇က (ကမ-၃)ပျောက်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရှေ့၊ မြေကွက်အမှတ် ၈၉၆/ခ၊ မြေကွက်တည်နေရာအမှတ် ၈၉၆/ခ၊ အောင်သမြေ ၁၀ လမ်း၊ ၇/ရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးကျော်မြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်မြင့်(ဖခင်)နှင့် ဒေါ်တင်ရီ(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သော (၁) ဒေါ်ယဉ်မိုးကျော် ၁၂/သကတ(နိုင်)၁၀၄၈၂၃၊ (၂) ဒေါ်ထင်မိုးကျော် ၁၂/သကတ(နိုင်)၁၀၄၈၂၄ တို့မှ သေစာရင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ဂ/၆၆၊ မြေကွက်တည်နေရာအမှတ် ၂၄၇၊ စကားဝါလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးညွန့်မောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက်ဦးညွန့်မောင်ကွယ်လွန်သဖြင့် ဒေါ်အေးရင် ၁၂/ဒပန(နိုင်)၀၃၀၅၅၉ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ ဦးညွန့်မောင်ကွယ်လွန်ကြောင်း တိုင်းကျန်းမာရေးဦးစီးပြန်စာ၊ ရပ်ကွက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မူခင်းသတင်းနှင့်ကြော်ငြာ

ငွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၉

အမှတ်(၁၀၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (နေပြည်တော်)မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ တပ်မတော်သားများ ပါဝင်သောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် ည ၇ နာရီခွဲက မူးယစ်ဆေးဝါး သတင်းအရ နမ့်ခွဲ့ရွာအဝင်တွင် ကွတ်ခိုင်မြို့နယ် ကောင်းခါးကျေးရွာနေ ကိုအောင်(ခ) လောက်အယ် (၂၇ နှစ်)မောင်းနှင်လာသော 5F/. . . လင်ခရူဇာယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ ယာဉ်အတွင်းမှ တစ်ထုပ်လျှင် ဘိန်းဖြူ ၀ ဒသမ ၃၅ ကီလိုစီပါ ၃၄ ထုပ် တန်ဖိုးငွေကျပ် ၂၂၆၁ သိန်း၊ ဘိန်းညိုမှုန့်နှစ်ကီလိုစီပါ နှစ်ထုပ်နှင့် ၀ ဒသမ ၉၈ ကီလိုစီပါအထုပ် ၃၀ တန်ဖိုးငွေကျပ် ၃၀၀၆ သိန်း၊ ဘိန်းဆီခဲ ၀ ဒသမ ၉ ကီလို၊ တန်ဖိုးငွေကျပ် ၁၃ ဒသမ ၅ သိန်း၊ ဘိန်းစိမ်း ၀ ဒသမ ၅ ကီလို တန်ဖိုးငွေကျပ် လေးသိန်း၊ အေကေ-၄၇ သေနတ်တစ်လက်၊ ၎င်းကျည် ၁၅ တောင့်၊ ကျည်အိမ်တစ်ခု၊ ပွိုင့် ၂၂ ပြောင်းရှည်သေနတ်တစ်လက်၊ ၎င်းကျည် ၁၅ တောင့်နှင့် ကျည်အိမ် တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သောကြောင့် ကိုအောင်(ခ)လောက်အယ်အား လားရှိုးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ဘိန်းစိမ်း ၁၁ ဒသမ ၁၄၅ ကီလိုဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၉

အမှတ်(၂၃) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(တန့်ယန်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ် တန့်ယန်းမြို့နယ် တာကော်အက် စစ်ဆေးရေးစခန်းတွင် တန့်ယန်းမှ ပန်ဆန်းသို့ တန့်ယန်းမြို့၊ ရပ်ကွက် (၃)နေ စိုင်းမောင်ထွန်း(၂၈နှစ်) မောင်းနှင်လာသည့် ၆ခ/. . . ပါဂျဲရိုး ရွှေအိုးစည်ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေရာ ယာဉ်နောက်ခန်းရှိ အိမ်သုတ်ဆေးသံပုံးခွံအတွင်းမှ ဘိန်းစိမ်း ၁၁ ဒသမ ၁၄၅ ကီလို တန်ဖိုးငွေကျပ် ၅၅ ဒသမ ၇၂၅ သိန်းကို သိမ်းဆည်းရမိခဲ့သည်။

အရေးယူ

စစ်ဆေးချက်အရ ဖမ်းဆီးရမိသည် ဘိန်းစိမ်းများမှာ တစ်ရပ်ကွက်တည်းနေ ရွှေအိုးစည်ယာဉ်လိုင်းဂိတ်မှူးဖြစ်သူ ဇာနည် (၃၆ နှစ်)က တင်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဇာနည်အား ညနေ ၃ နာရီခွဲတွင် ဖမ်းဆီးစစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ဘိန်းစိမ်းများကို မန်မန်းဆိုင်မြို့နယ် နောင်ခတ်ကျေးရွာနေ အိုက်အောင်အမည်ဖြင့် ဂိတ်အလုပ်သမားဖြစ်သူ တန့်ယန်းမြို့ ရပ်ကွက်(၅)နေ ညီပလိတ် (၄၉ နှစ်)ကလက်ခံ၍ တင်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် စိုင်းမောင်ထွန်းပါ သုံးဦးအား တန့်ယန်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ)** **ကိုရဲ**

တစ်ဖက်ကမ်းသို့ စက်လှေဖြင့်တရားမဝင် သယ်ယူမည့်နွား ၁၁ ကောင်ဖမ်းဆီးရမိ

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ်မျိုးလိုင်ခေါင်းဆောင်၍ ဒုရဲအုပ်နေဝင်းဟန်နှင့် တပ်ဖွဲ့ဝင်များသည် တောင်ပိုင်းခရိုင်ဦးစီး(၁)ဌာနစုမှ ဒုရဲအုပ်ခင်မောင်ဝင်းနှင့် သုံးခွမြို့မရဲစခန်းမှ ရဲတပ်ကြပ်ထွန်းလင်း၊ သက်သေဦးဝင်းမြင့်၊ ဦးလှနိုင်ဦးတို့နှင့် အတူ သုံးခွမြို့နယ် သမစိတ္တကျေးရွာအတွင်း နွားများကို စက်လှေဖြင့်တင်၍ တစ်ဖက်ကမ်းသို့ တရားမဝင်နွားမှောင်ခိုကူးသန်းရောင်းဝယ်မှုများ ပြုလုပ်နေကြောင်း သတင်းအရစုံစမ်းဖမ်းဆီးခဲ့ရာ သုံးခွမြို့နယ် သမစိတ္တကျေးရွာ ညောင်ပင်ချောင်းပေါက်တာပေါ်တွင် သက်သေခံနွား ၁၁ ကောင်၊ ဆက်စပ်ပစ္စည်းများနှင့် ၎င်းတို့အနီး တာဘေးကမ်းစပ်၌ နွားများတင်ဆောင်ရန် အသင့်ကမ်းကပ်ထားသည် စက်လှေနှင့် အတူ တစ်ဖက်ကမ်းသို့နွားမှောင်ခိုကူးသန်းရောင်းဝယ်ရန်အတွက် နွားတင်ရန်ပြုလုပ်နေသူ သမစိတ္တကျေးရွာနေ ဝင်းနိုင် (၁၉ နှစ်)၊ နေလင်းဦး (၁၉ နှစ်)၊ ဦးသားထူး(၄၈ နှစ်)၊ မောင်စန်း(၃၀ နှစ်)တို့ကို သက်သေခံပစ္စည်းများနှင့် အတူ သက်သေများ ရှေ့မှောက်တွင် စစ်ဆေးဖမ်းဆီးရာ ဖော်ပြပါလေးဦးမှ သက်သေခံနွား ၁၁ ကောင်နှင့် သုံးကီလိုဒိုင်နမိုတွဲလျက် တရုတ်နိုအင်ဂျင်တစ်လုံး၊ သစ်သားဖြင့် ပြုလုပ်ထားသော စက်လှေတစ်စင်းတို့ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး သုံးခွမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချစ်စရာ(သုံးခွ)**

ဓားကိုင်ရမ်းကားသူ အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အင်းတိမ်ကျေးရွာနေ ကျော်ဦး (၂၆ နှစ်)သည် နိုဝင်ဘာ ၂၃ ရက် ညနေ ၅ နာရီက အရက်သောက်စားမူးယစ်ပြီး ကျေးရွာအတွင်း ဓားကိုင်ရမ်းကားနေကြောင်း၊ကျေးရွာအုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်အရ ရေပြာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်ဖမ်းဆီးရာ ကျော်ဦးအား အရိုးအသွား ၁၃ လက်မခန့်ရှိ ဝါးရိုးတပ်ဓားဦးချွန်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ရေပြာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

နိုင်းချားခြောက်ကောင် တရားမဝင် သယ်ဆောင်လာသူကို ဖမ်းဆီးအရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၉

၁၂။	မိတင်ကြိုင်	၃/ဘအန(နိုင်)၀၉၂၈၀၀	မြောက်ဥက္ကလာ	၄	၃၅၁	ဦးမြင့်ဆွေ	၃၅၁၊ နေကြာလမ်း၊ (၄)ရပ်ကွက်	အမည်ပြောင်း
၁၃။	ဒေါ်နီနီလှိုင်	၁၂/ဥကတ(နိုင်)၀၀၂၂၀၆	ဒဂုံမြောက်	၄၁	တ-၂၁၁၊ တ- ၂၁၂	ဦးအောင်ကို	တ-၂၁၁၊ တ-၂၁၂၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၄။	ဒေါ်မြတ်မြတ်မိုး	၁၂/ရကန(နိုင်)၀၁၅၂၇၇	မရမ်းကုန်း	၂၉	၂ / ၄/A	ဒေါ်ခင်မာလာဝင်း	(၅၆ဒီ)၊ သီရိမာလာလမ်း၊ (၆)ရပ်ကွက်	အမည်ပြောင်း
၁၅။	ဒေါ်စန်းစန်း(ခ)နန်းခင်ခင်အေး+၁	၁၂/ဥကမ(နိုင်)၀၇၄၄၂၆	ဒဂုံဆိပ်ကမ်း	L - ၁၈၊ ၆၁	၁၆၄၉ ၊ ၁၆၅၀	ဦးဇော်မင်း(ခ)မင်းဇော်ဦး	၁၆၄၉+၁၆၅၀၊ L-18 ၊ ၆၁ ၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၁၆။	ဒေါ်ခင်ခင်လှ	၁၂/လမန(နိုင်)၁၁၁၁၄၁	လှိုင်	၁၇	၆/န(၁၀)	ဦးအောင်မြင့်သောင်း	၄၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ (၁၃)ရပ်ကွက်	အမည်ပြောင်း
၁၇။	ဒေါ်ခင်ခင်လှ	၁၂/လမန(နိုင်)၁၁၁၁၄၁	လှိုင်	၁၇	၆/န(၆-၂)	ဦးအောင်မြင့်သောင်း	၄၊ ပဏ္ဍိတာရာမကျောင်းလမ်း၊ (၁၃)ရပ်ကွက်	အမည်ပြောင်း
၁၈။	ဦးရဲမောင်မောင်	၁၂/အစန(နိုင်)၀၁၉၅၃၇	အလုံ	၅	၄၁၈/ခ	တပ်ကြပ်ကြီးမောင်ဝင်း	၄၁၈/ခ၊ မြို့ပတ်လမ်း	ဂရန်သစ်
၁၉။	ဦးအာဂျန်ဒရား	၁၂/ပဘတ(နိုင်)၀၂၅၇၇၁	မရမ်းကုန်း	ဘုရင့်နောင်	၈/၄(A)	ဦးအောင်ကျော်စိုး+၅	၈-၄A၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံ	မြေပုံကူး
၂၀။	ဦးထွန်းရင်	၁၂/လသန(နိုင်)၀၀၄၁၀၄	ဒဂုံဆိပ်ကမ်း	၈၃	၅၉၃	ဦးကိုကြီး	၅၉၃၊ (၈၃)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်

ဥာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက နိုင်လိုသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်ဝိုးမိုးနိုင်	၉/မခန(နိုင်)၀၄၇၃၅၈	ဒဂုံဆိပ်ကမ်း	၈၅	၅၃၀	ဒေါ်မြမြအေး	၅၃၀၊ (၈၅)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၂။	ဒေါ်ဝိုးမိုးနိုင်	၉/မခန(နိုင်)၀၄၇၃၅၈	ဒဂုံဆိပ်ကမ်း	၈၄	၁၃၀	ဒေါ်မေသန်း	၁၃၀၊ (၈၄)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၃။	ဒေါ်ဝင်းမင်းမင်းနိုင်	၁၂/ဒဂတ(နိုင်)၀၁၁၂၆၁	လှိုင်သာယာ	သကမ ၁၆	၇/ခ	ဦးသန်းဝင်း	၇/ခ၊ အနော်ရထာလမ်း	ဂရန်သစ်
၄။	ဦးမြအေး+၂	၁၂/သဃက(နိုင်)၀၁၄၂၃၆	သင်္ဃန်းကျွန်း	၁၆/၁	၇၂၃/က	ဒေါ်အေးမိထွေး	၇၂၃/က၊ သုမန(၄)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သင်္ဃန်းကျွန်း	အမည်ပြောင်း
၅။	ဒေါ်ကျင်ရွှေ(ခ)ဒေါ်ဖန်းရိန်	၁၂/ဗတထ(နိုင်)၀၂၅၈၈၃	ဒဂုံတောင်	၂၀/က	၁၉၆	ဒေါ်စန်းမြင့်	၁၆၄၊ နန္ဒဝန်လမ်း၊ (၂၀/က)ရပ်ကွက်	ဂရန်သစ်
၆။	ဒေါ်သင်းသင်းနိုင်	၁၂/ကတတ(နိုင်)၀၂၆၆၆၅	သင်္ဃန်းကျွန်း	၂၉သုဝဏ္ဏ၊ရွှေဂါဆန်	၂၃၃	ဦးကြဲစိန်	၂၃၃၊ ၂၉၊ သုဝဏ္ဏ၊ ရွှေဂါဆန်၊ သင်္ဃန်းကျွန်း	မြေပုံကူး
၇။	ဒေါ်ဇင်မာလှိုင်	၁၂/ဥကတ(နိုင်)၁၀၁၀၂၅	ဒဂုံအရှေ့	၇	၅၄၂/တ	ဦးအေးလွင်	၅၄၂-က၊ (၇)ရပ်ကွက်၊ ဒဂုံအရှေ့	ဂရန်သစ်
၈။	ဦးမောင်ဝင်း(ခ)ကလာဒါရ်+၃	၁၃/တကန(ဧည့်)၀၀၀၅၀၇	မင်္ဂလာဒုံ	၅၆၃	၈၁၊ ၅၅	ဒေါ်ခင်အေးကြူ+၂	၇၀၊ အဝေရာ(၂)လမ်း၊ တိလောကရပ်ကွက်	မြေပုံကူး
၉။	ဦးမောင်ဝင်း(ခ)ကလာဒါရ်+၃	၁၃/တကန(ဧည့်)၀၀၀၅၀၇	မင်္ဂလာဒုံ	၅၆၃	၈၁၊ ၅၄	ဒေါ်ခင်အေးကြူ+၂	၇၀၊ အဝေရာ(၂)လမ်း၊ တိလောကရပ်ကွက်	မြေပုံကူး
၁၀။	ဦးမောင်ဝင်း(ခ)ကလာဒါရ်+၃	၁၃/တကန(ဧည့်)၀၀၀၅၀၇	မင်္ဂလာဒုံ	၅၆၃	၈၁၊ ၅၆	ဒေါ်ခင်အေးကြူ+၂	၇၀၊ အဝေရာ(၂)လမ်း၊ တိလောကရပ်ကွက်	မြေပုံကူး
၁၁။	ဦးမောင်ဝင်း(ခ)ကလာဒါရ်+၃	၁၃/တကန(ဧည့်)၀၀၀၅၀၇	မင်္ဂလာဒုံ	၅၆၃	၈၁၊ ၅၃	ဒေါ်ခင်အေးကြူ+၂	၇၀၊ အဝေရာ(၂)လမ်း၊ တိလောကရပ်ကွက်	မြေပုံကူး
၁၂။	ဒေါ်ရည်မွန်မြတ်(ခ)ဒေါ်လှလှထွေး	၁၂/သခန(နိုင်)၀၄၅၇၀၆	ရန်ကင်း	၈၅/ကံဘဲ့	၅B/၁၀က	ဦးဟုတ်လျှောင်	၁၈/ငါ၊ စိမ်းလဲ့မေရိပ်သာလမ်း၊ အမှတ်(၇)ရပ်ကွက်	အမည်ပြောင်း
၁၃။	ဒေါ်တင်ရီ	၁၂/မဂတ(နိုင်)၀၂၂၂၄၄	မင်္ဂလာတောင်ညွန့်	၁၂F	V ၇၈	ဒေါ်တင်လှ+မောင်ကျော်စိုးအုပ်ထိန်းသူဒေါ်တင်လှ	၁၇၊ (၈၈)လမ်း၊ ကန်နောက်ရပ်ကွက်	အမည်ပြောင်း
၁၄။	ဦးတင်ဝင်း	၈/တတက(နိုင်)၀၉၀၅၃၉	ဒဂုံတောင်	၁၈	၁၆၆၃/ခ	ဦးတင်လှိုင်	၁၆၆၃/ခ၊ဇာဒက်ကြီးကျွန်းလမ်း၊(၁၈)ရပ်ကွက်၊ဒဂုံတောင်	ဂရန်သစ်
၁၅။	ဒေါ်ခင်သန်းမေ	၁၂/ရကန(နိုင်)၀၀၁၅၄၃	လှိုင်သာယာ	၄/၅	၅၄+၅၅	ဒေါ်သည်ဦးဇေ	၅၄+၅၅၊ ဗိုပိုးနင်းလမ်း	အမည်ပြောင်း
၁၆။	ဦးဝင်းနိုင်	၁၂/အစန(နိုင်)၁၆၄၄၆၆	ပုဇွန်တောင်	၁၁ရှေ	၆၄	ဒေါ်ကေသီကျော်	၈ ၊ ဒေါနလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်	အမည်ပြောင်း
၁၇။	ဒေါ်မြိုးရီ	၁၂/ဥကတ(နိုင်)၀၆၂၂၃၈	တောင်ဥက္ကလာ	၁၃	၁၀၈၃/ခ	ဒေါ်တင်ညွန့်	၁၀၈၃/ခ၊ (၁၇)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၁၈။	ဒေါ်အုံးမြင့်+၃	၁၂/ဥကတ(နိုင်)၀၆၆၁၆၃	တောင်ဥက္ကလာ	၁၃	၁၈၉	ဒေါ်တင်	၁၈၉၊ကောလိယ(၂၆)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာ	အမည်ပြောင်း
၁၉။	ဒေါ်ကျော့မိုးဝါ	၉/တသန(နိုင်)၁၀၄၄၆၆	မရမ်းကုန်း	၂	၃၄၀	ဦးအောင်ဖေ	၃၄၀၊ ခတ္တာလမ်း	အမည်ပြောင်း
၂၀။	ဒေါ်ယဉ်နှင်းနိုင်	၁၃/လရန(နိုင်)၀၈၁၃၄၈	ဒဂုံဆိပ်ကမ်း	၇၈	၆၁၄	ဦးအောင်သိန်း	၆၁၄၊ (၇၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်

ဥာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်လိုက နိုင်လိုသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားတစ်ရပ်ရပ်ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်					လျှောက်ထားသည့်အကြောင်းအရာ
	အမည်	မှတ်ပုံတင်	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	
၁။	ဒေါ်တင်တင်ဝင်း	၉/မကန(နိုင်)၀၃၂၅၄၁	ဒဂုံဆိပ်ကမ်း	၅၈	၂၄၈	ဦးကြည်မြင့်	၂၄၈၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၂။	ဒေါ်တင်တင်ဝင်း	၉/မကန(နိုင်)၀၃၂၅၄၁	ဒဂုံဆိပ်ကမ်း	၅၈	၂၅၄	ဒေါ်မာမာလွင်	၂၅၄၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၃။	ဒေါ်တင်တင်ဝင်း	၉/မကန(နိုင်)၀၃၂၅၄၁	ဒဂုံဆိပ်ကမ်း	၅၈	၂၅၁	ဒေါ်သောင်းအေး	၂၅၁၊ (၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း	ဂရန်သစ်
၄။	ဒေါ်လှသောင်း	၁၂/ဥကတ(နိုင်)၀၃၃၇၁၁	တောင်ဥက္ကလာ	၄	၁၀၆၁-၂(က)	ဦးအောင်ကြည်	၁၀၆၁-၂(က)၊ သဒ္ဒါလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာ	အမည်ပြောင်း
၅။	ဦးဝင်းထွဋ်+၁	၁၂/တကန(နိုင်)၀၃၈၉၅၁	ဒဂုံမြောက်	၄၂	၁၀၇၁	ဦးကျော်ဝင်း	၁၀၇၁၊ သခင်အားဖေကြီးလမ်း၊ (၄၂)ရပ်ကွက်	အမည်ပြောင်း
၆။	ဦးရန်အောင်ဝင်း(ခ)ဟန်ယံချက်	၁၃/လရန(နိုင်)၁၁၉၅၄၇	တောင်ဥက္ကလာ	၁၃	၁၂၅၂/က	ဒေါ်လှမြင့်+ဦးတင်မောင်ဦး	၁၂၅၂/က၊ ရတနာလမ်း၊ (၁၃)ရပ်ကွက်	အမည်ပြောင်း
၇။	ဦးပေါ်လွင်	၁၂/သကတ(နိုင်)၀၁၇၆၈၃	သာကေတ	၇/ရှေ့	၁၅၄/က	ဒေါ်ခင်မေ	၁၅၄/က၊ ယဇနလမ်း၊ ၇/အရှေ့ သာကေတ	အမည်ပြောင်း
၈။	ဦးအောင်ငွေမိုး	၁၂/မဂတ(နိုင်)၀၈၉၇၉၂	မင်္ဂလာဒုံ	၅၃၂/ဘီ	၁၃၈	ဦးဆန်းထွန်း	၁၃၈၊ နေကြာလမ်း၊ ပလမြို့သစ်	အမည်ပြောင်း
၉။	ဦးယုလွင်	၁၂/အစန(နိုင်)၁၆၇၅၇၂	ရွှေပြည်သာ	၁၅	၁၂၆	ဦးကျော်မင်းလတ်	၁၂၆၊ သဇင်လမ်းသွယ်(၂)လမ်း	အမည်ပြောင်း
၁၀။	ဒေါ်အေးညွန့်	၁၂/ဥကတ(နိုင်)၀၅၃၄၁၆	တောင်ဥက္ကလာ	၆	၉၁၇	ဦးသောင်းတင်	၉၁၇၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာ	မြေပုံကူး
၁၁။	ဒေါ်ဝင့်ယဉ်နု+၂	၁၂/သဃက(နိုင်)၁၃၉၁၄၀	သင်္ဃန်းကျွန်း	ကြို့ပွားရေး/တောင်	၁၀၆/က	ဦးချိန်ကွီး	၁၀၆/က၊ နီလာလမ်း၊ သွပ်ဝိုင်းကြီး	အမည်ပြောင်း
၁၂။	ဦးတင်ထွန်း	၁၂/ဥကတ(နိုင်)၁၁၉၄၃၂	ဒဂုံဆိပ်ကမ်း	စက်မှုဇုန်(၁)	၁၉၈/၁၈	ဦးစိုးလှိုင်+၂	၁၉၈/၁၈၊ ကနောင်မင်းသားကြီးလမ်း၊ စက်မဇုန်(၁)	အမည်ပြောင်း
၁၃။	ဦးမောင်မောင်သိန်းထိုက်	၁၂/ဥကမ(နိုင်)၀၁၈၉၄၅	တောင်ဥက္ကလာ	၄+၅တိုးချဲ့	၁၄	ဒေါ်ယဉ်ယဉ်မွန်+၄	၁၄၊ ကေတုမာလာ(၄)လမ်း၊ (၄)ရပ်ကွက်	ဂရန်ခွဲ
၁၄။	ဦးဟိန်းဇော်	၁၂/ရကန(နိုင်)၀၇၁၁၀၂	ဒဂုံမြောက်	၃၄	၂၅၀	ဦးဇော်မြင့်	၂၅၀၊ သရဖီ(၃)လမ်း၊ (၃၄)ရပ်ကွက်	အမည်ပြောင်း
၁၅။	ဦးဟိန်းဇော်	၁၂/ရကန(နိုင်)၀၇၁၁၂၀	ဒဂုံမြောက်	၃၄	၂၅၀	ဦးလှသောင်း	၂၅၀၊ သရဖီ(၃)လမ်း၊ (၃၄)ရပ်ကွက်	အမည်ပြောင်း
၁၆။	ဒေါ်နော်အယ်မရယ်သောသောကော်	၁၂/လမန(နိုင်)၁၄၃၂၅၈	ရွှေပြည်သာ	၄၃	၁၈၀၅/က	ဒေါ်အနော်	၁၈၀၅/က၊ အောင်ဓေမာလမ်း	ဂရန်သစ်
၁၇။	ဦးစိုးမြင့်+၂	၁၂/အစန(နိုင်)၁၆၂၉၉၇	တောင်ဥက္ကလာ	၁၃	၇၃၂	ဦးလှဖေ	၇၃၂၊ ဝရဇော(၆)လမ်း၊ (၁၃)ရပ်ကွက်	အမည်ပြောင်း
၁၈။	ဒေါ်ခင်သက်ဦး	၁၂/သကတ(နိုင်)၀၀၄၄၈၂	ဒဂုံမြောက်	၄၅	၁၁၂၈	ဒေါ်လှမြင့်	၁၁၂၈၊ စက်မှုလယ်ယာလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြောက်	အမည်ပြောင်း
၁၉။	ဒေါ်စန်းရွှေ+၁	၁၂/မဂတ(နိုင်)၀၃၁၄၀၁	ရွှေပြည်သာ	၃၂	၆၆၃	ဦးဝင်းမောင်	၃၂/၆၆၃၊ ယင်းမာလမ်းသွယ်(၁)	ဂရန်သစ်
၂၀။	ဒေါ်ကြည်သိမ့်သိမ့်သူ	၁၂/စခန(နိုင်)၀၈၁၈၃၇	ရွှေပြည်သာ	၄၇	၃၁	ဒေါ်သီတာသန်း	၃၁၊ ဗိုလ်ချုပ်လမ်း၊ သံဒင်း(၄၇)ရပ်ကွက်၊ ရွှေပြည်သာ	အမည်ပြောင်း

ဥာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နိုင်ရန် သူနာပြုသိပ္ပံသင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓါတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ည) တပ်မတော်တွင်(၁၀)နှစ်အနည်းဆုံး စစ်မှုထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ(၂၉) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၂-၂၀၁၃ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၀-၁-၂၀၁၄ ရက်နေ့မှ ၁၁-၁-၂၀၁၄ ရက်နေ့အတွင်း ထုတ်ပြန်ကြေငြာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁-၂၀၁၄ ရက်နေ့မှ ၂၄-၁-၂၀၁၄ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ဝညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science)** ရရှိမည်ဖြစ်ဝါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၆၅ဝပဝ)ကျပ်၊ ဒုတိယနှစ်(၆၆၀၀၀)ကျပ်၊ တတိယနှစ် (၆၇၀၀၀)ကျပ်၊ စတုတ္ထနှစ်(၆၈၀၀၀)ကျပ် ရရှိမည်။ (၄င်းအပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသောအပိုထောက်ပံ့ကြေး (၃၀၀၀၀)ကျပ်ကို ခံစားခွင့်ရှိသည်။ သင်တန်းတက်စဉ်ကာလတွင် နေရေး၊ စားရေး၊ သွားလာရေး၊ သင်တန်းသူပတ်စုံတို့ကို တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးမည်။)

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**အဖြစ် ခန့်အပ်ပေးမည် ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့ (Master of Nursing Science)** နှင့် **သူနာပြုပါရဂူဘွဲ့ (Ph.D Nursing)** ဘွဲ့သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။ ရာထူးခန့်ထားရေး စည်းမျဉ်းနှင့်အညီ **သူနာပြု၊ အထက်တန်းသူနာပြု၊ သူနာပြုဆရာမကြီး၊ ဒုတိယသူနာပြုအုပ်၊ သူနာပြုအုပ်** အဆင့်အထိ တိုးမြှင့်ပေးမည်ဖြစ်ပြီး ရာထူးအဆင့်အလိုက် လစာနှုန်းထားများ ခံစားခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃ထပ်ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

အလိုတော်ပြည့်ဘုရားပွဲ ဖိတ်ကြားလွှာ

ညောင်ဦးခရိုင်၊ ပုဂံ-ညောင်ဦးမြို့နယ် နှစ်စဉ်ကျင်းပမြဲဖြစ်သော အလိုတော်ပြည့်ဘုရားပွဲတော်ကို ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း(၁၄-၁၅)၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၆-၁၇)ရက်နေ့များတွင် အလိုတော်ပြည့်ဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များမှဦးစီး၍ အမြို့မြို့အနယ်နယ်မှ ဆွမ်း၊ ရေချမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး (၅၀၀၀)တို့ဖြင့် ဗုဒ္ဓပူဇနိယထီးဖြူတော်ဖွင့်ပွဲအခမ်းအနားဖြင့် လှူဒါန်းပူဇော်ပြီး ပင့်သံဃာ(၅၂၈)ပါးတို့အား လှူဒါန်းဖွယ်ရာဝတ္ထုများကို လှူဒါန်းပူဇော်ရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ပင့်သံဃာ(၁)ပါးလျှင် (၁၀၀၀၀)ကျပ်ဖြင့် ငွေပဒေသာပင်များ လှူဒါန်းပူဇော်မည်ဖြစ်ပါသည်။ မိမိတို့လောင်းလှူလိုသောဝစ္စည်းများကို ပင့်သံဃာ(၅၂၈)ပါးအတွက် သံဃာ့ဒါနသံဃာစေ့လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ပါသည်။

ဘုရားပွဲတော်ကို(၁၆-၁၂-၂၀၁၃)ရက်နေ့မှစ၍(၂၅-၁၂-၂၀၁၃)ရက်နေ့ထိ ဟန်ဇာမိုးဝင်းဇာတ်ပွဲ၊ IC ရှိုးပွဲ၊ မြတ်ရာအငြိမ့်၊ ရွှေမေတ္တာဇာတ်တို့ဖြင့် ကပြဖျော်ဖြေမည်ဖြစ်ပါသည်။

အလိုတော်ပြည့်ဘုရားဝေါပကအဖွဲ့၊ ပုဂံ-ညောင်ဦးမြို့

သီတဂူရွှေပြည်ဟိန်းစကျူ့ဒါနဆေးရုံ ဒီဇင်ဘာလ ၂၁၊ ၂၂ (၃၀)ကြိမ်မြောက် အလင်းဒါန ပါဝင်လှူဒါန်းနိုင်

ဒီဇင်ဘာလ(၂၁၊၂၂)ရက်တွင် ဦးရေ(၃၇၀၀)ပြည့် ၃၀ ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀ဝိ/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် KBZ Bank(Account No.00730200701690301)နှင့် အခြားဘဏ်များ အရှင်ခေမာသီရိလင်္ကာရ (၁၂/ရကန(သ)၀၀၀၀၈၅)၊ ဖုန်း-၀၉ ၅၀၀ ၂၀၉၇၊ ၀၁-၅၄၁၄၉၃ သို့လည်းကောင်း၊

ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁၀၂၀၉၇) သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သီတဂူရွှေပြည်ဟိန်းစကျူ့ဒါန ဆေးရုံ နိုဝင်ဘာလ ၂၃-၂၄၊ (၂၉) ကြိမ်မြောက် မျက်စိခွဲစိတ်ပြီးအလင်းဒါနအလှူရှင်များ

ဦးသက်နိုင် + ဒေါ်စုစုတင် မိသားစု၊ ကြောင်မျက်ရှင်လမ်း၊ ကျိုက္ကဆံ၊ ဗဟန်း	ကျပ် ၁၅ သိန်း	Mr Simonlin (KHT) Co., Ltd. ၁၂ လမ်း၊ လမ်းမတော်	၁၅၀၀၀၀	ဦးစိန်ဝင်း + ဒေါ်ခင်မေဌေးမိသားစု၊ ရွှေမြင့်မိုရ်၊ ဘုရင့်နောင်	၂၀၀၀၀၀
ဦးထွန်းသန်း+ဒေါ်ဝင်းကြည်မိသားစု၊ ကိုးတန်းရပ်၊ ပြည်လမ်း၊ တိုက်ကြီး	၂၀၀၀၀၀	ဒေါ်စောခင်နွဲ့နှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဗညားဒလလမ်း၊ တာမွေ	၁၂၀၀၀၀	ဒေါ်မြသန်းမိသားစု၊ ဇဝနတာဝါ၊ သဃ်ၤန်းကျွန်း	၁၂၀၀၀၀
ဒေါ်စိန်ညို၊ သား Dr ကိုကိုမိုး မြေး မောင်မင်းထက်၊ မခင်မြတ်သူ၊ သီတာလမ်း	၂၀၀၀၀၀	ဦးထွန်းထွန်းနိုင် + ဒေါ်စန်း၊ သားထက်ဝေယံဦးမိသားစု၊ ရေကျော်	၁၂၀၀၀၀	ဦးကျော်ကျော်ဝင်း + ဒေါ်မြို့ခင်၊ ဝန့်ဝေမြို့	၁၀၀၀၀၀
ဦးမောင်ရွှေ + ဒေါ်ကျင်ဟန်၊ မြေးစိမ်းမြင့်မိုရ်မိသားစု၊ သဃ်ၤန်းကျွန်း	၁၀၀၀၀၀	ကွယ်လွန်သူတို့အား ရည်စူး၍ ဒေါ်ကျင်တီမိသားစု၊ ကြည့်မြင်တိုင်	၁၀၀၀၀၀	မမြသက်မွန်၊ ဥသာဖယားလမ်း၊ ကျိုက္ကဆံ၊ ဗဟန်း	၁၀၀၀၀၀
ရမ္မူးကြီးဘကြည် (ငြိမ်း) + ဒေါ်အေးအေးသန်းမိသားစု၊ သာယာရွှေပြည်ရိပ်မွန်	၉၀၀၀၀	ဦးညီညီမြင့် + ဒေါ်ဝေဝေလွင် မိသားစု၊ သီရိလမ်း၊ စမ်းချောင်း	၈၀၀၀၀	ဒေါ်ခင်ဝင်းကြည်နှင့်ဒေါ်အုန်းမြင့် ညီမ၁၂၅ ကျန်ရစ်သူမိသားစု၊ မိုးဒုံးလမ်း၊	၉၀၀၀၀
ကိုတင်မျိုးဝင်း + မမိမိလေး၊ သားဟိန်းသူလွင် သမီး ဆုဝတီမွယ်၊ ဦးဝိစာရ၊ ဒဂုံ	၈၀၀၀၀	ဦးမောင်မောင်ကြီး+ဒေါ်ကင်တီမိသားစု ပင်ရွှေညောင်လမ်း၊ တာမွေလေး	၈၀၀၀၀	ဒေါ်သက်နီမြင့်၊ သမီး နန်းယုနန္ဒီ မြေး လင်းသန့်နန္ဒီဖူး၊ ကမာရွတ်	၈၀၀၀၀
မဇင်မာစိုး၊ မောင်ဖြိုးမင်းသူတို့၏ (မွေးနေ့ဒါန) သဃ်ၤန်းကျွန်း	၄၀၀၀၀	ဒေါ်ခင်အေးကြည် သရဖီလမ်း၊ အလုံ	၈၀၀၀၀	ဒေါ်ခင်ခင်မိသားစု၊ ရိပ်သာလမ်း၊ လေးထောင့်ကန်၊ သဃ်ၤန်းကျွန်း	၅၀၀၀၀
ဒေါ်ခင်အေးမူ (မွေးနေ့ဒါန) ရတနာပုံ (၃)လမ်း၊ သာကေတ	၄၀၀၀၀	ဦးခင်မောင်ထွေး + ဒေါ်စန်းယုမော်မိသားစု၊ မွန်မြတ်မေတ္တာ၊ တာမွေ	၆၀၀၀၀	(ဦးအေးမောင်)ရည်စူး ဒေါ်တင်တင်အေးမိသားစု၊ ဓမ္မစိန္တာလမ်း၊ တာမွေ	၅၀၀၀၀
ဦးလှိုင်တင် + ဒေါ်ခင်ဝင်းကြည်၊ သား သိန်းထိုက်လင်း၊ ကိုးတန်းရပ်၊ တိုက်ကြီး	၄၀၀၀၀	ဒေါ်တင်တင်မာ မိသားစု၊ ကျောက်မြောင်းဈေးလမ်း	၅၀၀၀၀	ဦးကျော်မြင့် + ဒေါ်သင်းသင်းလှ၊ သမီးဝင်းပပစန္ဒာ၊ ပါရမီကွန်ဒို၊ လှိုင်	၄၀၀၀၀
ဦးထွဏ်းအောင်+ဒေါ်မာမာသင်းမိသားစု၊ ကမာကြည်အိမ်ရာ၊ သာကေတ	၄၀၀၀၀	အဖိုးဦးဖိုးလှ+ဒေါ်စန်းမြအမှုးထား၍ မြေး ဖြူဖွေး (မွေးနေ့ဒါန)	၅၀၀၀၀	ဦးကျော်ဇေယျ + ဒေါ်မေသက်နိုင်၊ သမီးမထက်ဦးကျော်၊ သာယာရွှေပြည်	၄၀၀၀၀
နိုင်ချစ်လှိုင် + ဒေါ်အေးကြိုင်မိသားစု၊ ပုလဲလမ်း၊ မော်လမြိုင်မြို့	၄၀၀၀၀	ဒေါ်ဝင်းဝင်းသန်း သမီး မစောယိန္ဒာ၊ မစောနန္ဒာ မြတ်သုခသက်န်းတိုက်	၄၀၀၀၀	ဦးကျော်ဝင်း + ဒေါ်ထားရီ ထွန်းသစ်ဝင်းမိတ္တူ၊ ပဲခူးလမ်း၊ မြိုးမြို့	၄၀၀၀၀
ဒေါ်ခိုင်ဇာဝင်း မိသားစု၊ ကွင်းကျောင်းလမ်း၊ အလုံ	၄၀၀၀၀	ဦးကျော်လွင် + ဒေါ်စောသုဇာ မိသားစု၊ နဝဒေးဥယျာဉ်၊ လှိုင်သာယာ	၄၀၀၀၀	ဦးဝင်းမြင့် + ဒေါ်ရီရီပြုံး သား မောင်ဝင်းရန်နိုင်ထွန်း၊ ပုဇွန်တောင်	၄၀၀၀၀
ဒေါ်လှအေး၊ ရပ်ကွက်ကြီး (၁)၊ ပြင်ဦးလွင်မြို့ (ဘဏ်လွှဲလှူ)	၄၀၀၀၀	ဒေါ်မြတ်သန်းမွန်၊ မဂ္ဂင်လမ်း၊ ၃၅-ရပ်ကွက်၊ မ/ဒဂုံ၊ (ဘဏ်လွှဲလှူ)	၄၀၀၀၀	ဦးခင်မောင်ကျော် + ဒေါ်မော်လီတင် သား အောင်နိုင်ထွန်း၊ သုဝဏ္ဏ	၄၀၀၀၀

လှူဒါန်းရန်ဌာန-ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း၊ ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး(ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၀၀၂၀၉၇) အရှင်ခေမာ၊ ရွှေဂုံတိုင်ကမ္ဘောဇဘဏ် KBZ Bank (Account No. 00730200701690301)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄၁၊ မြေကွက်အမှတ် ၃၃၇၊ မြေကွက်တည်နေရာ အမှတ်၃၃၇၊ ဦးငွေကိုင်လမ်း၊ (၄၁)ရပ်ကွက်၊ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဦးအောင်ချစ် AA-၀၀၄၁၅၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ချစ် ကွယ်လွန်သဖြင့် ဒေါ်စန်း ၁၂/ကမတ (နိုင်)၀၃၁၅၉၀က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ၤန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်လေးဒေါင့်ကန်၊ မြေကွက်အမှတ် ၂၀၁၊ မြေကွက်တည်နေရာ အမှတ်၃၈၊ ပြည်တော်အေးလမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ် ဒေါ်အေးနုခင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အေးနုခင်(မိခင်)နှင့် (ဖခင်)ဦးသန်းစိန်တို့ ကွယ်လွန်ကြောင်း သေစာရင်း၊ မြို့နယ်နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာများတင်ပြ၍ (၁)ဦးမြင့်ဦး ၁၂/သဃက(နိုင်)၀၆၈၀၁၇၊ (၂)ဒေါ်နီနီလွင် ၆/လလန(နိုင်)၀၁၀၃၈၂၊ (၃)ဒေါ်ဖြူဖြူလွင် ၁၂/သဃက(နိုင်)၀၀၂၈၄၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁၁-၂၀၁၃ရက်ထုတ် မျှသတင်းစာ စာမျက်နှာ(ဃ)ပါ သွာနုတ္တ သားဖြစ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာချက် ကြော်ငြာတွင် အမှတ်၁၇၈အစား အမှတ်၁၁၇၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၄၂၀/က၊ မြေကွက်တည်နေရာအမှတ် ၄၂၀/က၊ အနော်မာ ၁၀ လမ်း၊ အရှေ့(၁)ရပ်ကွက်၊ သာကေတမြို့နယ် ဦးလှတင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှတင်(ခင်မွန်း)ကွယ်လွန်သဖြင့်တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်တင် ၁၂/သကတ(နိုင်)၀၉၇၉၃၂ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၃၂၀/၂၀၁၃ရရှိသူ ဦးအောင်အောင် ၁၂/သကတ(နိုင်) ၁၈၉၃၄၃ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၄၊ မြေကွက်အမှတ် ၉၆၊ မြေကွက်တည်နေရာအမှတ် ၉၆၊ စည်ပင်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကျော် ၁၂/ဒဂတ(နိုင်)၁၂၅၈၈၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော် ကွယ်လွန်သဖြင့် ဒေါ်စန်းညွန့် ၁၂/ဒဂတ(နိုင်)၁၂၅၈၈၅က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

မအေးမြိုင် ၁၂/အစန(နိုင်)၁၈၇၄၃၂ ၏ နိုင်ငံကူးလက်မှတ်စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၄၄၈၀၅၁၈၇၄**

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ် ၄၅၀-၂၊ မြေကွက်တည်နေရာ အမှတ် ၄၅၀-၂၊ ခေမာသီလမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးဘိုးရင်+၁ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူရရှိသူ ဒေါ်ညွှန့်ရီ ၁၂/ဥကမ(နိုင်)၀၅၆၉၄၅ က ပါမစ်ပျောက်ဆုံးကြောင်း ဝန်ခံချက်၊ ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်များ တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၂၂/သမိုင်း၊ မြေကွက်အမှတ် ၆/c၁၊ မြေကွက်တည်နေရာအမှတ် ၆/c၁၊ မင်းကျောင်းလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်စောအမည်ပေါက် ဘီ၊ မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက် မိခင်ဒေါ်စော၊ ဖခင် ဦးစိန်လွန်းတို့ကွယ်လွန်သဖြင့် ဦးသိန်းလွန်း ၇/ပတန(နိုင်)၀၃၉၄၅၃၏ GP ၁၈၇၁/၁၃ (၂၅-၉-၁၃)ရရှိသူ ဒေါ်ဝင်းသန်း ၁၂/ကမရ(နိုင်)၀၄၁၈၈၂က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ GP ၊ သေစာရင်း၊ အပိုင်ပေး စာချုပ် ၁၃၂/က/၆၃ မိတ္တူမှန်တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ်၄၆၊ မြေကွက်အမှတ်၄၀၁၊ မြေကွက်တည်နေရာ အမှတ်၄၀၁၊ ဗန္ဓုလလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဦးသန်းထွန်း AA-၀၃၃၈၉၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းထွန်း ကွယ်လွန်သဖြင့် ဒေါ်သန်းရီ ၁၂/သကတ(နိုင်)၁၀၃၅၉၈က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

MMDC
Myanmar Media Development Center

တက်ရောက်နိုင်သည့်သင်တန်းများ

Full Time Courses

- *Diploma In TV Broadcasting*
  ၂၀၁၄ ဇန်နဝါရီလတွင်ဖွင့်လှစ်မည့် သင်တန်းအတွက် ကျောင်းအပ်လက်ခံနေပါပြီ
- *Taste of TV*
  ၂၀၁၄ ဖေဖော်ဝါရီလတွင်ဖွင့်လှစ်မည့် သင်တန်းအတွက်ကျောင်းအပ်လက်ခံနေပါပြီ

Part Time Courses

- *Digital Video Editing*
- *Digital Video Camera*
- *Fundamentals of Audio Profession*
- *Graphic Design*
- *Vocal Training*

- နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် Asia-Pacific Institute for Broadcasting Development (AIBD), DW Akademie တို့နှင့် ပူးပေါင်း၍ ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အတွေ့အကြုံရှိ ဝါရင့် ဆရာ/ဆရာမများ ကိုယ်တိုင် သင်ကြားပေးလျက်ရှိပါသည်။
- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူတိုင်း တက်ရောက်နိုင်ပါသည်။
- Taste of TV သင်တန်းဆင်း ကျောင်းသား/ကျောင်းသူများအနေဖြင့် Diploma in TV Broadcasting သင်တန်းအပ်နှံရာတွင် ကျောင်းဝင်ကြေး ပေးရန်မလိုပါ။

ရုံးလိပ်စာ – မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်း၊ ပြည်လမ်း၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Phone - 534760, 501714 (Ext: 552), Fax: 505164

သင်တန်းကျောင်း – အခန်းနံပါတ် (T 308 , T309 , T310), တတိယထပ်၊ Junction Square၊ ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Phone - 527242, 532492, 502763 (Ext: 4007)

Website : www.mmdcmyanmar.com Email : contactus@mmdcmyanmar.com
Facebook : www.facebook.com/mmdcmyanmar

ဖခင် အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့ အထက နဝမတန်း(က)မှ မောင်လင်းမြတ်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးထူးအေးကျော် ၅/ပလန(နိုင်)၀၅၀၆၅၆ ဖြစ်ပါသည်။ **ဦးထူးအေးကျော် ၅/ပလန(နိုင်)၀၅၀၆၅၆**

သွေးသည် အသက်

မြန်မာ့အလင်း

<၂၇>ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ အထူးကဏ္ဍာ

27th Sea Games Special

2013, November 30, Saturday

မာတိကာ

ဆီးဂိမ်းကို မြန်မာ့ခြင်းလုံးအဖွဲ့က ရွှေဆုများနှင့် ကြိုမည် — စာ - ၂

ဆီးဂိမ်းဖွင့်ပွဲ ပိတ်ပွဲအတွက် ဇတ္တာသိဒ္ဓိကွင်းအသင့်ရှိနေပြီ — စာ - ၂

နေပြည်တော် အားကစားရွာတွင် ဆိုင်ခန်းများဖွင့်လှစ်ထား — စာ - ၃

နေပြည်တော်နှင့် ရန်ကုန်မြို့တွင် ကျင်းပမည့် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယားများ သတ်မှတ်ပြီးစီး — စာ - ၄

မြန်မာမောင်တို့ အသင့်ရှိနေပြီ

သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)

ဓာတ်ပုံ - မင်းထက်

ရန်ကုန် နိုဝင်ဘာ ၂၉

အိမ်ရှင်နိုင်ငံအဖြစ် မကြာမီ ကျင်းပတော့မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပမည့် အရှေ့တောင်အာရှ ကာယဗလပြိုင်ပွဲကြီး၌ ရွှေအောင်နိုင်ဆုများ ဆွတ်ခူးရန်အတွက် မြန်မာကာယဗလမောင်အဖွဲ့အနေဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ကာယဗလလက်ရွေးစင်နည်းပြ ဦးအောင်နိုင်က ပြောကြားသည်။

အဆိုပါ ကာယဗလမောင်ပြိုင်ပွဲတွင် နိုင်ငံတကာအဆင့် ကီလိုတန်း ငါးတန်း ထည့်သွင်းထားပြီး လာရောက်ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် အိမ်ရှင်မြန်မာနိုင်ငံတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာကာယဗလမောင်များအနေဖြင့် ကြိုတင်လေ့ကျင့်မှုများကို နှစ်ဆန်းပိုင်းကတည်းက အားကစားသမား ခုနစ်ဦးဖြင့် စတင်ပြင်ဆင်ခဲ့ပြီး ယခုအခါတွင် အဆိုပါ အားကစားသမားများထဲမှ ဆန်ခါတင်ငါးဦးကို ရွေးချယ်ပြီးဖြစ်၍ ရွှေအောင်နိုင်ဆုများ ဆွတ်ခူးနိုင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

"ကျွန်တော်တို့ မြန်မာကာယဗလမောင်များအနေနဲ့ကတော့ ကြိုတင်ပြင်ဆင်ပြီး လေ့ကျင့်ချိန်လည်း တော်တော်ရခဲ့ပါတယ်။ ခုတော့ ရွှေအောင်နိုင်ဆုများဆွတ်ခူးနိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ပါဝင်ထည့်သွင်းထားတဲ့ ဝိတ်တန်းငါးတန်းအတွက် အားကစားသမား ငါးဦးကို နောက်ဆုံးဆန်ခါတင်အနေဖြင့် ရွေးချယ်ပြီးပါပြီ။

စာမျက်နှာ ၃ သို့ »

တစ်သင်းလုံး
စုစည်းညီညွတ်မှုအပြည့်နဲ့
ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားသွားမည်

စာ-၄

သတင်း - အောင်မောင်မြင့်ဇော်
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားအတွက် ဝဏ္ဏသိဒ္ဓိကွင်း အသင့်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၉

ဆီးဂိမ်းပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပမည့် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အပြီးသတ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအတွက် ကျင်းပရန် ပြင်ဆင်ထားသည့် နေရာများမှာ မီဒီယာများအတွက်အခန်း၊ အားကစားသမားများ နားနေခန်း၊ အသံလွှင့်ခန်းများပြုလုပ်ထားပြီဖြစ်သည်။

အသင့်ပြင်ဆင်ထား

တစ်ဖန် ကျန်းမာရေးစောင့်ရှောက်မှုအခန်း၊ ရုပ်သံရိုက်ကူးရေးအခန်း၊ ဒိုင်လူကြီးများအခန်း၊ အရေးကြီးပုဂ္ဂိုလ်များအတွက်အခန်း စသည်တို့ကို အသင့်ပြင်ဆင်ထားပြီးဖြစ်သည်။ အခန်းတိုင်းသည် ကျယ်ဝန်းပြီး နိုင်ငံတကာ အားကစားပြိုင်ပွဲများ၏ အားကစားကွင်းစံချိန်ကိုမီကြောင်း သိရသည်။

"ကျွန်တော်တို့ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကို နိုင်ငံတကာမှ ဧည့်သည်တွေလာရောက်လေ့လာကြတယ်။ အကြံပြုချက်တွေပေးကြတယ်။ ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအတွက်ရော၊ အားကစားကွင်းပြင်ဆင်ထားမှုအတွက်ရော နိုင်ငံတကာ အားကစားကွင်းစံနှုန်းနဲ့ကိုက်ညီကောင်းမွန်ကြောင်း ပြောကြပါတယ်" ဟု အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ ဖွင့်ပွဲ၊ ပိတ်ပွဲအတွက် ပြင်ဆင်ထားသည့် ပွဲကြည့်စင်ဘက်အခြမ်းတွင်လည်း လိုအပ်သည့် အီလက်ထရွန်နစ်ကိရိယာများ၊ LED ဘုတ်များ၊ အထောက်အကူပြုပစ္စည်းများကိုချထားပြီဖြစ်ရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကြိုတင်လေ့ကျင့်မှုများကို ပြည့်ပြည့်စုံစုံလေ့ကျင့်လျက်ရှိသည်။

ဆီးဂိမ်းပြိုင်ပွဲကာလအတွင်း ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် wifi များ အသုံးပြုနိုင်မည်ဖြစ်ရာ နိုင်ငံတကာမှ မီဒီယာသမားများအတွက် သတင်းပေးပို့ရယူမှုများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရန် စီစဉ်ထားသည်။

အထူးသဖြင့် မီဒီယာအခန်းတွင် ၅၀ ခန့်ဆံ့ပြီး သတင်းရေးသားခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ မီဒီယာကွန်ဖရင့်ပြုလုပ်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်အောင် ပြင်ဆင်ထားပြီးဖြစ်သည်။ အခန်းအတွင်းလေအေးစက်များ တပ်ဆင်ထားသည့်အပြင် စားပွဲနှင့်ထိုင်ခုံများလည်း အသင့်ခင်းကျင်းပြီးဖြစ်ရာ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှာ ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအတွက် အသင့်အနေအထားရှိနေပြီဖြစ်သည်။

(မြန်မာ့အလင်း)

» စာမျက်နှာ ၁ မှ

ခုယှဉ်ပြိုင်မယ့် ကာယဗလမောင်တွေကတော့ ကမ္ဘာ့အဆင့်မီပါတယ်။ ကီလိုဝိတ်တန်းများအနေနဲ့ကလည်း ၅၅တန်း၊ ၆၀၊ ၇၀၊ ၈၀ နှင့် ၉၀ ဝိတ်တန်းတို့ ထည့်သွင်းထားပါတယ်။ အိမ်ရှင်မြန်မာနိုင်ငံအနေနဲ့ အောင်မြင်မှုရရှိရန် အစွမ်းကုန်ကြိုးစားထားပြီး ရွှေတံဆိပ်ဆုတွေကို အတတ်နိုင်ဆုံး နိုင်ငံအတွက် ကြိုးစားရယူပေးသွားမှာပါ" ဟု မြန်မာကာယဗလ လက်ရွေးစင်နည်းပြ ဦးအောင်နိုင်က ပြောကြားခဲ့သည်။

ပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၄ ရက်နံနက် ၉ နာရီတွင် စတင် ကျင်းပမည်ဖြစ်ပြီး ယင်းနေ့တွင် ၅၅ ကီလိုဝိတ်တန်း၊ ၆၀ ကီလိုဝိတ်တန်းနှင့် ၇၀ ကီလိုဝိတ်တန်းတို့ကို ပထမနေ့အဖြစ် ယှဉ်ပြိုင်စေပြီး ဆုပေးပွဲများကိုပါ တစ်ပါတည်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ ဒုတိယနေ့ကို ဒီဇင်ဘာ ၁၅ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး ယခင်နေ့တွင် ဝိတ်တန်းကြီးများဖြစ်သည့် ၈၀ ကီလိုဝိတ်တန်းနှင့် ၉၀ ကီလိုဝိတ်တန်းတို့ကို ယှဉ်ပြိုင်ပြီး ဆုပေးပွဲများကို တစ်ပြိုင်တည်း ကျင်းပပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကာယဗလမောင်အဖွဲ့၏ နောက်ခံသမိုင်းကြောင်းများကို ပြန်လှန်ကြည့်မည်ဆိုလျှင် ဗီယက်နမ်နိုင်ငံ၌ ၂၀၀၃ ခုနှစ်က

မြန်မာ့ကာယဗလမောင်များ ကမ္ဘာ့အဆင့်မီ အိမ်ရှင်နိုင်ငံအနေနှင့် အောင်မြင်မှုရရှိရန် အစွမ်းကုန်ကြိုးစား၍ ရွှေဆုများရယူမည်။

ကျင်းပခဲ့သည့် (၂၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကီလို ၈၀ တန်း၌ ကိုမင်းဇော်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုကို အောင်မြင်စွာ ဆွတ်ခူးနိုင်ခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၅) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကီလို ၇၀ တန်းမှ ကိုအောင်ခိုင်ဝင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမရွှေတံဆိပ်ဆုကို အောင်မြင်စွာပိုင်ဆိုင်ခွင့်ရရှိခဲ့သည်။ ထို့အပြင် ယခုလက်ရှိ မြန်မာနိုင်ငံ ကာယဗလမောင်လက်ရွေးစင်နည်းပြဖြစ်သည့် ကိုအောင်နိုင်ကလည်း (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကီလို ၆၀တန်း၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆုကို မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် အောင်မြင်စွာ ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာကာယဗလမောင် ရွှေဆုဆွတ်ခူးနိုင်ရန် အပြင်းအထန်လေ့ကျင့်နေစဉ်။

(အပေါ်ပုံ)

နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆွတ်ခူးပေးမည့် မြန်မာကာယဗလ ပြိုင်ပွဲဝင်နှစ်ဦး။ (ဝဲပုံ)

ဆီးဂိမ်းအကြိုအားကစားသတင်းအတိုအထွာများ

ဆက်ဆံရေးဝန်ထမ်းများ တာဝန်ချထား

- ဆီးဂိမ်းအကြိုအဖြစ် သတင်းနှင့် ဆက်ဆံရေးဝန်ထမ်းများကို အားကစားကွင်းနှင့် အားကစားရုံများအလိုက်တာဝန်ချမှုများကို နိုဝင်ဘာ ၂၈ ရက်မှစတင်ကာ ချိတ်ဆက်မှုများ ပြုလုပ်လျက်ရှိသည်။

ဝဏ္ဏသိဒ္ဓိ B ရုံတွင် အမှတ်တရပစ္စည်းများ ရောင်းချမည်

- ဆီးဂိမ်းပွဲတော်ကာလတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ A,B,C ၏ B ရုံတွင် ဆီးဂိမ်းပွဲတော်အမှတ်တရပစ္စည်းနှင့် အဝတ်အထည်များကို လွတ်လပ်စွာ ရောင်းချပေးသွားမည်ဖြစ်သည်။

စားသောက်ဆိုင်များ စီစဉ်ထား

- နေပြည်တော်ရှိ ဆီးဂိမ်းအားကစားပွဲများကျင်းပရာ အချို့အားကစားရုံအနီးတွင် စားသောက်ဆိုင်များဖွင့်လှစ်ပေးသွားရန် စီစဉ်ထားသည်။ ယင်းမှာ အားကစားကွင်း၊ အားကစားရုံများရှိ ဝန်ထမ်းများနှင့် ပရိသတ်များအတွက် အဆင်ပြေစေရန်ဖြစ်သည်။ အဆိုပါ ဆိုင်များမှာ အားကစားရုံများနှင့် လွတ်ကင်းသည့်နေရာတွင်ထားရှိရန် စီစဉ်ထားသည်။

ပြိုင်ပွဲရုံအချို့၌ လေ့ကျင့်လျက်ရှိ

- ဆီးဂိမ်းပွဲတော်တွင် ပါဝင်ဆင်နွှဲကြမည့် အားကစားသမားများသည် ပြိုင်ပွဲရုံအချို့တွင် နေ့စဉ်နီးပါးလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ ထိုသို့ လေ့ကျင့်ရာတွင် နည်းပြများ၏ ကြီးကြပ်မှုဖြင့် ပြုလုပ်နေခြင်းဖြစ်သည်။

အာကာဟိန်း

အားကစားဝါသနာအိုးများ ခရီးသွားအဆင်ပြေစေရေး မန္တလေးမြို့တွင်းနှင့် အားကစားကွင်း အထူးယာဉ်လိုင်းပြေးဆွဲမည်

ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအမျိုးသမီးဘောလုံးအသင်း မန္တလာသီရိကွင်း၌ လေ့ကျင့်လျက်ရှိသည်။

မန္တလေး နိုဝင်ဘာ ၂၉

(၂၇)ကြိမ်မြောက်အရှေ့တောင် အာရှအားကစားပြိုင်ပွဲ (မန္တလေး)ကို ဒီဇင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ မန္တလေးချမ်းမြသာစည်မြို့နယ် မန္တလာသီရိအဆင့်မြင့်နိုင်ငံတကာ အားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်ခွင့် ၁၀၀၀ ကျပ် တန်း၊ ၃၀၀၀ ကျပ်တန်း လက်မှတ်များကို တစ်ဦးလျှင် နှစ်စောင်နှုန်းဖြင့် ဒီဇင်ဘာ ၂ ရက်တွင် ရောင်းချပေးမည်ဖြစ်သည်။

ပြိုင်ပွဲကာလအတွင်း အဆင့်မြင့်အားကစားကွင်းသို့ မန္တလေးမြို့တွင်းမှ မြို့တွင်းအထူးယာဉ်လိုင်းများနှင့် စင်းလုံးငှားတက္ကစီယာဉ်များကို မန္တလေး တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီက ပြေးဆွဲပေးမည်ဖြစ်ပြီး မြို့တွင်းတက္ကစီယာဉ်အသင်းဂိတ်နေရာများကို ၇၇လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြားတွင် စိန်မြန်မာကားသင်း ဖုန်း-၀၉-၆၈၁၉၀၂၂၊ ၇၉လမ်း၊ ၂၈×၂၉ လမ်းကြားတွင် ရွှေမြန်မာကားသင်း ဖုန်း-၀၂-၇၂၃၂၆၊ လမ်း ၃၀၊ ၇၇× ၇၈ လမ်းကြားတွင် ဆန်းမားကားသင်း ဖုန်း-၀၉-၄၄၉၀၀၂၂၅၊ မဟာအောင်မြေကားကွင်း၌ ဂုဏ်မြင့်သူကားသင်း ဖုန်း-၀၉-၄၃၀၆၂၁၆၀၊ ၇၉ လမ်း ၂၉×၃၀ လမ်းကြားတွင် ပွင့်သဇင်ကားသင်း ဖုန်း-၀၂-၃၉၂၅၀ ဂရိတ်ချမ်းမြရွှေပြည်ကားကွင်းတွင် ချမ်းမြရွှေဖြည်ကားသင်း ဖုန်း-၀၉-၄၀၂၅၈၀၆၆ နှင့် ရွှေပြည်ကားသင်း ဖုန်း-၀၉-၉၁၀၄၉၆၀၇၊ ပြည်ကြီးမျက်ရှင်ကားကွင်းတွင် ပြည်ကြီးမျက်ရှင်ကားသင်း ဖုန်း-၀၉-၄၉၂၆၁၃၃၆၊ မန္တလေးဘူတာကြီးတွင် မန်းဘူတာကြီးကားသင်း၊ မန္တလေးဂေါဝိန်ဆိပ်ကမ်း၌ ဂေါဝိန်ကားသင်း ဖုန်း-၀၉-၉၁၀၄၆၁၆၉ စသည့် တက္ကစီယာဉ်အသင်းတို့မှ ပြေးဆွဲကြမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မန္တလေးပြည်ကြီးတံခွန် ချမ်းမြသာစည်၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ အမရပူရ၊ ပုသိမ်ကြီးမြို့နယ်တို့၌ ဒိုင်နာ၊ လိုက်ထရပ်ကားများဖြင့် အဆင့်မြင့်အားကစားကွင်းနှင့် မန္တလေးမြို့တွင်း အထူးယာဉ်လိုင်းက ငွေကျပ် ၂၀၀၊ ၃၀၀ နှုန်းထားတို့ဖြင့်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

နေပြည်တော် အားကစားရွာတွင် ဆိုင်ခန်းများဖွင့်လှစ်ထား

နေပြည်တော် နိုဝင်ဘာ ၂၉

နေပြည်တော် အားကစားရွာအတွင်း နိုင်ငံတကာမှအားကစားသမားများ၊ နည်းပြအုပ်ချုပ်သူများအတွက် မြန်မာနိုင်ငံ အစားအသောက်လုပ်ငန်းရှင်များအသင်းက ဆိုင်ခန်းများဖွင့်လှစ်ပေးထားပြီဖြစ်သည်။

ဆိုင်ခန်းပေါင်း ၁၀ ခန်းကျော်ပါရှိသော အဆိုပါ ဆိုင်ခန်းများတွင် အစားအစာများ၊ ဆီးဂိမ်းအမှတ်တရ အဝတ်အထည်များ၊ ဒေသအလိုက် ထွက်ကုန်များကို ခင်းကျင်းရောင်းချလျက်ရှိနေပြီဖြစ်သည်။

ဆီးဂိမ်းပွဲတော်ကာလအတွင်း နေ့စဉ်ပိတ်ရက်မရှိဖွင့်လှစ်ရောင်းချပေးသွားရန်စီစဉ်ထားပြီးအားကစားသမားများ၊ နည်းပြနှင့်အုပ်ချုပ်သူများအပါအဝင် အားကစားရွာတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက်လည်း အလွယ်တကူဝယ်ယူသုံးစွဲနိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။

အဆိုပါ ဆိုင်ခန်းများခင်းကျင်းရောင်းချသည့်နေရာအလယ်တွင် ခန်းမကျယ်တစ်ခုကို တစ်ဆက်တစ်စပ်တည်းပြုလုပ်ထားပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားများနှင့် တွေ့ဆုံပွဲအခမ်းအနားများပြုလုပ်နိုင်ရန် အဆင်ပြေစွာတည်ဆောက်ထားသည်။

ဆိုင်ခန်းများဖွင့်လှစ်ထားသည့်ရုံနှင့်ဆက်စပ်လျက် ဘဏ်လုပ်ငန်းများ၊ အားကစားလေ့ကျင့်ခန်းမများ၊ သတင်းပြန်ကြားရေးနေရာ စသည်တို့ တည်ရှိနေသည်။

သတင်း - အာကာဟိန်း
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

တပ်မတော်မိသားစုများက မြန်မာအားကစားသမားများအတွက် နေ့စဉ် ကြက်ဥ ၁၀၀၀ လှူမည်

နေပြည်တော် နိုဝင်ဘာ ၂၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံကိုယ်စားပြု အားကစားသမား များအား ပြိုင်ပွဲများအလိုက် အောင်မြင်စွာ ယှဉ်ပြိုင်နိုင်ရေးအတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ကြက်ဥအလုံး ၁၀၀၀ ကို ယနေ့မှစတင်၍ သွားရောက် လှူဒါန်းခဲ့ပြီး ပြိုင်ပွဲကာလ တစ်လျှောက်လုံး နေ့စဉ် ကြက်ဥအလုံး ၁၀၀၀ ဆက်လက်ပေးပို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဆီးဂိမ်းကို မြန်မာ့ခြင်းလုံးအဖွဲ့က ရွှေဆုများနှင့်ကြိုမည်

နေပြည်တော် နိုဝင်ဘာ ၂၉

မကြာမီ ကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲကို မြန်မာခြင်းလုံး ကစားသမားများအနေဖြင့် ရွှေတံဆိပ်ဆုများဆွတ်ခူးပြီး ကြိုဆိုသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူးက ပြောသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲကို ဖွင့်ပွဲမတိုင်မီ ဒီဇင်ဘာ ၄ ရက်မှ ၉ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ပေးမယ့်ဆုတံဆိပ်အားလုံး ရအောင်လုပ်နိုင်ပါတယ်။ ခြင်းလုံးက မြန်မာ့အားကစားဖြစ်တဲ့အတွက် အိမ်ရှင်အတွက် သေချာပေါက် ဆွတ်ခူးပေးရမယ့် ရွှေတံဆိပ်ဖြစ်ပါတယ်"ဟု ဦးရဲအောင်က ပြောကြားသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲအတွက် အမျိုးသား ၁၉ ဦးနဲ့ အမျိုးသမီး ၁၉ ဦးတို့ နေပြည်တော် ရွှေလေ့ကျင့်ရေးစခန်းမှာ လေ့ကျင့်နေကြပါတယ်။ ဒီအထဲကမှ အမျိုးသားပြိုင်ပွဲအတွက် ၁၆ ဦးနဲ့ အမျိုးသမီးပြိုင်ပွဲအတွက် ၁၆ ဦးရွေးချယ်ကစားသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အမျိုးသားပွဲစဉ် လေးမျိုးနဲ့ အမျိုးသမီးပွဲစဉ် လေးမျိုး စုစုပေါင်းရှစ်မျိုးမှာ ရွှေတံဆိပ်ဆု ရှစ်ဆုပေးသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် တစ်နိုင်ငံကို မိမိတို့ကြိုက်ရာ အမျိုးသားပြိုင်ပွဲအတွက် သုံးမျိုးနဲ့ အမျိုးသမီးပြိုင်ပွဲအတွက် သုံးမျိုးသာလျှင် ယှဉ်ပြိုင်ခွင့်ရှိမှာဖြစ်ပါတယ်။ အိမ်ရှင်မြန်မာနိုင်ငံအနေနဲ့ ပြိုင်ခွင့်ရတဲ့ ခြောက်ပွဲစလုံးမှာ ရွှေတံဆိပ်ဆုများ ဆွတ်ခူးသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဆီးဂိမ်းခြင်းလုံး ပြိုင်ပွဲများကို ဖွင့်ပွဲမတိုင်မီ ဒီဇင်ဘာ ၄ ရက်မှ ၉ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံကြီး၌ ကျင်းပသွားမည်ဖြစ်သည်။

ခြင်းလုံးကစားနည်းသည် မြန်မာတို့၏ ရိုးရာအားကစားနည်းဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာ ကတည်းက ကစားလာခဲ့ကြသည်။ တောရော မြို့ပါ ခြင်းလုံးကစားခြင်းကို ကစားလေ့ရှိကြသည်။ အလှူပွဲ၊ ဇာတ်ပွဲများတွင် မြန်မာ့ခြင်းလုံးခတ်ပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပလေ့ရှိသည်။ ဤအားကစားနည်းကို ယခုနှစ်ဆီးဂိမ်းမှစတင်၍ ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပခွင့်ရရှိသဖြင့် အိမ်ရှင်မြန်မာတို့အတွက် ဆုဆွတ်ခူးရန် အခွင့်လမ်းကောင်းများ ရရှိလိုက်ခြင်းဖြစ်သည်။ **မောင်ရွှေရိုး**

မြန်မာအမျိုးသမီးခြင်းလုံးအဖွဲ့ ဆီးဂိမ်းအကြို ယှဉ်ပြိုင်ကစားနေစဉ်။

နေပြည်တော်နှင့် ရန်ကုန်မြို့တွင် ကျင်းပမည့် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ပွဲစဉ်ဇယားများ သတ်မှတ်ပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၉

ဒီဇင်ဘာ ၇ ရက်တွင် စတင်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသားဘောလုံးပြိုင်ပွဲကြီး ပွဲစဉ်ဇယား၊ အချိန်နှင့် နေရာများကို သက်ဆိုင်ရာအားကစားဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း

တစ်မျိုးသားလုံး နှစ်ခြိုက်အားပေးကြသည့် အရှေ့တောင်အာရှ အမျိုးသားဘောလုံးပြိုင်ပွဲကြီးကို လာမည့် ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစား ဘောလုံးကွင်းရုံကြီး၌ စတင်ကျင်းပတော့မည်ဖြစ်သည်။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲကြီးတွင် နိုင်ငံပေါင်း (၁၀) နိုင်ငံမှ လာရောက်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စု (A) နှင့် အုပ်စု (B) ဟူ၍ အုပ်စုနှစ်စုခွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု (A) တွင် မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် ဘရူနိုင်းတို့ပါဝင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၈ရက်တွင် နေပြည်တော် ဇေယျာသီရိဘောလုံးကွင်းကြီး၌ ဗီယက်နမ်နှင့် ဘရူနိုင်းအသင်းတို့ ပွဲဦးထွက် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ အုပ်စု (B) တွင် အိမ်ရှင်မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ တီမော၊ ကမ္ဘောဒီးယားအသင်းတို့ပါဝင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးအားကစားကွင်း၌ ကနဦးအဖွင့်ပွဲစဉ်အနေဖြင့် ညနေ ၄ နာရီတွင် တီမောလက်စကာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ဒုတိယပွဲစဉ်အနေဖြင့် ညနေ၆နာရီ၄၅ မိနစ်တွင် မြန်မာအမျိုးသား ဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။အုပ်စုပတ်လည်ပွဲစဉ်များကို ရန်ကုန်မြို့နှင့် နေပြည်တော်နှစ်နေရာခွဲ ကျင်းပမည်ဖြစ်သော်လည်း ဆီမီးနှင့်ဖိုင်နယ်ပွဲစဉ်များကို နေပြည်တော်တွင်သာ ကျင်းပသွားမည်ဖြစ်သည်။ ရန်ကုန်မြို့ (သုဝဏ္ဏ) နှင့် နေပြည်တော် (ဇေယျာသီရိ) တို့တွင် ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ ဘောလုံးပြိုင်ပွဲကျင်းပမည့် အုပ်စုခွဲဝေ မဲနှိုက်ချထားမှုဇယားကို အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထုတ်ပြန်လိုက်ပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

27th SEA Games Men's Football Official Match Schedule

Group A (NPT)	
1	Malaysia
2	Vietnam
3	Singapore
4	Laos
5	Brunei DS

Group B (Yangon)	
1	Indonesia
2	Myanmar
3	Timor Leste
4	Thailand
5	Cambodia

	Date	Match No.	Match			Time	Venue
Group State	7-Dec-13	1	Myanmar	vs.	Cambodia	1845	YTC Stadium, Yangon
		2	Timor Leste	vs.	Thailand	1600	YTC Stadium, Yangon
	8-Dec-13	3	Vietnam	vs.	Brunei DS	1600	Zeyar Thiri Stadium, NPT
		4	Singapore	vs.	Laos	1845	Zeyar Thiri Stadium, NPT
	9-Dec-13	5	Cambodia	vs.	Indonesia	1600	YTC Stadium, Yangon
		6	Myanmar	vs.	Timor Leste	1845	YTC Stadium, Yangon
	10-Dec-13	7	Brunei DS	vs.	Malaysia	1600	Zeyar Thiri Stadium, NPT
		8	Vietnam	vs.	Singapore	1845	Zeyar Thiri Stadium, NPT
	11-Dec-13	OPENING CEREMONY					
	12-Dec-13	9	Indonesia	vs.	Thailand	1600	YTC Stadium, Yangon
		10	Cambodia	vs.	Timor Leste	1845	YTC Stadium, Yangon
	13-Dec-13	11	Malaysia	vs.	Laos	1600	Zeyar Thiri Stadium, NPT
		12	Brunei DS	vs.	Singapore	1845	Zeyar Thiri Stadium, NPT
	14-Dec-13	13	Timor Leste	vs.	Indonesia	1600	YTC Stadium, Yangon
		14	Thailand	vs.	Myanmar	1845	YTC Stadium, Yangon
	15-Dec-13	15	Singapore	vs.	Malaysia	1600	Zeyar Thiri Stadium, NPT
		16	Laos	vs.	Vietnam	1845	Zeyar Thiri Stadium, NPT
	16-Dec-13	17	Indonesia	vs.	Myanmar	1845	YTC Stadium, Yangon
		18	Thailand	vs.	Cambodia	1600	YTC Stadium, Yangon
	17-Dec-13	19	Malaysia	vs.	Vietnam	1600	Zeyar Thiri Stadium, NPT
		20	Laos	vs.	Brunei DS	1845	Zeyar Thiri Stadium, NPT
Semi Final	19-Dec-13	21	Winner A	vs.	Runners-up B	16:00	Zeyar Thiri Stadium, NPT
		22	Winner B	vs.	Runners-up A	19:30	Zeyar Thiri Stadium, NPT
	20-Dec-13	Rest Day					
Final	21-Dec-13	23	Loser Match 26	vs.	Loser Match 27	16:00	Zeyar Thiri Stadium, NPT
		24	Winner Match 26	vs.	Winner Match 27	19:30	Zeyar Thiri Stadium, NPT

တစ်သင်းလုံးစုစည်းညီညွတ်မှုအပြည့်နဲ့ ရေကုန်ရေခန်းယှဉ်ပြိုင်ကစားသွားမည်

မန္တလေး နိုဝင်ဘာ ၂၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရှိမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် နိုဝင်ဘာ ၂၉ ရက် ညနေ ၄ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအဆင့်မြင့် နိုင်ငံတကာအားကစားကွင်း၌ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) U-14 အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားနေခြင်းကို ကျောင်းအုပ်ကြီး ဦးစိုးညွန့် (ယခင်အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး မန္တလေးတိုင်းဒေသကြီး)နှင့်အတူ ရောက်ရှိခဲ့ရာမှ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦးထံ တွေ့ဆုံခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းမှာ အောက်တိုဘာ ၂၆ ရက်ကစတင်၍ တောင်ကြီးမြို့တွင် လေ့ကျင့်ပြီးနောက် နိုဝင်ဘာ ၁၁ ရက်ကစတင်က မန္တလေးမြို့တွင် လေ့ကျင့်လျက်ရှိကြောင်း၊ မြန်မာ့လက်ရွေးစင်အသင်းက အမျိုးသားလူငယ်အသင်း၊ အကယ်ဒမီလက်ရွေးစင်အသင်းများနှင့် ခြေစမ်းပွဲလေးပွဲကစားထားကြောင်း၊ ၂၀၁၁ ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ်နှင့် ၂၀၁၂ ခုနှစ် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်တို့တွင် ငွေတံဆိပ်ဆုရရှိထားပြီး ၂၀၁၄ အာရှအမျိုးသမီးခြေစစ်ပွဲကိုလည်း အောင်မြင်ထားသည်။ ဆီးဂိမ်းသမိုင်းတစ်လျှောက် တစ်ကြိမ်မှ ရရှိခြင်းမရှိသေးသည့် ရွှေတံဆိပ်ဆုအတွက် တစ်သင်းလုံးအားကြိုးမာန်တက် ပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း၊ အားကစားပြိုင်ကွင်းထဲကို ဘောလုံးပရိသတ်များလာရောက်အားပေးကြပါလို့ အနူးအညွတ်ဖိတ်ခေါ်ရင်း ရပ်သံကနေ အားပေးကြမယ့်တစ်ပြည်လုံးက ပရိသတ်တွေကိုရော ပျော်ရွှင်မှုပေးနိုင်အောင်လေ့ကျင့်နေကြပါတယ်။ ရွှေတံဆိပ်ဆုရရှိရန် တစ်သင်းလုံးစုစည်းညီညွတ်မှုအပြည့်နဲ့ ရေကုန်ရေခန်းယှဉ်ပြိုင်ကစားသွားမှာပါ။ အောင်နိုင်ရေးစင်မြင့်မှာ မိမိတို့နိုင်ငံတော်အလံအားအခြားပြိုင်ဘက်နိုင်ငံများမှအလေးပြုဦးညွှတ်ရအောင်အတွက် တစ်သင်းလုံးရွှေဆုရမယ့်မျှော်လင့်ချက်နဲ့ မန္တလေးတွင် စခန်းသွင်းလေ့ကျင့်နေကြခြင်းဖြစ်ပါတယ်ဟု မြန်မာအသင်းအဖွဲ့ခေါင်းဆောင်ဒေါ်မြတ်မြတ်ဦးကပြောသည်။ မြန်မာလက်ရွေးစင်အမျိုးသမီးအသင်းတွင် အုပ်ချုပ်မှုအဖွဲ့၌ အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦးနှင့်အတူ အသင်းမန်နေဂျာဦးသန်းတိုးအောင်၊ နည်းပြချုပ် ကုမာဒါ၊ လက်ထောက်နည်းပြ သက်သက်ဝင်း၊ ဂိုးနည်းပြ ကိုကိုအောင်၊ စကားပြန် ဦးဝင်းထွန်း၊ မီဒီယာအရာရှိ ဦးဇော်မင်းထိုက်၊အသင်းဆရာဝန် ဒေါက်တာဒေါ်ခင်စောဦး၊ အကြောကျွမ်းကျင်မချောစုလိုင်တို့ပါဝင်ပြီး ပဏာမလက်ရွေးစင်ကစားသမား ၂၃ ဦးနှင့်အတူ မန္တလေးမြို့၌ လေ့ကျင့်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဒီဇင်ဘာ ၁၀ ရက်အဖွင့်ပွဲစဉ်အဖြစ် ညနေ ၆နာရီ ၄၅မိနစ်တွင် ဖိလစ်ပိုင်အသင်း၊ ဒုတိယပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၃ ရက်တွင် အင်ဒိုနီးရှားအသင်း၊ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဒီဇင်ဘာ၁၅ရက်တွင်ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း၊ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ဝင်ခွင့်လက်မှတ်များကို မန္တလေးမြို့ ချမ်းမြသာစည်အားကစားကွင်း၊ ဗထူးကွင်း၊ မဟာအောင်မြေမြို့နယ်ကွင်းတို့မှာ တစ်ဦးလျှင် နှစ်စောင် နှုန်းရောင်းချပေးမည်ဖြစ်သည်။

သတင်းဓာတ်ပုံ- တင်မောင်(မန္တလေး)

တာဝေးစက်ဘီးပြိုင်ပွဲများ လိန်းလီကြိုးတံတားမှ တာလွှတ်မည်

နေပြည်တော် နိုဝင်ဘာ ၂၉

မကြာမီကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲတွင် တာဝေးစက်ဘီးပြိုင်ပွဲများဖြစ်သည့် Road Race စက်ဘီးပြိုင်ပွဲများကို လိန်းလီကြိုးတံတားမှ စတင်တာလွှတ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်မင်းသန်းက ပြောကြားသည်။

"ကျွန်တော်တို့ စက်ဘီးအားကစားနည်းလေးမျိုးထည့်သွင်းယှဉ်ပြိုင်ရာမှာ Road Race စက်ဘီးပြိုင်ပွဲများကို နေပြည်တော်-ပင်လောင်းလမ်းပေါ်ရှိ လိန်းလီကြိုးတံတားမှစတင်လွှတ်ပြီး ခရီးတာ အကွာအဝေးအလိုက် တပ်ကုန်း၊ နေပြည်တော်၊ ပျဉ်းမနားနဲ့ လယ်ဝေးနာရီစင်တွေမှာ ပန်းဝင်ကြမှာ ဖြစ်ပါတယ်"ဟု ဦးကျော်မင်းသန်းက ပြောကြားသည်။

အဆိုပါ တာဝေးစက်ဘီးပြိုင်ပွဲများ ကျင်းပရာ၌ ဒီဇင်ဘာ ၁၅ ရက် တွင် အမျိုးသား ကီလိုမီတာ ၅၀ နှင့် အမျိုးသမီး ကီလိုမီတာ ၃၀ တစ်ဦးချင်း စံချိန်တင်ပြိုင်ပွဲများ၊ ဒီဇင်ဘာ ၁၆ ရက်တွင် အမျိုးသား မီတာ ၁၀၀ အသင်းလိုက်ပြိုင်ပွဲများ၊ ဒီဇင်ဘာ ၁၇ ရက်တွင် အမျိုးသမီး ၁၂၈ ကီလိုမီတာ တာဝေးပြိုင်ပွဲနှင့် ဒီဇင်ဘာ ၁၈ ရက်တွင် အမျိုးသား ၁၆၃ ကီလိုမီတာ တာဝေးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ စက်ဘီးပြိုင်ပွဲများအတွက် အမျိုးသား၆၆ ဦးနှင့် အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၉၇ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းစက်ဘီးပြိုင်ပွဲများကို ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တီမော၊ ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာတို့ ပါဝင်ကစားကြမည် ဖြစ်သည်။

မြန်မာ စက်ဘီးအားကစားသမားများအဖြစ် ကျော်ထွန်းဦး၊ ချစ်ကိုကို၊ သက်ပိုင်ထွေး၊ မျိုးသီဟ၊ နိုင်ကိုတ်စိမ်း၊ မူမူအေး၊ နော်ထီးမူနှင့်ဇင်မာဦး တို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲများအတွက် တာဝန်ထမ်းဆောင်မည့် ဒိုင်မှာ ဂျပန်နိုင်ငံမှ MATSUKURA NOBUHIRO ဖြစ်ကြောင်းသိရသည်။